http://www.yeyintnge.com/

>>>>>>>စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။<<<<<<<<

# ဆဒ္ဒန်ဆင်မင်းဇာတ်ခင်း၍ မီဒီယာလွတ်လပ်ခွင့် မပေးနိုင်သေးကြောင်း ဝန်ကြီးပြော

ရောဝတီ Thursday, 08 September 2011 15:03

E-mail Print

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းသည် ယမန်နေ့က ပြည်သူ့လွှတ်တော်တွင် တင်သွင်းသည့် မီဒီယာလွတ်လပ်ခွင့် ရရှိရေး အဆိုကို ဖြေကြားရာတွင် ဘုရားအလောင်း ဆန္ဒန်ဆင်မင်း ဇာတ်ထုပ်ကို အချိန်ကြာမြင့်စွာ ပြောဆို၍ မီဒီယာလွတ်လပ်ခွင့် မပေးနိုင်ကြောင်း သွယ်ဝိုက် ငြင်းဆိုသွားသည်ဟု သိရသည်



ဩဂုတ် ၁၂ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တွေ့ရသည့် ဦးကျော်ဆန်း (ဓာတ်ပုံ - Yonhap News)

ဦးကျော်ဆန်းသည် လွှတ်တော်အတွင်း အဆိုပါ ဇာတ်တော်ကြီးကို နာရီဝက်ကျော် ကြာအောင် ပြောဆိုခဲ့သည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လိုရင်းကို ဖြေကြားရန် သတိပေးပြောဆိုခဲ့ရသည်ဟု လွှတ်တော် ကိုယ်စားလှယ် တဦးက ပြောသည်။

သဃ်ၤန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့်က သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးသည့် ဥပဒေတရပ် ပြဋ္ဌာန်းပေးရန် အဆိုကို လွှတ်တော်တွင် တင်သွင်းသည့်အတွက် ဝန်ကြီးဦးကျော်ဆန်းက ဆန္ဒန်ဆင်မင်းဇာတ်ကို စီကာပတ်ကုံး ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆန္ဒန်ဆင်မင်းက သူရဲ့ မိဖုရားစူဠသုဘဒ္ဒါပေါ်ကို အင်ကြင်းပန်းတွေ ကျစေချင်လို့ လုပ်ခဲ့ပေမယ့် ခါချဉ်ကောင်တွေ ကျပြီး  ခါချဉ်ကိုက်လို့ စူဠသုဘဒ္ဒါက ဆန္ဒန်ဆင်မင်းအပေါ်ကို ရန်ငြိုးဖွဲ့တယ်ဆိုတဲ့အကြောင်း၊ မီဒီယာ လွတ်လပ်ခွင့်ဆိုတဲ့ အင်ကြင်းပန်းကို ပေးချင်ပေမယ့် ခါချဉ်တွေကျလာရင် စေတနာက ဝေဒနာဖြစ်မယ် ဆိုတဲ့သဘော ပြောသွားတယ်" ဟု လွှတ်တော် တက်ရောက်နေသည့် ကိုယ်စားလှယ်က ပြောသည်။

ဝန်ကြီးဦးကျော်ဆန်းက မီဒီယာလွတ်လပ်ခွင့်ကို ပေးချင်သော်လည်း ဝေဒနာဖြစ်မည်စိုးသောကြောင့် မပေးနိုင်သေးကြောင်းကို နာရီဝက်ကျော်ကြာအောင်

သွယ်ဝိုက်ပြောဆိုသွားခြင်း ဖြစ်သည်ဟု သူက ဆိုသည်။

ထို့အပြင် ဝန်ကြီးဦးကျော်ဆန်းက စာပေလွတ်လပ်ခွင့်ကို အရှိန်အဟုန်ပြင်းစွာ စီးဆင်းနေသော ရေစီးကြောင်းနှင့် နှိုင်းယှဉ်တင်ပြလိုက်ပြီး အရှိန်နှင့် စီးဆင်းနေသော မြစ်ရေချောင်းရေသည် မြစ်ချောင်းများ အတွင်း စီးဆင်းသွားပါက အကျိုးများမည် ဖြစ်သော်လည်း မြစ်ဘောင်ချောင်းဘောင်အတွင်း ရှိမနေဘဲ စည်းကမ်းမဲ့စွာ ပျံ့နှံ့စီးဆင်းသွားမည်ဆိုပါက လူသားတို့အတွက် အပြစ်ဆိုးကျိုးက ပိုမိုများပြားစေမည်ဟု ပြောသည်။

သို့ရာတွင် ယမန်နေ့က ဦးကျော်ဆန်းပြောဆိုခဲ့သည့် ဆဒ္ဒန်ဆင်မင်း ဇာတ်ထုပ်ကိစ္စကို ယနေ့ထုတ် နိုင်ငံပိုင် သတင်းစာ များတွင် ဖော်ပြခြင်းမရှိပေ။

သတင်းစာထဲတွင်မူ မီဒီယာသမားများသည် လွတ်လပ်ခွင့်နှင့်အတူ လွတ်လွတ်လပ်လပ် ရေးသားနိုင်ခွင့် ရှိသကဲ့သို့ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးကို မထိပါးစေရန် တာဝန်ယူရမည်ဖြစ်ကြောင်း၊ ဦးသိန်းညွန့် တင်သွင်းသော အဆိုသည် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသော လုပ်ငန်းထဲတွင် အကျုံးဝင်ပြီးဖြစ်ကြောင်း ဦးကျော်ဆန်းက ဖြေဆိုသည်ဟု ရေးသားထားသည်။

အပစ်ရပ်မှု ဆက်ထိန်းထားရန် ကြံ့ဖွံ့ကိုယ်စားလှယ်များ ဆွေးနွေး
ရန်ပိုင် Thursday, 08 September 2011 17:34
E-mail Print
လက်ရှိ အခြေအနေအတိုင်း အပစ်အခတ် ရပ်စဲရေးကို ဆက်လက် ထိန်းသိမ်းထားရန် “ဝ” ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် တွေ့ဆုံခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) မှ အစိုးရ ထိပ်တန်းကိုယ်စားလှယ် ၂ ဦးက ဆွေးနွေးကြောင်း သိရသည်။

ကြံ့ဖွံ့ပါတီ ကိုယ်စားလှယ် ဦးအောင်သောင်းက UWSA အနေဖြင့် ယခင်ကကဲ့သို့ မြို့ကြီးများတွင် ဆက်ဆံရေးရုံးများ ပြန်လည်ဖွင့်လှစ်ရန်၊ နှစ်ဖက်တပ်ဖွဲ့များ လက်ရှိအခြေအနေအတိုင်း ဆက်ရှိနေရန်၊ UWSA တပ်ဖွဲ့များ အစိုးရနယ်မြေများသို့ လာရောက်လျှင် ကြိုတင်အကြောင်းကြားရန်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရာတွင် တူညီသည့် ဘုံအချက်များကိုသာ ဆွေးနွေးပြီး ပဋိပက္ခဖြစ်မည့် အငြင်းပွားဖွယ်အချက်များကို ရှောင်ရန် စသည့်အချက်များကို ဆွေးနွေးကြောင်း UWSA မှ အရာရှိတဦးက ပြောသည်။

စက်တင်ဘာလ ၆ ရက်နေ့က UWSA ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးတာဝန်ခံ ဦးပေါက်ယိုလျံ၊ ပြန်ကြားရေးအရာရှိ ဦးအောင်မြင့်၊ ပြည်ပဆက်သွယ်ရေး တာဝန်ခံ ဦးကျောက်ဂုရမ်တို့နှင့် အာဏာရ ကြံ့ဖွံ့ပါတီခေါင်းဆောင် စက်မှုဝန်ကြီးဟောင်း ဦးအောင်သောင်း၊ ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးသိန်းဇော်တို့ ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ တွေ့ဆုံကြခြင်း ဖြစ်သည်။

ယခုဆွေးနွေးမှုသည် သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် UWSA နှင့် ပထမဆုံးအကြိမ် ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်အတွင်းက နယ်ခြားစောင့်တပ် ပြောင်းလဲဖွဲ့စည်းရေးနှင့် ပတ်သက်၍ နှစ်ဖက်တင်းမာမှုများ ဖြစ်ပွားခဲ့စဉ် ပြန်လည်ခေါ်ယူခဲ့သည့် အစိုးရဝန်ထမ်းများကိုလည်း ယခုအခါ ပြန်လည်လက်ခံရန် ကမ်းလှမ်းချက်လည်း ဆွေးနွေးရာတွင် ပါဝင်သည်ဟု သိရသည်။

အစိုးရ၏ ကမ်းလှမ်းချက်ကို UWSA အနေဖြင့် ချက်ခြင်းတုံ့ပြန်ခြင်းမရှိဘဲ အဖွဲ့အတွင်း ပြန်လည်ဆွေးနွေးပြီးမှသာ အကြောင်းပြန်မည်ဟု သိရှိရသည်။

ပြီးခဲ့သည့် မေလအတွင်းက သမ္မတဦးသိန်းစိန်၏ တရုတ်ပြည်ခရီးစဉ်တွင် တရုတ်သမ္မတ ဟူကျင်းတောင်က မြန်မာအစိုးရ အနေဖြင့် တိုင်းရင်းသားပြဿနာကို ပြေလည်အောင်ဖြေရှင်းရန်၊ အထူးသဖြင့် UWSA နှင့် မိုင်းလားအခြေစိုက် အမျိုးသားဒီမိုကရေစီ မဟာမိတ် တပ်မတော် (NDAA) အဖွဲ့တို့အပေါ်တွင် သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းရန် ပြောဆိုခဲ့သည်။

ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့နှင့် UWSA အဖွဲ့တို့ တွေ့ဆုံမှု မတိုင်ခင် ဩဂုတ်လအတွင်းက UWSA အဖွဲ့နှင့် မိုင်းလားအဖွဲ့တို့ တရုတ်အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သေးကြောင်း သိရသည်။

အလားတူ ယမန်နေ့ကလည်း ကျိုင်းတုံမြို့၌ ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့နှင့် NDAA အထူးဒေသ (၄) အဖွဲ့တို့ ဆွေးနွေးခဲ့ကြောင်း၊ NDAA အဖွဲ့ခေါင်းဆောင် ဦးစိုင်းလင်း၏သား ဦးထိန်လင်းက ဦးဆောင်ဆွေးနွေးကြောင်း သိရှိရသည်။

သမ္မတ ဦးသိန်းစိန် အစိုးရက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ပြုလုပ်လိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်သာ ဆက်သွယ်ရန် ပြောဆိုခဲ့သည်။

ထိုသို့ အာဏာရ ကြံ့ဖွံ့ပါတီခေါင်းဆောင် နှစ်ဦးက ငြိမ်းချမ်းရေးဟုဆိုကာ ဆွေးနွေးနေသော်လည်း ယခုကျင်းပနေသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက ငြိမ်းချမ်းရေးယူထားသည့် လက်နက်ကိုင်အဖွဲ့များက နယ်မြေတိုးချဲ့ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ ဆက်ကြေး ကောက်ခံခြင်း၊ ဆန့်ကျင်စည်းရုံးလှုပ်ရှားမှုများ အရှိန်မြင့်ကာ မရိုးသားသော ကျူးလွန်ဖောက်ဖျက်မှုများ ပြုလုပ်ခြင်းတို့ကြောင့် ဆွေးနွေးပွဲ အကြိမ်ကြိမ်ပျက်ပြားခဲ့ရသည်ဟု

ပုတ်ခတ်ပြောဆိုခဲ့သည်။

ဧရာဝတီအကြောင်း စာရေးဆရာများ ဟောပြောမည်
လင်းသန့် Thursday, 08 September 2011 16:20
E-mail Print
ထင်ရှားသည့် စာရေးဆရာများက ဧရာဝတီမြစ်ကြီး စိုးရိမ်ဖွယ် အခြေအနေများနှင့် ရင်ဆိုင်နေရပုံကို ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ဘုန်းကြီးကျောင်းတကျောင်းတွင် စနေနေ့၌ ဟောပြောကြမည် ဖြစ်သည်။

MM-Irrawaddy-Dam

ဧရာဝတီတွင် တည်ဆောက်နေသည့် မြစ်ဆုံရေကာတာ စီမံကိန်း မြင်ကွင်းတခု (ဓာတ်ပုံ - Jinghpaw TarGyi)

ကိုတာ၊ ကိုမြင့်ဇော်၊ ဦးထွန်းလွင်(မိုး-ဇလ)၊ မောင်စိန်ဝင်း(ပုတီးကုန်း) စသည့် စာရေးဆရာများ ပါဝင်မည်ဟု သိရသည်။

"ဧရာဝတီ မြစ်ကြီးနဲ့ မြစ်ဆုံဆည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာမယ့် သဘာဝ ပတ်ဝန်းကျင် ဆိုးကျိုးတွေ အကြောင်း အဓိကထား ဟောပြောကြမှာပါ" ဟု မောင်စိန်ဝင်း (ပုတီးကုန်း)က ဧရာဝတီကို ပြောသည်။

မြစ်ဆုံဆည် စီမံကိန်း ရပ်တန့်ရေး လှုံ့ဆော်သည့် အဖွဲ့များ၊ ၈၈ မျိုးဆက်ကျောင်းသားများ၊ နိုင်ငံရေးပါတီဝင်များ၊ စိတ်ဝင်စားသူများ ဟောပြောပွဲ တက်ရောက်ကြမည်ဟု ဆိုသည်။

"ကျနော်တို့အဖွဲ့အနေနဲ့လည်း ဧရာဝတီအရေး လုပ်ဆောင်နေသူ ကျန်အဖွဲ့များနည်းတူ တမျိုးသားလုံးအရေးမို့ သွားရောက်ပါမယ်" ဟု ဧရာဝတီကို ထာဝရရှင်သန်စေလိုသူများ အဖွဲ့မှ ဦးဆောင်သူတဦး ဖြစ်သည့် ကိုမြတ်သူက ပြောသည်။

နယ်မြို့ကြီးများဖြစ်ကြသည့် ဟင်္သာတ၊ တောင်ငူ၊ မိတ္ထီလာ၊ မန္တလေး စသည့် ဒေသများတွင်လည်း မြစ်ဆုံဆည် စီမံကိန်း ရပ်တန့်ရေးကို လက်မှတ်ထိုးတောင်းဆိုသည့် လှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြသည်ဟု ကိုမြတ်သူက ပြောသည်။

ရန်ကုန်အခြေစိုက် ဧရာဝတီ ကို ထာဝရရှင်သန်လိုသူများ အဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်သူ များပြားလာပြီး ကောက်ခံရရှိသည့် လက်မှတ်တို့ကို သမ္မတ ဦးသိန်းစိန်ထံ ပို့ဆောင်ရေး ဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာနေကြောင်း ကိုမြတ်သူက ဆက်ပြောသည်။

"နယ်တွေမှာလည်း သူ့အဖွဲ့နဲ့သူ လုပ်နေတာတွေက လက်မှတ်တွေကို ကျနော်တို့ဆီ ပို့ပေးနေတာတွေ ရှိပါတယ်။ ဒါတွေကို ကျနော်တို့ လာမယ့်သတင်းပတ်မှာ (သမ္မတဆီကို) နောက်တသုတ် ထပ်တင်ဖို့တော့ ရှိပါတယ်" ဟု ကိုမြတ်သူက ပြောသည်။

စင်္ကာပူနိုင်ငံရှိ မြန်မာနိုင်ငံသားများကလည်း မြစ်ဆုံဆည်စီမံကိန်း ရပ်တန့်ရေး လက်မှတ်ထိုး တောင်းဆိုမှုများတွင် တက်ကြွစွာ လုပ်ဆောင်နေကြသည်။

"တချို့က ကျမတို့ကို လက်မှတ်ထိုးမှုမှာ ပါဝင်လို့ အခုမှ ဧရာဝတီကို ချစ်တတ်လာတယ် ပြောတယ်။ ကျမ နားလည်တာတော့ ကျမတို့ အခု အသိရှိလို့ အသိတရားနဲ့ လက်မှတ်ထိုးမှုမှာ ပါဝင်လာတာ ဖြစ်တယ်။ အခုလို မြန်မာနိုင်ငံထဲမှာ ထင်ရှားတဲ့ စာရေးဆရာတွေ ဟောပြောတော့ လူထုကို တကယ် ထိထိရောက်ရောက် ပညာပေးတဲ့ အပိုင်း ဖြစ်လို့ အရမ်း အားရမိတယ်" ဟု စင်္ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားတဦးက ပြောသည်။

ဧရာဝတီအရေး ယခင်ကထက် ပိုမို ဆောင်ရွက်လာကြခြင်းသည် ထင်ရှားသည့်စာရေးဆရာများ၏ ဟောပြောမှု၊ တဦးချင်း တာဝန်သိစိတ်ရှိမှု၊ ပညာရှင်များ၏ အသိပညာ မျှဝေပေးမှုတို့ကြောင့် ဖြစ်ကြောင်း ဧရာဝတီ အရေးလှုံ့ဆော်နေသူတို့က ဆိုသည်။

ကဗျာဆရာ၊ စာရေးဆရာ မောင်စိန်ဝင်း (ပုတီးကုန်း)က "တိုင်းရင်းသားအားလုံးက အမျိုးသားရေး တာဝန်တခုအနေနဲ့ ကျနော်တို့လို အများကို ဆင့်ပွား ပြောနိုင်တဲ့သူကလည်း ပြောပေ့။ နီးစပ်ရာတွေကတဆင့် သူငယ်ချင်းကိုပြော၊ လက်ဘက်ရည်ဆိုင်မှာပြော။ အဲဒီလို လက်ဆင့်ကမ်းပြီး အားလုံးက ဒီကိစ္စ တာဝန်ယူပြီး ပြောသင့်တယ်" ဟု ရှင်းပြသည်။

ဧရာဝတီကို ကယ်တင်ကြ ဟူသော ခေါင်းစဉ်ဖြင့် ပြုလုပ်မည့် ဟောပြောပွဲကို ညနေ ၃ နာရီတွင် စတင်မည် ဖြစ်ပြီး စာရေးဆရာ ဒေါ်သန်းမြင့်အောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည်ဟု သိရသည်။

ဒေါ်လာ ၃.၆ ဘီလျံ အကုန်ကျခံ တည်ဆောက်နေသည့် မြစ်ဆုံဆည် စီမံကိန်း ဒေသသည် စင်္ကာပူနိုင်ငံခန့် အရွယ်အစား ရှိပြီး ၂၀၀၉ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့သည်။

စီမံကိန်းနှင့်ပတ်သက်၍ ၂၀၀၉ ခုနှစ်တွင် တရုတ်-မြန်မာ ကျွမ်းကျင်ပညာရှင်ပေါင်း ၁၀၀ ကျော် ပါဝင်သည့် စူးစမ်း လေ့လာရေးအဖွဲ့က ၆ လကြာ သုတေသန လုပ်ပြီး အစီရင်ခံစာ တစောင် ပြုစုခဲ့သည်။ မကြာသေးမီက ထိုအစီရင်ခံစာ ပြင်ပသို့ ပေါက်ကြားခဲ့ပြီးနောက်ပိုင်း စီမံကိန်း ရပ်တန့်ရန် တောင်းဆိုမှုများ ကျယ်ပြန့်လာသည်။

ကချင်ပြည်နယ် ငလျင်ကြောပေါ်တွင် တည်ရှိသည့် မြစ်ဆုံဆည်ကြီးသည် ရေထုကြီးမားပြီး သဘာဝ ဖောက်ပြန်မှု တခုခု ဖြစ်ပေါ်ပါက မြစ်ကြီးနားမြို့နှင့် ဝန်းကျင်ဒေသများ ရေလွှမ်းခံရနိုင်သည်ဟု ထိုအစီရင်ခံစာတွင် ထောက်ပြထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဓိက အသက်သွေးကြော ဧရာဝတီမြစ် ရေကြောင်းပြောင်းလဲကာ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းလာမှုကို မှတ်တမ်းတင် ရိုက်ကူးထားသည့် Floating Market & Ayeyarwaddy Travellers ဇာတ်လမ်းတွဲကို ပြည်တွင်းပြည်ပ ရုပ်သံလိုင်းများတွင် ပြသရန် စီစဉ်နေကြောင်း ယခုတပတ်ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားသည်။

## တပတ်ရစ်ကားသွင်းခွင့် နယ်စပ်တွင်ပိတ်

ဧရာဝတီ Thursday, 08 September 2011 14:15

E-mail Print

ဧရာဝတီတွင် ဖော်ပြခဲ့သည့် သတင်းတပုဒ်ကြောင့် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ ကရင်ပြည်နယ် မြဝတီမြို့သို့ တပတ်ရစ်ကားများ နယ်စပ်ဖြတ် တင်သွင်းနေမှုကို မြန်မာအာဏာပိုင် တို့က ယခုလဆန်းပိုင်းမှစ၍ ပိတ်ပင်လိုက်ကြောင်း သိရသည်။

"ကားတွေ မြန်မာဘက် တရားမဝင် ကုန်သွယ်တဲ့ကိစ္စမှာ မြန်မာအာဏာပိုင်တွေ၊ လူကြီးတွေ ပါဝင် ပတ်သက်တယ် ဆိုပြီး ဓာတ်ပုံတွေနဲ့ သတင်း တင်လိုက်တာကို မြန်မာဘက်က မကျေနပ်လို့ ပိတ်လိုက်တာ" ဟု မဲဆောက်မြို့ သောင်ရင်းမြစ်ဘေးတွင် ကားအရောင်းဌာန ဖွင့်ထားသည့် ထိုင်းလုပ်ငန်းရှင်တဦးက ပြောသည်။

မြန်မာအာဏာပိုင်တို့က မဲဆောက်ရှိ ဌာနဆိုင်ရာတချို့နှင့် တပတ်ရစ်ကား ကုမ္ပဏီများကို ထိုသတင်းမိတ္တူ ပေးပို့ပြီး မကျေနပ်ကြောင်း အသိပေးခဲ့သည်ဟု ဆိုသည်။

"အတော်လေးကို စိတ်ဆိုးနေတယ်။ မြန်မာဘက်က ကန့်ကွက်တာက ဧရာဝတီသတင်းကို ပရင့် ထုတ်ပြီးတော့ကို ပေးတာ။ ဒီတချီ မြန်မာဘက်က ပိတ်တာ ကြာနိုင်တယ်။ ကုန်သည် အတော်များများက ကားဝယ်ထားပြီး မြန်မာဘက် သယ်လို့ မရဘူး" ဟု ကားတင်သွင်းသည့် လုပ်ငန်းရှင်တဦးက ပြောသည်။

ကား စီးဆင်းမှု ရပ်သွားသည့်အတွက် သောင်ရင်းမြစ်ဘေး ကားအရောင်းဌာနများတွင် ဂျပန် တပတ်ရစ်ကား စီးရေ တထောင်ကျော် သောင်တင်နေသည်ဟု သူက ပြောသည်။

သောင်ရင်းမြစ်ဘေး ထိုင်းဘက်ခြမ်းရှိ လှေဆိပ်များတွင် တပတ်ရစ်ကားမျိုးစုံကို တရားဝင် ရောင်းချနေသည့် ထိုင်းကုမ္ပဏီ ၄၀ ကျော် ရှိသည်ဟု ကားအရောင်းဌာန ဝန်ထမ်းတဦးက ပြောသည်။

"ထိုင်းဘက်က တရားဝင် ရောင်းတာပါ။ မြန်မာဘက်ကို ရောက်မှပဲ တရားမဝင် ဖြစ်တာပါ။ ထိုင်းဘက်မှာ ကားစီးရေ ထောင်ချီ ရှိတဲ့အတွက် ကားမထွက်ရင် ကျနော်တို့ဘက်ကလည်း နစ်နာဆုံးမှုတွေ ရှိပါတယ်။ လုပ်ငန်း လုပ်ပိုင်ခွင့် တရားဝင် အခွန်အကောက်တွေ ပေးရသလို ဒီလက စပြီး နောက်တိုးအခွန်အဖြစ် ကားတစီးကို တရက် ဘတ် တထောင်နှုန်းနဲ့ အကောက်ခွန်ဌာနကို ပေးရမှာ" ဟု ၎င်းက ရှင်းပြသည်။

"ကြာကြာပိတ်လေ နစ်ဘက် ကုန်သည်တွေ နစ်နာလေပဲ" ဟု ၎င်းက ဆိုသည်။

ယခင်က မြဝတီသို့ ကားတင်ပို့မှုမှာ တရက်လျှင် အစီး ၂၀၀ ဝန်းကျင် ရှိသည်ဟု မဲဆောက်မြို့ အကောက်ခွန်ဌာန အရာရှိတဦးက ဧရာဝတီကို ပြောသည်။

မြဝတီသို့ ရောက်လာသည့် တပတ်ရစ်ကားများကို မြန်မာနိုင်ငံတွင် အသုံးပြုသကဲ့သို့ တခြားသော အိမ်နီးချင်း နိုင်ငံတချို့ကို တင်ပို့ရောင်းချကြသည်ဟု မြန်မာပြည်သား ကားကုန်သည်များက ပြောသည်။

ဆက်စပ်သတင်း
တရားမဝင်ကားလုပ်ငန်း ထိပ်တန်းအာဏာပိုင်များ ပတ်သက်နေ

## ကြံ့ဖွံ့ခေါင်းဆောင်များ ဝတပ်ဖွဲ့နှင့် တွေ့

ဝေမိုး Thursday, 08 September 2011 12:25

E-mail Print
အာဏာရ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင် ၂ ဦးသည် ရှမ်းပြည်နယ် ကျိုင်းတုံမြို့သို့ သွားရောက်ပြီး ဝ ပြည် သွေးစည်းညီညွတ်ရေး တပ်မတော် (UWSA) နှင့် အင်္ဂါနေ့တွင် တွေ့ဆုံခဲ့သည်ဟု သိရသည်။

ဤတွေ့ဆုံမှုသည် တိုင်းရင်းသားသူပုန်အဖွဲ့များတွင် အင်အားအကြီးဆုံးဖြစ်သော UWSA နှင့် အစိုးရတို့ အကြား သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက်ပိုင်း ပထမဆုံးအကြိမ် တွေ့ဆုံခြင်း ဖြစ်သည်။

သမ္မတ၏ အထူးကိုယ်စားလှယ်များအဖြစ် ကျိုင်းတုံသို့ ရောက်သွားသူများမှာ ကြံ့ဖွံ့ပါတီခေါင်းဆောင် ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့ ဖြစ်ကြောင်း UWSA နှင့် နီးစပ်သော သတင်းရပ်ကွက်က ဆိုသည်။

UWSA ကိုယ်စားလှယ်အဖွဲ့တွင် ဘဏ္ဍာရေးနှင့် စီးပွားရေး တာဝန်ခံ ဦးပေါက်ယိုလျံ၊ ပြည်ပဆက်သွယ်ရေးတာဝန်ခံ ဦးကျော်ဂုရမ်၊ ပြန်ကြားရေးအရာရှိ လီဆူးလျဲ့တို့ ပါဝင်သည်။ ဦးပေါက်ယိုလျံသည် ဝ တပ်ဖွဲ့ ခေါင်းဆောင် ဦးပေါက်ယူချန်း၏ ညီ ဖြစ်သည်။

ကျိုင်တုံမြို့ ဆွေးနွေးမှုနှင့် ပတ်သက်ပြီး နှစ်ဘက်စလုံးက ထုတ်ပြန်ခြင်း မရှိသေးပေ။

သို့သော်လည်း UWSA နှင့် နီးစပ်သူတို့၏ အဆိုအရ ဆွေးနွေးမှုများသည် မကြာသေးမီ ရက်များအတွင်း အစိုးရက ဝ တပ်ဖွဲ့၊ မိုင်းလားအဖွဲ့ခေါ် အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (NDAA) တို့ထံ ပေးပို့ခဲ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကမ်းလှမ်းစာနှင့် ပတ်သက်ဖွယ်ရှိသည်ဟု ဆိုသည်။

ထိုကမ်းလှမ်းစာတွင် အစိုးရနှင့် တိုင်းရင်းသားသူပုန်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးဖော်ဆောင်ရန် ဖော်ပြထားသည်ဟု ကြားသိရကြောင်း ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့အခြေစိုက် သျှမ်းသံတော်ဆင့် သတင်းဌာန အယ်ဒီတာ ဦးခွန်ဆိုင်းက ပြောသည်။

ထိုကမ်းလှမ်းစာတွင် "စိတ်ပျက်စရာ" အချက်များ ပါဝင်နေသဖြင့် နှစ်ဘက် ကွာဟချက် ပိုမို ကြီးမားစေမည်ဟု UWSA က ယူဆကြောင်း ဝ တပ်ဖွဲ့ ခေါင်းဆောင်တို့နှင့် နီးစပ်သူတဦးကို ကိုးကားပြီး သျှမ်းသံတော်ဆင့် သတင်းတပုဒ်တွင် ဖော်ပြထားသည်။

ရှမ်းပြည်နယ် အခြေစိုက် UWSA နှင့် NDAA အပါအဝင် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသား သူပုန်အဖွဲ့အများစုသည် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် အသွင်ပြောင်းရေး အစီအစဉ်ကို လက်မခံသဖြင့် အစိုးရနှင့် ဆက်ဆံရေးတင်းမာလျက်ရှိသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက နယ်ခြားစောင့်တပ် အစီအစဉ်သည် နိုင်ငံရေးဆွေးနွေးမှု အာမခံချက် မရှိဘဲ လက်နက်ချရမည့်အစီအစဉ်အဖြစ် ယူဆထားကြသည်။

ရွှေဝါရောင်တော်လှန်ရေး အထိမ်းအမှတ်အလှူ ဖိတ်စာများပို့
ရောဝတီ Thursday, 08 September 2011 11:35 သတင်းတိုများ
E-mail Print
၂၀၀၇ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေး ၄ နှစ်ပြည့်တွင် ကွယ်လွန်သူများအား ရည်စူး၍ ဝါဆိုသင်္ကန်းကပ်ခြင်းနှင့် မူလတန်းကလေးများအား စာရေးကိရိယာ လှူဒါန်းခြင်းတို့ကို စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်ရှိ ပစ္စိမာရုံ (မြိတ်) ကျောင်းတိုက်တွင် ကျင်းပရန် စီစဉ်ထားသည်။ ယင်းအခမ်းအနားသို့ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်နိုင်ရန် ဖိတ်စာများကို လက်ဆင့်ကမ်း ဝေငှထားကြောင်း သိရသည်။ ထို့အပြင် ထိုင်းနိုင်ငံ အုန်းဖျန် ဒုက္ခသည်စခန်းရှိ ကမ္ဘာလုံးချမ်းသာ ဘုန်တော်ကြီးကျောင်းတွင်လည်း စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရွှေဝါရောင် တော်လှန်ရေး အခမ်းအနား ကျင်းပမည်ဖြစ်သည်။

စာပေစိစစ်ရေး လိုအပ်ဆဲဟု ဦးကျော်ဆန်း ပြော
ရောဝတီ Thursday, 08 September 2011 11:34 သတင်းတိုများ
E-mail Print
စာပေစိစစ်ရေး၏ အခန်းကဏ္ဍသည် လိုအပ်နေဆဲဖြစ်ပြီး စာပေစိစစ်ရေးက ဥပဒေနှင့် ထိန်းသိမ်းပေးနေခြင်းသည် စာပေလောက အကျိုးအတွက်ဖြစ်သည်ဟု ပြန်ကြားဝန်ကြီး ဦးကျော်ဆန်းက ယမန်နေ့က လွှတ်တော်တွင် ပြောသွားသည်။ သဃ်န်းကျွန်းလွှတ်တော်အမတ် ဦးသိန်းညွန့်၏ သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေတရပ် ပြဋ္ဌာန်းဒရန်လိုအပ်ကြောင်း တင်ပြရာ ဦးကျော်ဆန်းက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

လွှတ်တော်တွင် ဆန္ဒမဲ ပြောင်ပေးစနစ် ကျင့်သုံးတော့မည်
ရောဝတီ Thursday, 08 September 2011 11:33 သတင်းတိုများ

E-mail Print

လွှတ်တော်အစည်းအဝေးများတွင် ဆန္ဒမဲပေးရာ၌ စက်ခလုတ်ဖြင့် လျှို့ဝှက်မဲပေးခြင်း မလုပ်တော့ပဲ ပြောင်မဲပေးရမည်ဟု သိရသည်။ စက်ခလုတ်ဖြင့် မဲပေးစနစ်သည် ချွတ်ယွင်းမှု အနည်းငယ်ရှိနေ၍ ကိုယ်စားလှယ်တချို့က ယုံကြည်မှုမရှိဟု အောက်လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်းက လွှတ်တော် ၁၁ ရက်နေ့မြောက် အပိတ်မိန့်ခွန်းတွင် ပြောကြောင်း Eleven Media Group ၏ သတင်းဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။ ပြောင်ဆန္ဒမဲ ပေးရာတွင် ကြောက်စရာမလိုဟုလည်း ဦးရွှေမန်းက ပြောသည်ဟု ဆိုသည်။

ဦးရုက္ခစိုးနှင့် နိုင်ငံခြားပြန် စိန်ဆော်ကြမ်းမဟာသဘင်ကြီး

ရန်ကုန်သားတာတေ Wednesday, 07 September 2011 18:41 ထွေရာလေးပါး

E-mail Print

မျက်ရည်သုတ်လိုက်၊ နပ်ညှစ်လိုက်နှင့် တဦးတည်း အလုပ်ရှုပ်ရင်း လွှတ်တော်ကြီးထဲမှ ထွက်လာသော ပြည်ထောင်စု ဝန်ကြီး ဦးဆော်ကြမ်းရှေ့တွင် ဦးရုက္ခစိုး ရုတ်တရက် ကိုယ်ထင်ပြလိုက်သည်။

cmnatဆော်ကြမ်း။ ။ အောင်မလေးဗျ ...။ လန့်လိုက်တာ ဦးရုက္ခစိုးရယ်။ လန့်လိုက်တာ ရယ်တဲ့မှလန့်လိုက်တာ။

ရုက္ခစိုး။ ။ လန့်တာ ရိုးရိုးလန့်လို့မရဘူးလား။ ဘာလို့ ဇာတ်သံပါနေရတာလဲ။

ဆော်ကြမ်း။ ။ ရိုးရိုး လန့်လို့တော့ ရတာပေါ့ ဦးရုက္ခစိုးရယ်။ ဒါပေမယ့် သားသားလေးက အခု ဇာတ်ထောင်ဖို့ လေ့ကျင့် နေတာ ဆိုတော့ အရာရာကို ဇာတ်မူ ဇာတ်ဟန် ဇာတ်သံလေးနဲ့ လန့်ပါတယ်။

ရုက္ခစိုး။ ။ ဘယ်ကသားသားလေးလဲ။ ဦးဆော်ကြမ်းသားကို ဇာတ်ထောင်ပေးမလို့လား။

ဆော်ကြမ်း။ ။ သြော် ... လွဲပြန်ပကောဗျာ ... ဗျာ့။ ကျုပ်ကိုယ်ကျုပ် တင်စားပြီး ပြောလိုက်တာပါ။ ဒါနဲ့ ဦးရုက္ခစိုးကော ပါဦးမလား။

ရုက္ခစိုး။ ။ ဟင့်အင်း ... ကျုပ်က အငွေ့ပဲစားတာဆိုတော့ အိမ်သာမလိုပါဘူးဗျာ။

ဆော်ကြမ်း။ ။ အဲဒါကို ပြောနေတာ မဟုတ်ဘူး ဦးရုက္ခစိုးရဲ့။ အောင်မလေးနော် ... ဝေးပြန်ပြီ။ ကျုပ်ထောင်တဲ့ ဇာတ်ထဲ ပါမလားလို့ မေးနေတာ။ ဦးရုက္ခစိုးသာ ပါရင် အဝတ်အစားဖိုး သက်သာတာပေါ့ဗျာ။

ဦးဆော်ကြမ်းက ဇာတ်ဟန် အပြည့်နှင့် ပြောရင်း နပ်ညှစ်ကာ လွှတ်တော်ရှေ့က တိုင်လုံးကြီးတွင် သုတ်လိုက်သည်။

ရုက္ခစိုး။ ။ မပါသေးပါဘူး ဝန်ကြီးရယ်၊ ဟုတ်ပါဘူး ... ဇာတ်ဆရာရယ်။ ကျုပ်ဘာသာ ရုက္ခစိုးဘဝနဲ့ အေးအေး နေပါရစေ။ ဒါနဲ့ ခုနတုန်းက ဘာလို့ တရှုံ့ရှုံ့နဲ့ ငိုနေရတာလဲ။

ဆော်ကြမ်း။ ။ တပ်မတော်ရဲ့ သဘောထားအမှန် ... အဲ ကျုပ်တို့ တမတ်သားအစိုးရရဲ့ သဘောထားအမှန်ကို လူတွေက နားမလည်ကြပါလားလို့ စဉ်းစားရင်း စဉ်းစားရင်း ဝမ်းနည်းလွန်းလို့ပါ ... အမယ်မင်း ဝမ်းနည်းလိုက်တာနော် ... အဟင့် ဟင့်။

ရုက္ခစိုး။ ။ မငို ... မငိုလိုက်ပါနဲ့ဦးဗျာ ... ခဏလေး ခဏလေး မေးပါရစေဦး။ ဘယ်လိုမျိုး သဘောထားမှန်တွေကို လူတွေက ဘယ်လိုမျိုး နားမလည်တာတုန်း။

ဆော်ကြမ်း။ ။ လွှတ်တော်မှာလေ ... လုပ်ပုံကို ကြည့်ပါဦး။ တခါလာလည်း ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဘယ်လို လုပ်မလဲ၊ ဘယ်လို ဆွေးနွေးမှာလဲ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောင်းဆိုပါတယ် ဆိုတာချည်းပဲ။ တကယ်ဆို ကျုပ်တို့ တိုင်းပြည်လောက် ပြည်တွင်းငြိမ်းချမ်းတာ ဘယ်နိုင်ငံရှိလဲ။

ရုက္ခစိုး။ ။ လှုပ်မရအောင် ချုပ်ထားမှတော့ ငြိမ်းချမ်းသလို ဖြစ်နေတာပေါ့ဗျာ။

ဆော်ကြမ်း။ ။ ဒါပဲလေ ... ပြည်တွင်းငြိမ်းချမ်းမှု မရမှာစိုးလို့ လှုပ်နိုင်တဲ့သူတွေကို ချုပ်ထားပြန်တော့လည်း လွတ်ငြိမ်း ချမ်းသာခွင့်တဲ့၊ ဥပဒေတွေ ပြင်ပေးပါတဲ့၊ အရေးပေါ် ဥပဒေ ၅ (ည) ကိုတောင် ဖြုတ်ခိုင်းလိုက် သေးတယ်။ တော်တော် မတရားတဲ့လူတွေ။

ရုက္ခစိုး။ ။ လွှတ်တော်ထဲမှာ အရေးကြီးတဲ့အချက်တွေ အဆိုတင်သွင်းသမျှ အကုန် ပယ်ချတဲ့ ဝန်ကြီးတို့ တမတ်သားတွေ ကျတော့ တော်တော် တရားတာပေါ့နော်။

ဆော်ကြမ်း။ ။ ဒီမှာ ဦးရုက္ခစိုး။ ကျုပ်က အရုပ်ပုပေမယ့် စိတ်ကို တတ်နိုင်သလောက် ဆွဲဆန့်ထားတယ်နော်။ အခုဟာက ဆွဲဆန့်ထားတဲ့ ကျုပ်စိတ်ကို ရှည်နေရာက တို၊ တိုနေရာက ခံစားချက်တွေပြင်းထန် ပေါက်ကွဲပြီး ငိုရအောင် လုပ်နေလို့ဗျ။

ရုက္ခစိုး။ ။ ဘယ်လိုတွေ လုပ်နေတာလဲ ရှင်းစမ်းပါဦး။

ဆော်ကြမ်း။ ။ ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေး အမြဲတမ်း ကော်မရှင်မှာ ထည့်ချင်တယ်တဲ့။ စဉ်းစားကြည့်စမ်း ပါဦး ဦးရုက္ခစိုးရယ်။

ရုက္ခစိုး။ ။ ဒါ ငိုစရာလား ဝန်ကြီးရာ။ မထည့်ချင်လည်း မထည့်ဘူး ပြောလိုက်ရုံပဲ မဟုတ်လား။

ဆော်ကြမ်း။ ။ ဒါတော့ ဒါပေ့ါဗျ။ ဒါပေမယ့် သူတို့ကိုက ဒါကို တင်စရာလား၊ တင်သင့်လား စဉ်းစားပါဦး။ ဒေါ်အောင်ဆန်း စုကြည်ဆိုတာ ကမ္ဘာ့ ငြိမ်းချမ်းရေးဆု ရပြီးသားလေ၊ သူ့ကို ဒီထဲ ထပ်ထည့်ရင် ကျုပ်တို့လိုလူတွေ ကမ္ဘာ့ ငြိမ်းချမ်းရေးဆု ဘယ်ရတော့ မှာလဲ မဟုတ်ဘူးလား။ ကျုပ်တို့ခမျာမှာ ဆုလေး ဘာလေး ရလိုရငြား မျှော်လင့်ချင်သေးတာပေ့ါ။

ရုက္ခစိုး။ ။ ဩော် နိုဘဲလ်ဆု လိုချင်လို့ ငိုတာပေ့ါ ဟုတ်လား။

ဆော်ကြမ်း။ ။ ဟာ နိုဘဲလ်ဆု လိုချင်လို့ ငိုစရာလား ဦးရုက္ခစိုးရယ်။ ကမ္ဘာ့ ငြိမ်းချမ်းရေးဆု မရလည်း ကိုယ့်ဘာသာ မြန်မာ့ ငြိမ်းချမ်းရေးဆု၊ အမျိုးသားငြိမ်းချမ်းရေးဆု ဆိုပြီး နာမည်တပ် ပေးလို့ရတာပဲဟာ။

ရုက္ခစိုး။ ။ ဒါဆိုလည်း မြန်မြန်ပြောဗျာ။ အခုထိ ငိုရတဲ့ အကြောင်းရင်း မသိရသေးဘူး။

ဆော်ကြမ်း။ ။ ပြောပ့ါမယ်ဗျာ။ ဘယ်လောက် သနားစရာကောင်းတဲ့ ကျုပ်တို့ တမတ်သား အစိုးရလည်း ဆိုတာ ...။တကယ်ဆို ပြည်တွင်းငြိမ်းချမ်းရေးလိုချင်ရင် အစိုးရကိုချည်း ပြောနေလို့ ဖြစ်မလား။ ကျုပ်တို့ဘက်က ပစ်နေ၊ ခတ်နေ၊ ထုနေ ရတယ်ဆိုတာက တို့တာဝန် အရေး ၃၇ မင်းကို ... အဲနတ်နဲ့ မှားသွားတယ်၊ ၃၇ ပါးကို မထိပါးစေချင်လို့ပါဗျာ။ ကျုပ်တို့ ဘယ်လောက် ပစ်ပစ် သည်းခံပြီး သူတို့ဘက်က လက်နက်ချလိုက်ရင် ပြီးရောဉစ္စာ။

“ဘယ်လောက် ပစ်ပစ်” ဆိုသည့်နေရာတွင် ဦးဆော်ကြမ်းက နပ်ညှစ်ထားသည့် တစ်ရှူးစက္ကူစုတ်ကို ပစ်ပေါက် ပြလိုက်သေးသည်။

ရုက္ခစိုး။ ။ အစိုးရဘက်က ဘယ်လောက်ပစ်ပစ် သည်းခံရမယ် ဟုတ်လား။

ဆော်ကြမ်း။ ။ ဟုတ်တယ်လေ။ အခုတော့ ကိုယ်စားလှယ်တော်တွေ လုပ်တာ မဟုတ်ပုံ ပြောဦးမယ်။ လွှတ်တော်မှာ ဒီအကြောင်းချည်းပဲ လာလာပြောနေတယ်။ အဲဒီတော့ ကျုပ်တို့ကလည်း ပြောပြီးသားတွေ ပြန်ပြောရတယ်။ ပြောပြီးသား ပြန်ပြောဖို့ ဆိုတာ လွယ်တယ်မထင်နဲ့ဗျ ... အရင်က ပြောထားဖူးတဲ့ အဲ ဖတ်ပြထားတဲ့ စာရွက်တွေပြန်ရှာပြီး ပြန်ရွတ်ရတာ ဘယ်လောက် အလုပ်ရှုပ်တယ်မှတ်လဲ။

ရုက္ခစိုး။ ။ ဒါဆိုလည်း နောက်တခါ ထပ်ပြောရင် ဖတ်ပြမနေဘဲ အရင်က ဖတ်ပြခဲ့တာကို ကော်ပီလုပ် ဝေလိုက်ပေ့ါ။

ဆော်ကြမ်း။ ။ အဲဒီ အကြံ မဆိုးဘူးဗျ။ ဒါပေမယ့် သူတို့ နောက်တခါ မပြောရဲလောက်တော့ပါဘူး။ ဘာလို့လဲ ဆိုတော့ လွှတ်တော်မှာ တခါတည်း ကြိမ်းခဲ့တယ်။ နောက်တခါ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စ လာမပြောနဲ့ ... ပြောချင်ရင် ဟိုဘက်က တိုင်းရင်းသား လက်နက်ကိုင်တွေကို သွားပြောလို့။ အဲဒီတော့လည်း သနားစရာပါဗျာ ကျုပ်စကား ဆုံးတာနဲ့ အားလုံး လက်ခုပ်တီးကြရှာပါတယ်။

ရုက္ခစိုး။ ။ ဩော် ဒါကြောင့် ဝန်ကြီးက ငိုတာလား။

ဆော်ကြမ်း။ ။ ဟာ လက်ခုပ်သံကြားတာ ငိုစရာလားဗျ။ ထကချင်တာ မနည်းထိမ်းထားရတယ်။

ရုက္ခစိုး။ ။ ဟာဗျာ ဒါဆိုလည်း ဘာလို့ငိုတာလဲ။ နတ်တောင် စိတ်မရှည်တော့ဘူး။

ဆော်ကြမ်း။ ။ ဝမ်းနည်းလွန်းလို့ပါဗျာ ... နည်းနည်း စိတ်ရှည်ပေးပါ။ ကျုပ် လွှတ်တော်ထဲ ရောက်နေတုန်း ဂျာနယ်တွေမှာ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးတွေ၊ သူရေးတဲ့ ဆောင်းပါးတွေ ဖော်ပြကြတယ်။ လုပ်ပုံ ... လုပ်ပုံ။

ရုက္ခစိုး။ ။ ဒါ မကောင်းဘူးလား ဦးဆော်ကြမ်းရယ်။ တချို့ဆို မီဒီယာ ပွင့်လင်းလာပြီ ... လွတ်လပ်လာပြီ ဆိုပြီး ဝမ်းသာ နေကြတာ။

ဆော်ကြမ်း။ ။ မဟုတ်တရုတ်ဗျာ။ စတုတ္ထမဏ္ဍိုင်တို့ ဘာတို့ဆိုတာ သမ္မတက အရှူးထပြီး လျှောက်ပြောတာ။ အဲဒီ မီဒီယာဆိုတဲ့ဟာတွေက နည်းနည်းလောက် ဖွင့်ပေးတာနဲ့ ကုလားအုပ်လို တကိုယ်လုံး ဝင်ချင်ကြတဲ့ဟာတွေ။ ဘယ်ရမလဲ ကျုပ် သိသိချင်း အကုန် အရေးယူလိုက်တယ်။

ရုက္ခစိုး။ ။ ဒါနဲ့ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့တယ်ဆို။ အခြေခံဥပဒေမှာလည်း ပါတယ်လေ ... လွတ်လပ်စွာ ဖော်ထုတ် ရေးသားခွင့် ... ဆန္ဒ ပြ ... ပြ

...။

ဆော်ကြမ်း။   ။ တော် ... အဲဒါက မြန်မာဟားရှင်း၊ အမျိုးသားဟားရှင်း လူ့အခွင့်အရေး ကော်မရှင်ဗျ။ လွတ်လပ်စွာ ဖော်ထုတ် ရေးသားခွင့် ရှိတယ်၊ ဒါပေမယ့် တို့တာဝန်အရေး ၃၇ ပါးကို ထိပါးလို့မရဘူး။ ထိပါးရင် အရေးယူမှာပဲ။ ဟာဗျာ ... ပြောရင်းနဲ့ကို ဝမ်းနည်းလာ ပြန်ပြီ။ ကျုပ်က နလုံးသား နတယ်ဗျ။ ငိုချင်လာပြီ။

ရုက္ခစိုး။   ။ နေပါဦးဗျာ ... ကျုပ် နားမလည်လို့ မေးပါရစေ။ ဂျာနယ်တွေကို အရင်ကလည်း ဒီလို အရေးယူနေကျပဲဟာ အခုမှ ဘာကိစ္စ ဝမ်းနည်းနေရတာလဲ။

ဆော်ကြမ်း။   ။ ဝမ်းနည်းရခြင်း အကြောင်းရင်းကို အခုလို ပြောပြချင်ပါတယ် ဦးရုက္ခစိုးရယ်။ ဩော် ... ဟောဒီက သားသားလေးမှာ ... ဟောဒီက ဆော်ကြမ်းလေးမှာ ... ဗျ။

ရုက္ခစိုး။   ။ ရိုးရိုး ပြောပါလားဗျာ။

ဆော်ကြမ်း။   ။ သားသားလေးကို ခွင့်လွှတ်ကြပါဗျာ။ ဒီလိုလေ ... ဒေါ်အောင်ဆန်းစုကြည်ပုံပါတဲ့ ဂျာနယ်တွေ အရမ်းအရောင်းသွက်တယ်တဲ့။ စဉ်းစားကြည့်တော့ လူတွေက ဒေါ်အောင်ဆန်းစုကြည်ကို တယ် မေတ္တာ ထားကြပါလား။

ရုက္ခစိုး။   ။ အဲဒီတော့ ဘာဖြစ်လဲ။

ဆော်ကြမ်း။   ။ ဘာဖြစ်ရမလဲ ကျုပ်လို မြို့မေတ္တာခံယူမယ့် သားကျတော့ ဘယ်သူမှ အဖက်မလုပ်ချင်ကြဘူး။ စဉ်းစားတိုင်း စဉ်းစားတိုင်း ... အမယ်မင်း ... ငိုချင်းချည်းသာ ချလိုက်ချင်တော့တယ် ဦးရုက္ခစိုးရဲ့ အဟဲ့ အဟဲ့ ...။ အဲဒါကြောင့် ဒင်းရဲ့ အင်တာဗျူးတွေ အင်တာဗျက်တွေ အကုန် ပိတ်တယ် ဒါပဲ။ အောင်မလေး ဝမ်းနည်းလိုက်တာနော်၊ ဝမ်းနည်းလိုက်တာ။

ရုက္ခစိုး။   ။ လတ်စသတ်တော့ ဒါကြောင့်ကိုး။

ဆော်ကြမ်း။   ။ နောက်တခုရှိသေးတယ်ဗျ။

ရုက္ခစိုး။   ။ ဟာ နောက်တခု ရှိသေးလား။

ဆော်ကြမ်း။   ။ ရှိသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဂျာနယ်တွေမှာ အောင်မြင်ကျော်ကြား ထင်ရှားတဲ့ စီလီဘရစ်တီ တယောက်လို၊ မင်းသမီး တယောက်လို ဖြစ်နေတာ ကျုပ် မကြိုက်ဘူး။ ကျုပ်လည်း မင်းသား ဖြစ်လို့ရတာပဲဗျ။ အဲဒါကြောင့် ကျုပ် မကြာခင်မှာ ဝန်ကြီး အဖြစ်က နတ်ထွက်တော့မယ်။ ဒီအလုပ်ကိုလည်း စိတ်ကုန်ပြီ။ ဘယ်လောက်လုပ်လုပ် အပြစ်ပဲ ပြောခံနေရတယ်။

ရုက္ခစိုး။   ။ ဟင် ဝန်ကြီးအဖြစ်က နတ်ထွက်ပြီး ဘာလုပ်မှာလဲ။

ဆော်ကြမ်း။   ။ ဇာတ်ထောင်မယ်၊ ဇာတ်ဆရာလုပ်မယ်၊ ဂျာနယ်တွေမှာ ကျုပ်ဓာတ်ပုံ မျက်နှာပြည့်ထည့်မယ်၊ ကြော်ငြာရိုက်မယ်၊ သီချင်းဆိုမယ်၊ စာအုပ်ထုတ်မယ်၊ ရုပ်ရှင်ရိုက်မယ်၊ အဆိုတော် နေခဲမုန်လို မော်ဒယ်ဂဲလ်ရှိသမျှ အကုန်သုံးပြီး ဓာတ်ပုံ ရိုက်ခံမယ်။ ကျုပ်ထောင်တဲ့ ဇာတ်မှာ ပါချင်ရင် အခုကတည်းက နိုင်ငံခြားက ပြန်လာလို့ရတယ်။

ရုက္ခစိုး။   ။ နိုင်ငံခြားက ပြန်လာတဲ့သူတွေကို ဇာတ်ထဲထည့်မှာလား။

ဆော်ကြမ်း။   ။ ဟုတ်တယ် ဇာတ်ထဲမထည့်ခင် အချုပ်ထဲတော့ ခဏထည့်မှာပေါ့နော်။ ဒါပေမယ့် မပူပါနဲ့ ... တနေ့တော့ လွတ်မှာပါ။ တနေ့က ထိန်းသိမ်းထားတဲ့ ရွာစားကျော် စိန်ကျော်လှိုင်ကိုတောင် ကျုပ်ဇာတ်မှာ ဆိုင်းတီး ခိုင်းမလားလို့။ ပြည်ပက မျိုးချစ်ပုဂ္ဂိုလ်များကိုလည်း ဝဲလ်ကမ်းပါခင်ဗျာ။ ကျုပ်ဇာတ်ကို နိုင်ငံခြားပြန် စိန်ဆော်ကြမ်း မဟာသဘင် ဇာတ်အဖွဲ့ကြီးလို့ နာမည်ပေးပါမယ်။

ရုက္ခစိုး။   ။ ရောဂါက တော်တော် သည်းနေပုံပဲ။

"ပြောနေတာကြာတယ် အခုကနေစပြီး ကြိုးစားတော့မယ်။ အဖေရယ် အမေရယ် အစ်ကိုရယ် မောင်ရယ် အဘိုးရယ် အဘွားရယ် ... သားသားလေးကို အားပေးကြပါကွယ် ... စိန်ဆော်ကြမ်းကို အားပေးကြပါကွယ် ... တယ့်နယ်ဗျောင်"

ကွေးနေအောင် ကပြီး ထွက်သွားသော ဦးဆော်ကြမ်းကို ကြည့်ကာ ဦးရုက္ခစိုးတပါးတည်း လွှတ်တော် အဆောက်အအုံကြီး ရှေ့တွင် ကြောင်တက်တက်နှင့် ကျန်ခဲ့လေတော့သတည်း။   ။

ထွေရာလေးပါး ကဏ္ဍသည် Satire ခေါ် သရော်စာ ကဏ္ဍ ဖြစ်ပါသည်။ သတင်း အချက်အလက် အမှန်များအပေါ် အခြေခံရေးသားထားခြင်း မဟုတ်ပါ။

http://www.irrawaddy.org

## မိုင်ချယ်ရီဇာဟောင်း - Chin Person of the Year

Thursday, September 08, 2011  Khet Htan  2 comments



မိုင်ချယ်ရီဇာဟောင်း

၂၀၁၁ ခုနှစ် ချင်းလူထုတွေအတွက် အတုယူစရာ အကောင်းဆုံးပုဂ္ဂိုလ် Chin Person of the Year ဆုကို ချင်းအမျိုးသမီး မိုင်ချယ်ရီဇာဟောင်း ရရှိသွားပါတယ်။

## ဦးကျော်ဆန်း တကယ်ပဲ ဇာတ်ထောင်တော့မလား

Thursday, September 08, 2011  yokekhasoe  3 comments

မနေ့က လွှတ်တော်ထဲမှာ ပြည်ထောင်စု ဝန်ကြီး ပြန်ကြားရေးဝန်ကြီး ကျွန်ုပ်တို့၏ ဖောက်သည်ကြီး ဦးကျော်ဆန်းတယောက် ဘုရားဟော ဇာတ်တော်ကြီး တပုဒ်ကို တနာရီလောက် ခင်းသွားပါသတဲ့။ လွှတ်တော် ဥက္ကဋ္ဌကတောင် မနည်း တားယူရဆိုပဲ။ ဝါသနာတွေ၊ ဝါသနာတွေ။ တိုက်တိုက်ဆိုင်ဆိုင် ရန်ကုန်သားတာတေကလည်း မနေ့က လွှတ်တော်ကြီးနဲ့ တပြိုင်တည်းလိုလို ရုက္ခစိုးနဲ့ ထွေရာလေးပါး အစီအစဉ်မှာ ဘာရေးရင် ကောင်းမလဲ ခေါင်းခြောက်နေရာကနေ ဖောက်သည်ကြီးကိုပဲ ဇာတ်လိုက်တင်တော့မယ်လို့ ဆုံးဖြတ်ပြီး သူ့ကို ဇာတ်ထောင်ခိုင်းမိ ခဲ့ပါတယ်။

ကိုတာတေ့ မိတ်ဆွေတချို့က လှမ်းပြောတယ်။ ကိုတာတေအာရုံများ ရနေသလားတဲ့။ အဲလိုတော့ မဟုတ်လောက်ဘူး သူ့အကြောင်းက ပြောပေါင်းများ၊ ရေးပေါင်းများလို့ အံခွနေပြီဆိုသလို သူ ဘယ်လို ခြေလှမ်းမယ်၊ ဘယ်ခွင်ကို နင်းမယ်ဆိုတာ နည်းနည်း ရိပ်မိသလို ဖြစ်နေတာ။ ဒါပေမယ့် ဒီတခါကိုတာတေ ရုက္ခစိုး ရေးမယ်ဆိုရင်တော့ ဦးကျော်ဆန်းကို အာရုံ လှမ်းပြုဖို့ လိုမယ်ထင်တယ်။

တလောက ဒေါ်အောင်ဆန်းစုကြည်ပုံကြီးနဲ့ အင်တာဗျူးတွေ ဆောင်းပါးတွေ ဖော်ပြခွင့်ရလေတော့ ကိုတာတေ့မိတ်ဆွေ စာပေ ရောင်းရင်း တော်တော်များများက အကောင်းမြင်ကြတယ်။ သတင်းကောင်းတို့၊ မိုင်ပေါင်းများစွာအတွက် ခြေတလှမ်းက စရတယ်တို့ ... ဘာညာသာရကာ မျက်နှာစာအုပ်မှာလည်း တွေ့ရရဲ့။ အင်း ခြေတလှမ်းက စရတာတော့ ဟုတ်ပါရဲ့ ... အဲဒီခြေတလှမ်းကနေ ရှေ့မရောက်တော့ရင်တော့ ပြဿနာရှိသပေ့ါ။ အကောင်းမြင်တာ အပြစ်မဆိုပါဘူး ကောင်းတာပေ့ါ။ သို့သော် ကောင်းမှ မကောင်းတာကို ဘယ်နားက အကောင်းကိုရှာပြီး မြင်ရမှာလဲ။ ကိုတာတေက မြန်မာပြည် သတင်းလောကထဲ နည်းနည်း မွှေခဲ့လေတော့ ဘိုးတော် ကျော်ဆန်းရဲ့ လုပ်ပေါက်တွေကို သိထားပြီးသား ... သူတကယ် ကောင်းတာလုပ်ရင်တောင် နည်းနည်းတော့ စောင့်ကြည့်ဦးမှာ။ ဒီလူကြီး ဘာထွင်ပြန်ပလဲ၊ ဘယ်အကွက် ရွှေ့ပြန်ပလဲ လို့ပဲ စဉ်းစားတယ်။ ထင်တဲ့အတိုင်းပဲ ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးပါတဲ့ ဂျာနယ်ကို ပုံသေးမချုံ့လို့ ဆိုတဲ့ အကြောင်းပြချက်နဲ့ နောက်ဆက်တွဲတင်ခွင့် ပိတ်လိုက်သတဲ့။ အဲဒါပဲ ... ဒါ ဦးကျော်ဆန်းပါပဲ လို့သာ ပြောရတော့မှာပဲ။

ဒါ ထားဦး ... လွှတ်တော်ထဲမှာ သူပဲ ဘီလူးဆိုင်းတီးလိုက် (မနေ့က လွှတ်တော်မှာ မီဒီယာကို လွှတ်ကောဆိုပဲ၊ တနေ့ကတော့ ပြည်တွင်း ငြိမ်းချမ်းရေး အကြောင်းပြောတဲ့ တိုင်းရင်းသားပါတီတွေကို ကြိမ်းတာ)၊ ဘုရားဟောတွေရွတ်လိုက်၊ သတင်းစာ ရှင်းလင်းပွဲလုပ်ရင်း ဒိုချင်းတွေချလိုက်နဲ့ အမျိုးမျိုး ဖြစ်နေတော့

တကယ်ပဲ ဦးကျော်ဆန်း ဇာတ်ထောင်တော့လေမလား စဉ်းစားစရာပဲနော်။ သူ့ပုံစံနဲ့ ဖြစ်နိုင်ခြေတော့ ရှိပါတယ်။ အဝတ်အစားဖိုးလည်း သက်သာမယ်၊ မင်းသားပုဆိုးက ရှည်တော့ တခါဝယ်ရင် နှစ်ပိုင်းဖြတ်ပြီး နှစ်ခါ ဝတ်လို့ရတာပေါ့။

သူ မနေ့က လွှတ်တော်ထဲမှာ ခင်းသွားတဲ့ ဇာတ်က စိတ်ဝင်စားစရာတော့ ကောင်းတယ်။ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း ဇာတ်တဲ့ဗျ။ ဦးကျော်ဆန်းဇာတ်ထောင်ရင် ဒီဇာတ်တော်ကြီး ကမယ်ထင်တယ်။ အဲဒီအခါကျ သူက အရပ်သိပ်ပု လွန်းတော့ ဆဒ္ဒန်ဆင်မင်း နေရာကလည်း ကလို့မဖြစ်ဘူး၊ သောနုထိုရ် မုဆိုးကြီးဆို ပိုမဖြစ်နိုင်သေးတယ်၊ ထမ်းလာတဲ့လေးနဲ့ သူ့အရပ်က အတူတူလောက်ရှိမှာ၊ ဖြစ်နိုင်ခြေရှိတဲ့ တနေရာကို ကိုတာတေ အကြံလှမ်းပေးလိုက်ဦးမယ်။ စူဠသုဘဒ္ဒါ ပေါ်ကျလာတဲ့ ခါချဉ်ကောင် နေရာကဆိုရင်တော့ ဖြစ်နိုင်မယ်ထင်တယ်။ အကောင်က သေးသလောက် ကိုက်ဖို့ပဲ ချောင်းနေတာ။ ခါချဉ်ကောင် ပြောပါတယ်။ တကယ်တော့ မနေ့က လွှတ်တော်မှာ ဦးကျော်ဆန်းက သတင်းထောက်တွေကို ခါချဉ်ကောင်တွေနဲ့ နှိုင်းခဲ့တာ ဆိုပဲ။ ကိုတာတေ အာရုံရနေတယ်။

(သတင်းကို ဒီနေရာမှာ ဖတ်)

တာတေစ် သဂရိတ်

« မောင်တောမှ တာလီဘန်အမူ စီရင်ချက်ချ »

အပြောနဲ့ အလုပ်

Thursday, September 08, 2011 Khet Htan 3 comments

မနေ့ကတော့ လွှတ်တော်မှာ မင်းသားကြီး ကျော်ဆန်းက မီဒီယာလွတ်လပ်ခွင့်အကြောင်း ပြောသွားပါတယ်။ သူတို့မှ ထိန်းမပေးရင် မီဒီယာလောကကြီး ပျက်တော့မယောင် ရွှန်းရွှန်းဝေအောင် ပြောထားပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံကို ပုံကြီးချဲ့ ဖော်ပြမိလို့ဆိုပြီး မနေ့ကတော့ The Messenger သတင်းဂျာနယ်ကို နောက်ဆက်တွဲတင်ခွင့်ပိတ်ပြီး အရေးယူလိုက်ပါတယ်တဲ့။

တခါတလေလည်း စဉ်းစားမိတယ်။ ကျော်ဆန်းဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ မီဒီယာတွေမှာ ပိတ်ပင်တားဆီးနေတာမှာ သူတို့ အစိုးရမူအရ မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးမုန်းတီးမှုအရ လုပ်နေတယ်လို့ ထင်မိပါတယ်။

နေပြည်တော်မှာ သမ္မတ ဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ကြုံဆုံကြတော့၊ တခြားဝန်ကြီးတွေနဲ့ ရယ်ရယ်မောမော ရှိကြတော့ ကျော်ဆန်းက မျက်စိမျက်နှာ ပျက်နေတယ်လို့ ပြောကြပါတယ်။

ဒီနေ့ ပြန်ကြားရေးဝန် ကျော်ဆန်း ပြောသွားတာမှာ မိမိ ထင်မြင်ချက်ကို လွတ်လပ်စွာ ရေးသားဖော်ပြခွင့်အတွက် "အခြေခံဥပဒေနဲ့ အညီ" ဖြစ်အောင် ပြင်ဆင် ဖြည့်စွက်ရုံမက အသစ်ပါ ပြဋ္ဌာန်းဦးမယ်လို့ ဆိုပါတယ်။ ပြီးတော့ ၈၈ အရေးအခင်းကာလကလို အခွင့်အရေးမျိုး ရမှာ မဟုတ်ပါဘူးတဲ့။ "စာပေစိစစ်ရေးရဲ့ အခန်းကဏ္ဍကလည်း လိုအပ်နေဆဲ" လို့ ပြောသွားပါတယ်။

သူတို့ စာပေစိစစ်ရေးလုပ်နေတယ်ဆိုတာ "မီဒီယာကို ထိန်းကြောင်းပေးနေတာ" ဆိုတဲ့ စကားက သူတို့ စာပေကင်ပေတိုင်သမားတွေရဲ့ လက်သုံးဖြစ်ပါတယ်။ ဗိုလ်ချုပ်တွေကနေ နေ့ချင်းကြီးလာပြီး မီဒီယာသမားတွေ ငါတို့လောက် မသိဘူးလို့ ထင်တလုံးဖြစ်နေကြတဲ့ အဖွဲ့ကတော့ ပြန်ကြားရေးနဲ့ စာပေဆင်ဆာ အဖွဲ့ပါပဲ။ မီဒီယာကို ထိန်းပေးနေတာဆိုတဲ့ အကြောင်းပြချက်က သူတို့အစိုးရရဲ့ အပြစ်အနာအဆာတွေကို ပြည်သူတွေ မသိအောင် သတင်းအချက်အလက်တွေကို ဖာထေးခုတ်ဖြတ်နေရတာကို ဖုံးကွယ်ထားချက် သက်သက်ဆိုတာပါပဲ။

http://www.irrawaddyblog.com/

တိုင်းပြည်အတွက် အသုံးချခံရမှာကို မနစ်သက်စရာ မရှိကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား

2011-09-08

မြန်မာ့ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် က တိုင်းပြည် ကောင်းစားရေး အတွက် အစိုးရရဲ့ အသုံးချခံ ဖြစ်မှာကို မိမိအနေနဲ့ စိုးရိမ် ပူပန်ခြင်း မရှိကြောင်း ဒီကနေ့ RFA ကို ပြောဆိုလိုက် ပါတယ်။

AFP

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က နေပြည်တော်တွင် ကျင်းပသည့် “စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ” ဒုတိယနေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ရစဉ်။ (Photo: AFP)

ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအစိုးရ ခေါင်းဆောင်တွေ မကြာခင်က တွေ့ဆုံ ဆွေးနွေးခဲ့ပြီး နောက်ပိုင်း အစိုးရက သူ့ကို အသုံးချနေတယ်လို့ ပြောဆိုသံ တချို့ ပေါ်ထွက်နေတာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောထားပါ သလဲလို့ မေးမြန်းရာမှာ ဒေါ်အောင်ဆန်းစုကြည်က -

"အမေကတော့ အမေ့ကိုယ် အမေ အသုံးချခံရတယ်လို့ မမြင်ပါဘူး။ ပူးတွဲပြီးတော့ဘဲ လုပ်ဆောင်တယ်လို့ မြင်ပါတယ်။ တကယ်ဘဲ အသုံးချခံရတယ် ဆိုရင်တောင်မှ တိုင်းပြည်အတွက် အသုံးချခံရတယ် ဆိုရင် မနစ်မြို့စရာ အကြောင်း မရှိပါဘူး။ ယုံကြည်ချက်အတွက် ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ "

သောကြာည နဲ့ ဗုဒ္ဓဟူးနေ့ မနက်တိုင်း RFA က ထုတ်လွှင့်နေတဲ့ လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည် အစီအစဉ် အတွက် သောတရှင် တယောက်က မေးမြန်းရာမှာ ဒေါ်အောင်ဆန်းစုကြည် က အခုလို ဖြေကြားလိုက်တာ ဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့အသံ တကယ် မကြားရ
2011-09-08

နေပြည်တော်မှာ အခု ကျင်းပနေတဲ့ လွှတ်တော် အစည်းအဝေးတွေဟာ လွတ်လပ်မှုနဲ့ ပြည်သူတွေရဲ့ အသံတွေ ထင်ဟပ်မှု မရှိသလောက် ဖြစ်နေတယ်လို့ လေ့လာသူတွေက ဝေဖန် ထောက်ပြနေကြ ပါတယ်။

AFP

၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့က နေပြည်တော်မှာ ကျင်းပသော ဦးသိန်းစိန် အစိုးရသစ်၏ အထက်လွှတ်တော်မှာ တက်ရောက်နေကြသည့် စစ်ဘက်ဆိုင်ရာ အဖွဲ့ဝင်များ ဖြစ်ပါသည်။

ဒီဝေဖန်ချက်တွေ တစိတ်တပိုင်း မှန်ကြောင်း၊ လောလောဆယ် လွှတ်တော်ထဲက အဖြစ်မှန်တွေ၊ ဆွေးနွေးချက် အသံတွေကို ပြည်သူတွေ ကြားရဖို့ ပြည်ပ အသံလွှင့် ဌာနတွေကိုပဲ အားထား နေရသေးတယ်လို့ အထက် လွှတ်တော်အမတ် ဒေါက်တာ အေးမောင်က ဝန်ခံ ပြောဆို ပါတယ်။

ဒါ့အပြင် လွှတ်တော်ရဲ့ အသံတွေကို ပြည်သူတွေ ကြားရဖို့ အတွက် ဆိုရင် နိုင်ငံခြား အသံလွှင့်ဌာနက တဆင့် ပြောဆိုနေရတာတင် မဟုတ်ပဲ ပြည်တွင်းထုတ် ပုဂ္ဂလိက စာစောင်တွေမှာပါ လွှတ်တော် အမတ်တွေရဲ့ ပြောဆိုချက်တွေ၊ လွှတ်တော်ရဲ့ ဆွေးနွေးချက်တွေကို မဖြတ်မတောက် ဆင်ဆာ မလုပ်ပဲ လွတ်လွတ် လပ်လပ် သတင်းယူ ဖော်ပြခွင့်ပြုသင့်တယ်လို့လည်း သူက ပြောပါတယ်။

မြန်မာနိုင်ငံ သတင်းစာ လွတ်လပ်ခွင့်နဲ့ မတန်သေးကြောင်း ပြန်ကြားရေး ဝန်ကြီး ချေပ
2011-09-08

မြန်မာနိုင်ငံမှာ သတင်းမီဒီယာ လွတ်လပ်ခွင့် ပေးမယ်ဆိုရင် နိုင်ငံနဲ့ပြည်သူ အကျိုးထက် အပြစ်က ပိုများလာမှာ ဖြစ်တယ်လို့ မြန်မာ အစိုးရ ပြန်ကြားရေး ဝန်ကြီး ဦးကျော်ဆန်းက ပြောကြားလိုက် ပါတယ်။

Photo: RFA

ယခင် စစ်အစိုးရလက်ထက် ပြန်ကြားရေးဝန်ကြီး တာဝန် ထမ်းဆောင်ခဲ့သလို လက်ရှိ ဦးသိန်းစိန် အစိုးရတွင်လည်း အစိုးရ ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် တာဝန်ကို ဆက်လက် ထမ်းဆောင် နေသည့် ပြန်ကြားရေး ဝန်ကြီး ဦးကျော်ဆန်း ဖြစ်ပါသည်။

မနေ့က နေပြည်တော် ပြည်သူ့ လွှတ်တော်မှာ ဆွေးနွေးတာတွေကို ဒီကနေ့ မြန်မာ အစိုးရ သတင်းစာတွေမှာ ဖော်ပြထားရာမှာ ဦးကျော်ဆန်းက အခုလို ပြောကြားလိုက်တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ သတင်း မီဒီယာ လွတ်လပ်ခွင့်ပေးဖို့ အဆိုကို ပြည်သူ့ လွှတ်တော်မှာ မနေ့က ကြားနာ ဆွေးနွေးရာမှာ သတင်းစာ လွတ်လပ်ခွင့် ပေးဖို့ အချိန်မတန်သေးတဲ့ အကြောင်း၊ သတင်း မီဒီယာသမား တွေဟာ ထင်မြင် ယူဆချက်တွေကို အတိုင်းအကွပ် မရှိဘဲ စီးဆင်းနေတဲ့ ရေစီးကြောင်းတွေလို ခိုင်းနှိုင်းပြီး ဦးကျော်ဆန်းက ချေပထားပါတယ်။

ဒီအဆိုကို တင်သွင်းခဲ့တဲ့ ရန်ကုန်သင်္ဂန်းကျွန်း မြို့တော် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်က ဒီလို ဖြေကြားတာဟာ မြန်မာနိုင်ငံက လက်မှတ်ထိုး အတည်ပြုထားတဲ့ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာ စာတမ်းကို မသိရှိတာကို ပြသလိုက်တာ ဖြစ်ပြီး၊ အတိတ်က အယူအဆဟောင်းတွေ ကနေ မပြောင်းလဲနိုင်တာကို ပြသလိုက်တာလည်း ဖြစ်တယ်လို့ ဒီကနေ့ RFA ကို ပြောပါတယ်။

ပြန်ကြားရေး ဝန်ကြီးရဲ့ ချေပချက်မှာ မြန်မာနိုင်ငံမှာ စာပေ စိစစ်ရေး အဖွဲ့ရဲ့ ကဏ္ဍဟာ ဆက်ပြီး ရှိနေဆဲ ဖြစ်သလို စာပေ စိစစ်ရေးဟာ စာပေသမားတွေနဲ့ နိုင်ငံပြည်သူ့ အကျိုးကို ထမ်းဆောင်နေတယ် လို့လည်း ဆိုပါတယ်။

သာဂရမြို့ဟောင်း မပျက်စီးအောင် ထိမ်းသိမ်းရေး လွှတ်တော်အမတ်တွေ တင်ပြ
2011-09-08

ဒီကနေ့ နေပြည်တော်မှာ ဆက်လက် ကျင်းပတဲ့ လွှတ်တော် အစည်းအဝေးတွေမှာ ဘာသာရေး၊ ယဉ်ကျေးမှုနဲ့ ကျေးရွာ အုပ်ချုပ်ရေးကိစ္စတွေ ဆွေးနွေးခဲ့ကြတယ်လို့ လွှတ်တော်အမတ်တွေက ပြောပါတယ်။

(Photo: AFP/MRTV 4)

နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံသစ်တွင် ဇန်နဝါရီ ၃၁ ရက်နေ့က အမျိုးသား လွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော် နှစ်ရပ်ပေါင်း ကျင်းပသော ပထမဆုံး လွှတ်တော် အစည်းအဝေးကို MRTV 4 ရုပ်မြင်သံကြားမှ ထုတ်လွှင့် ပြသနေပုံ ဖြစ်ပါသည်။ (Photo: AFP/MRTV 4)

အမျိုးသား လွှတ်တော် ဆွေးနွေးပွဲမှာ ချင်းပြည်နယ်က လွှတ်တော် ကိုယ်စားလှယ် တင်သွင်းတဲ့ ဘာသာရေးနဲ့ ပတ်သက်တဲ့ အဆိုကို သာသနာရေး ဝန်ကြီးက ပြန်လည် ဖြေကြားခဲ့ကြောင်း လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ အေးမောင်က RFA ကို ပြောပါတယ်။

အတည်ပြုတာမရှိပဲ အဆိုတွေကို ဆွေးနွေးဖို့ လက်ခံတာ၊ မေးခွန်းတွေ လာဖြေတာပဲ ရှိကြောင်း၊ ထူးခြားတဲ့ အချက်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် (၃) အမတ်က ဘာသာရေးနဲ့ ပတ်သက်ပြီး တင်ပြတာရှိကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားက ဘာသာရေးများကို တလတကြိမ် ပုံမှန် ဟောပြောခွင့်ပေးနိုင်ရေး ကိစ္စ ဆောင်ရွက်ပေးရန် ဆိုပြီး မေးမြန်းရာမှာ၊ သာသနာရေး ဝန်ကြီး ဌာနက ခွင့်ပြု-မပြု ဖြေဆိုတာ မရှိပဲ စာအုပ် စာစောင်တွေကို ခွင့်ပြုထားတာ ရှိပါတယ် ဆိုပြီး ဖြေကြားသွားကြောင်း ဒေါက်တာ အေးမောင်က ပြောပါတယ်။

ဒ့ါပြင် ထားဝယ် ရေနက် ဆိပ်ကမ်း စီမံကိန်းကြောင့် သာဂရ မြို့ဟောင်း မပျက်စီးအောင် ထိန်းသိမ်းရေး၊ စစ်တွေ ဆိပ်ကမ်းနဲ့ မြောက်ဦး ဆိပ်ကမ်းကို အဆင့်မြှင့်တင်ရေး၊ နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ဖွံ့ဖြိုးရေးနဲ့ အသိပညာ ပေးရေး စတဲ့ကိစ္စတွေကို သက်ဆိုင်ရာ လွှတ်တော် အမတ်တွေက အဆို တင်သွင်းခဲ့ကြပြီး၊ ပို့ဆောင်ရေး ဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီးတွေက ပြန်လည် ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ကချင် ပြည်နယ်မှာ တည်ဆောက်နေတဲ့ မြစ်ဆုံ ရေကာတာ စီမံကိန်းနဲ့ ပတ်သက်လို့တော့ ဒီကနေ့ အထိ လွှတ်တော်မှာ တင်ပြ ဆွေးနွေးတာတွေ မရှိသေးဘူးလို့လည်း သိရပါတယ်။

ဒီကနေ့ ကျင်းပတဲ့ ပြည်သူ့ လွှတ်တော် အစည်းအဝေး မှာတော့ ကျေးရွာ ရပ်ကွက် အုပ်ချုပ်ရေး ဥပဒေ မူကြမ်းကို တနင်္လာနေ့ကျမှ ဆွေးနွေးဖို့ ဆုံးဖြတ်ခဲ့တယ်လို့ လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောပါ တယ်။

"ကျနော်ကိုယ်တိုင် အဆိုရှင်အနေနဲ့ တင်ထားတဲ့ ကျေးရွာ ရပ်ကွက် အုပ်ချုပ်ရေး ဥပဒေကြမ်းပေ့ါ။ ဒါပေမဲ့ ပြည်ထဲရေး ဝန်ကြီးဌာန အဆိုရှင်ဘက်က အဆင်သင့် မဖြစ်သေးတဲ့ အတွက် တနင်္လာနေ့ကို ရွှေ့ပါတယ်။"

မနက်ဖြန် မနက်ပိုင်းမှာ မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန် အထူး ကိုယ်စားလှယ် Mr. Derek Mitchell နဲ့ လွှတ်တော် အမတ်တွေ တွေ့ဆုံကြဖို့ ရှိတယ်လို့လည်း သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ဦးသန့် မြေးနဲ့ တွေ့ဆုံ
2011-09-08

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ကွယ်လွန်သူ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့မြေး သမိုင်းပညာရှင် ဦးသန့်မြင့်ဦးနဲ့ ဒီမနက်က တွေ့ဆုံခဲ့ပါတယ်။

NLD

ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ ကင်တားနားနှင့် ဩဂုတ်လ ၂၄ ရက်နေ့ ညနေမှာ တွေ့ဆုံ ဆွေးနွေးပြီး သတင်းထောက်တွေရဲ့ အမေးကို ဒေါ်အောင်ဆန်းစုကြည် ဖြေဆိုနေစဉ်။ ဓါတ်ပုံ - NLD

ဒေါ်အောင်ဆန်းစုကြည်ဟာ ဦးသန့်မြင့်ဦး အပြင် Future မဂ္ဂဇင်း အယ်ဒီတာ အဖွဲ့နဲ့ရော ပြင်သစ် အလွတ် သတင်းစာဆရာ တဦးနဲ့ပါ တွေ့ဆုံတယ်လို့ NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။ အားလုံးကို နာရီဝက်ခန့်စီ အချိန်ပေး တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ အမေရိကန် အစိုးရရဲ့ မြန်မာနိုင်ငံ ဆိုင်ရာ အထူး ကိုယ်စားလှယ် Derek Mitchell နဲ့လာမယ့် တနင်္လာနေ့မှာ တွေ့ဆုံမယ်လို့လည်း ဦးအုန်းကြိုင်က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီကနေ့ တွေ့ဆုံခဲ့တဲ့ သမိုင်းပညာရှင်နဲ့ စာရေးဆရာ ဦးသန့်မြင့်ဦး ရေးသားတဲ့ Where China Meets India: Burma and the New Crossroads of Asia - တရုတ်နဲ့ အိန္ဒိယ ဆုံချက်- မြန်မာနိုင်ငံနဲ့ အာရှ ဖြတ်သန်းတဲ့ လမ်းသစ် စာအုပ်ကို ဒီလ ၁၃ ရက်မှာ တကမ္ဘာလုံးကို ဖြန့်ချိပါမယ်။

ဒီစာအုပ်ဟာ Amazon online စာအုပ်ဆိုင်မှာ မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ရောင်းအကောင်းဆုံး နံပါတ်-၁ စာအုပ် ဖြစ်ပြီး အာအက်ဖ်အေက ထုတ်လွှင့်တဲ့ မိတ်ဆွေများ အတွက် စာလက်ဆောင် ကဏ္ဍမှာ ဖော်ပြဖူးတဲ့ The River of Lost Footsteps ခြေရာပျောက်မြစ် ဟာလည်း မြန်မာနိုင်ငံနဲ့ ဆိုင်တဲ့ စာအုပ် စာရင်းမှာ အရောင်းရဆုံး တအုပ် ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဘဝ - မှတ်တမ်းရုပ်ရှင် ကားသစ် ဘန်ကောက်မှာ ပြသ
2011-09-07

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစု ဘဝနဲ့ ဒီမိုကရေစီရေး လှုပ်ရှားတဲ့ ဘဝ နှစ်လွှာကို ပေါင်းစပ်ပြီး ဒိန်းမတ်လူမျိုး အမျိုးသမီး ရုပ်ရှင် ဒါရိုက်တာ Anne Gyrithe Bonne ရိုက်ကူး တင်ဆက်တဲ့ Aung San Suu Kyi- Lady of No Fear ဒေါ်အောင်ဆန်းစုကြည်-ကြောက်ရွံ့ခြင်းကင်းသော အမျိုးသမီး လို့ အမည်ပေးထားတဲ့ မှတ်တမ်းတင် ရုပ်ရှင်ကားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ရှိတဲ့ နိုင်ငံခြား သတင်းထောက်များ အသင်းမှာ မနေ့က ပြသသွားပါတယ်။

AFP

ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၁ ခုနှစ် ပုဂံ ဘုရားဖူးခရီးစဉ်အတွင်း ဇွန်လ ၇ ရက်နေ့က ပုဂံမြို့အနီး ရွာတရွာကို ဝင်ရောက်လည်ပတ်စဉ် တွေ့ရပုံ။ ဓါတ်ပုံ - AFP

ဒီဇာတ်ကား ရိုက်ကူးဖို့ သုတေသနတွေ လုပ်ရ၊ မှတ်တမ်းတွေ ပြုစုရ၊ တွေ့ဆုံ မေးမြန်းရ၊ စာအုပ်တွေ ကဗျာတွေ အများကြီး ဖတ်ရတယ်လို့ ဒါရိုက်တာ Anne Gyrithe Bonne က ပြောပါတယ်။

ဇာတ်ဝင်ခန်းတခုမှာ ... နိုင်ငံရေးကြောင့် ကျွန်မ နေအိမ် အကျယ်ချုပ် ကျခံရပါတယ်။ ဒါ့ကြောင့် ကျွန်မရဲ့ တဘဝလုံး နိုင်ငံရေးပါပဲလို့ ဒေါ်အောင်ဆန်းစုကြည် ပြောကြားတာတွေကိုလည်း ဖော်ပြထား ပါတယ်။

ဒီမိုကရေစီရေးနဲ့ အကြမ်းမဖက်တဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ ကမ္ဘာက စံနမူနာ ထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဘဝကို တင်ပြတဲ့ ဒီကားမှာ အနုပညာမြောက်တဲ့ နိမိတ်ပုံတွေနဲ့ ဖော်ကျူးထားတဲ့ ပြကွက်တွေလည်း ပါဝင်ပါတယ်။

Lady of No Fear ရိုက်ကူးတဲ့ ဒါရိုက်တာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိန်ခေါ်မှုတွေကို ထဲထဲဝင်ဝင် သိလိုတယ်လို့ ဆိုပါတယ်။

ဒီဇာတ်ကားမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည့်စုံတဲ့ ငယ်ဘဝ၊ အေးချမ်း သာယာတဲ့ အိမ်ထောင်ရှင်ဘဝ စတာတွေ ကနေ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး လှိုင်းတံပိုးအောက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား မယိမ်းမယိုင်ဘဲ ဒီမိုကရေစီရေး လှုပ်ရှားတဲ့ လူထု ခေါင်းဆောင်ဘဝ အထိကို အကွက်စေ့စေ့ အချိတ်အဆက် မိမိ ရိုက်ကူး တင်ဆက်ထားပါတယ်။

အထူး ကိုယ်စားလှယ် Derek Mitchell ခရီး အမေရိကန် အစိုးရ အပြုသဘော ရှုမြင်
2011-09-07

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူး ကိုယ်စားလှယ် Mr. Derek Mitchell အနေနဲ့ မြန်မာနိုင်ငံကို ပထမဆုံး အကြိမ် အဖြစ် သွားရောက်ခွင့် ရရှိတဲ့ ခရီးစဉ် ဖြစ်လို့ ဝမ်းသာ ကြိုဆိုကြောင်း၊ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကတ် ကင့်ဘဲလ်က ပြောကြားလိုက်ပါတယ်။

(Photo: AFP)

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီး ကတ် ကင်းဘဲလ်။ (Photo: AFP)

ဝါရှင်တန် ဒီစီ မြို့တော်မှာ ကျင်းပတဲ့ ဟောပြောပွဲ အခမ်းအနားတခုမှာ သတင်းထောက်တွေက Mr. Mitchell ရဲ့ မြန်မာနိုင်ငံ ခရီးအကြောင်း ဘယ်လို သဘောရပါလဲလို့ မေးမြန်းကြတဲ့ အခါမှာ သူက-

"Mr. Derek Mitchell ဟာ အထူး ကိုယ်စားလှယ် အနေနဲ့ အစိုးရ အဖွဲ့ဝင်တွေနဲ့ရော ဒေါ်အောင်ဆန်းစုကြည် အပြင် တိုင်းရင်းသား အဖွဲ့တွေက ကိုယ်စားလှယ်တွေနဲ့ပါ တွေ့ဆုံ ဆွေးနွေးမယ်လို့ သိရှိထားပါတယ်၊ အဲသလို တွေ့ဆုံတဲ့အခါ ဘာတွေ ပြောဆို ဆွေးနွေးနိုင်မယ် ဆိုတာကို ကျနော်လည်း ခင်ဗျားတို့ နည်းတူ မျှော်လင့်တကြီး သိချင်နေပါတယ်လို့ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီးက ဖြေကြားသွားပါတယ်။

ဒါ့အပြင် အမေရိကန် အစိုးရ အနေနဲ့ ဆက်လက်ပြီး စူးစမ်းလေ့လာ သိရှိလိုတဲ့ ကိစ္စရပ် တချို့ ပြီးခဲ့တဲ့ ရက်ပိုင်းတွေမှာ မြင်တွေ့ခဲ့ရတယ် ဆိုတာကိုတော့ ပြောချင်ပါတယ်လို့ လည်း မစ္စတာ ကတ် ကင့်ဘဲလ်က ပြောသွားပါတယ်။

ပြည်မြို့က လူကုန်ကူးမှု
2011-09-07

ပဲခူးတိုင်း အနောက်ခြမ်း ပြည်မြို့မှာ အရွယ်မရောက်သေးတဲ့ ကလေးတွေကို အလုပ်အကိုင် ရမယ်လို့ ပြောဆို စည်းရုံးပြီး စစ်တပ် စုဆောင်းရေးတွေဆီ ပို့လိုက်တဲ့ အမျိုးသမီး တဦးကို ကလေးမိဘတွေက လူကုန်ကူးမှုနဲ့ တရားစွဲထားပါတယ်။

(Photo: AFP)

ထိုင်း-မြန်မာနယ်စပ် ကရင်ပြည်နယ်ထဲရှိ ရှေ့တန်း စစ်စခန်းတခုတွင် နအဖ တပ်ဖွဲ့မှ စစ်သားများကို တွေ့ရပုံ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်အစိုးရတပ်များနှင့် တိုင်းရင်းသား လက်နက်ကိုင် တပ်ဖွဲ့များတွင် ကလေးစစ်သား ၇၀,၀၀၀ခန့် ရှိနိုင်ကြောင်း နိုင်ငံတကာ အဖွဲ့အစည်းများက ခန့်မှန်းထားသည်။ (Photo: AFP)

ပြည်မြို့မှာ နေထိုင်တဲ့ ဒေါ်မြင့်မြင့်ချို ဆိုသူဟာ ဆယ်ကျော်သက်ရွယ် လူငယ်တွေကို အလုပ် ကောင်းကောင်းရမယ်၊ စစ်တပ်ထဲဝင်ရင်လည်း လစာကောင်းမယ်၊ မိဘတွေကိုလည်း နေစရာ အိမ်ခန်းပေးနိုင်မယ် ဆိုပြီး ပြောဆိုစည်းရုံးခဲ့တာလို့ သိရပါတယ်။

အဲဒီထဲမှာ စိတ်ဝင်စားတဲ့ လူငယ်တွေကို စစ်သား စုဆောင်းရေးက အကြေပ်တပ်သား တချို့ဆီ လွှဲပေးခဲ့သလို၊ ဒီအတွက်လည်း သူက စစ်တပ်ကနေ အခကြေးငွေ ရတယ်လို့ ကလေးစစ်သား အဖြစ် စုဆောင်းခံလိုက်ရသူတွေရဲ့ မိဘတွေက ပြောပါတယ်။

အဲဒီလို စည်းရုံးခံရပြီး စစ်တပ်ထဲ အပို့ခံရ၊ စားသောက်ဆိုင်ဆီ အပို့ခံရတဲ့ လူငယ်တွေကတော့ မောင်ကောင်းထက်မောင်၊ မောင်ချစ်သဲကို၊ မောင်နိုင်အောင်နဲ့ မမိုးမိုးခိုင်တို့ ဖြစ်ပါတယ်။ ဒီလူငယ်တွေဟာ အသက် (၁၈) နှစ်အောက် ကလေးတွေ ဖြစ်ပြီး၊ အလုပ်အကိုင် ကောင်းကောင်း တခုရဖို့ ဆန္ဒ ပြင်းပြနေသူတွေ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီ ၄ ယောက်ထဲက မောင်ချစ်သဲကို ဆိုရင် အခုချိန်အထိ မုံရွာမြို့ စစ်လေ့ကျင့်ရေးကျောင်းမှာပဲ ရှိနေသေးတယ်လို့ သူ့မိဘက ပြောပါတယ်။

အစိုးရလူ့အခွင့်အရေး ကော်မရှင် သံသယဝင်နေကြ
2011-09-07

မြန်မာအစိုးရက စက်တင်ဘာ (၅) ရက်နေ့မှာ စတင်ဖွဲ့စည်းလိုက်တဲ့ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အနေနဲ့ နယ်စပ် တိုင်းရင်းသားဒေသ အတွင်းက လူ့အခွင့်အရေး ချိုးဖေါက်ခံနေရတာတွေကို တကယ်ပဲ လွတ်လွတ် လပ်လပ် စုံစမ်းဖေါ်ထုတ်မှာလား ဆိုတာကို တိုင်းရင်းသား လူ့အခွင့်အရေး အဖွဲ့တွေက သံသယ ရှိနေကြပါတယ်။

Map by Shan Human Rights Foundation

၂၀၁၁ ခုနှစ် မတ်လ ၁၃ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တပ်ဖွဲ့အပေါ် မြန်မာအစိုးရတပ်က ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည့် ဒေသများကို Shan Human Rights Foundation က မြေပုံအညွှန်းဖြင့် ပြသထားပုံ ဖြစ်ပါသည်။ (Map by Shan Human Rights Foundation)

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ မွန်ပြည်နယ်တွေမှာ အမျိုးသမီးတွေ အဓမ္မပြုကျင့်ခံရမှု၊ မြေယာ သိမ်းဆည်းခံရမှု နဲ့ အိုးအိမ်စွန့်ခွါ ပုန်းရှောင်ပြေးလွှား နေရတာတွေလည်း ဆက်လက်ဖြစ်ပေါ်နေဆဲပဲလို့ တိုင်းရင်းသားတွေက ပြောကြပါတယ်။

သတင်းလွတ်လပ်ခွင့် လွှတ်တော်မှာ ဆွေးနွေး
2011-09-07

နေပြည်တော်မှာ ဒီကနေ့ ကျင်းပတဲ့ ပြည်ထောင်စု လွှတ်တော် အစည်းအဝေးမှာ သယံဇာတကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွှန့် မနေ့က အဆိုပြု တင်သွင်းခဲ့တဲ့ အလုပ်သမား အခွင့်အရေး ဆိုင်ရာ အဆိုနဲ့ သတင်း မီဒီယာသမားများ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အဆိုတွေကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

(Photo: AFP)

ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာသည့် သတင်းကို နိုဝင်ဘာ ၁၅ ရက်က ပုဂ္ဂလိက ဂျာနယ်တစောင်တွင် ဖတ်ရှုနေသူတဦး ဖြစ်ပါသည်။ ထိုသတင်းကို အကျယ်တဝင့် ဖော်ပြသည့် စာနယ်ဇင်း ၉ ခုကို စာပေစိစစ်ရေးက ထုတ်ဝေခွင့် နှစ်ပတ်အထိ ပိတ်ပင်ခဲ့သည်။ (Photo: AFP)

ဒ့ါအပြင် ဩဂုတ်လ ၂၃ ရက်နေ့ အမျိုးသား လွှတ်တော် အစည်းအဝေးမှာ ပညာရေး ဝန်ကြီး တင်သွင်းခဲ့တဲ့ ပုဂ္ဂလိက ပညာသင်ကျောင်း ဖွင့်လှစ်ခွင့် မူကြမ်းကို အမျိုးသား လွှတ်တော်က ဒီကနေ့ အတည်ပြုလိုက်ကြောင်း သိရပါတယ်။

ဒီဥပဒေ မူကြမ်းအရ ပုဂ္ဂလိက ကျောင်းတွေ တည်ထောင်ခွင့်ရမှာ ဖြစ်သလို တိုင်းရင်းသား ဘာသာရပ်လို ထပ်ဆောင်း ဘာသာရပ်တွေကိုလည်း သင်ကြားခွင့်ရမှာ ဖြစ်ပြီး ဒီကျောင်းကနေ အစိုးရကျောင်းကို ကူးပြောင်းခွင့်လည်း ရှိကြောင်း အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောပါတယ်။

အဲဒီ ပုဂ္ဂလိက ကျောင်းတွေဟာ ဘာသာရေး သင်တန်းကျောင်း မဖြစ်စေရ၊ နိုင်ငံခြား အဖွဲ့အစည်း တခုခုက ဦးစီး တည်ထောင်သော၊ ဒါမှမဟုတ် ထိုအဖွဲ့အစည်းရဲ့ အကူအညီနဲ့ တည်ထောင်သော ကျောင်း မဖြစ်စေရ ဆိုပြီး ကန့်သတ်ထားတယ်လို့ ဆိုပါတယ်။

သင်တန်းပို့ချမဲ့ ဆရာ ဆရာမတွေ အနေနဲ့ ပညာ အရည်အချင်း၊ လုပ်သက် အတွေ့အကြုံတွေကို တင်ပြပြီး သင်ကြားခွင့် မှတ်ပုံတင် လက်မှတ် လျှောက်ထားရမယ်လို့ သိရပါတယ်။

http://www.rfa.org/burmese

အမေရိကန် ပိတ်ဆို့မှု "ခရိုနီ" များ ကြောက်ရွံ့ဟု ဝီကီလိခ်ဆို
ကိုဝိုင်း | ကြာသပတေးနေ့၊ စက်တင်ဘာလ ၀၈ ရက် ၂၀၁၁ ခုနှစ် ၂၁ နာရီ ၀၇ မိနစ်
အီးမေးလ်ပို့ရန် ပရင့်ထုတ်ရန် PDF ဖိုင်ရယူရန်

ချင်းမိုင် (မဇ္ဈိမ) ။ ။ မထိရောက်ဟု လူအများ ပြောနေကြသော်လည်း အမေရိကန် အစိုးရ၏ စီးပွားရေး ပိတ်ဆို့ ဒဏ်ခတ်မှုကို မြန်မာအစိုးရလက်ရင်းလူယုံ စီးပွားရေးလုပ်ငန်းရှင်များ (ခရိုနီ) ကြောက်ရွံ့လာနေကြသည်ဟု ရန်ကုန်မြို့ အမေရိကန်သံရုံးက သုံးသပ်မှုပြုခဲ့သည်ကို ဝီကီလိခ် အင်တာနက်စာမျက်နှာများတွင် ပေါက်ကြားလာခဲ့သော အမေရိကန် နိုင်ငံခြားရေးဌာန လျှို့ဝှက်ကြေးနန်း စာတစောင်တွင် ပါရှိသည်။

ဩဂုတ် ၃၀ ရက်နေ့က ပေါက်ကြားသော ကြေးနန်းစာထဲတွင် ထူးထရိတ်ဒင်းကုမ္ပဏီပိုင်ရှင် ဦးတေဇ၊ အေးရှားဝေါ်လ် ကုမ္ပဏီမှ စတီဗင်လောနှင့် လက်ရှိအောက်လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်း၏သား ရောရွှေဝ ကုမ္ပဏီပိုင်ရှင် ဦးအောင်သက်မန်းတို့ကို နာမည်တပ် ညွှန်းဆိုထားပြီး သူတို့ပိုင်ငွေများကို အပ်နှံလေ့ရှိသော စင်္ကာပူ ဘဏ်ကြီးများက ပိုမိုတင်းကျပ်သော စည်းကမ်းများချမှတ်လိုက်၍ အခက်အခဲများဖြစ်လာကြောင်း ပါရှိသည်။

ရန်ကုန်အမေရိကန်သံရုံးက ဝါရှင်တန်မြို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးထံ ပေးပို့သည့် ၂၀၀၈ ခု မတ်လ ၂၅ ရက်စွဲပါ ကြေးနန်းစာတွင် သံရုံးအဆက်သွယ်များမှတဆင့် သိရသော သတင်းအချက်အလက်များကို အခြေခံပြီး
ရေးသားထားရာတွင် မြန်မာနိုင်ငံသားများကို ဘဏ်စာရင်းတခုမက ဖွင့်ခွင့်ပေးသော ယင်းဘဏ်နှစ်ခုက ဘဏ်စာရင်း တခုသာ ဖွင့်ခွင့်ပေးပြီး ချက်လက်မှတ်ဖြင့် ပေးချေခွင့်ကိုလည်း လက်မခံတော့ကြောင်း ပါရှိသည်။ ထို့အပြင် ငွေလွှဲ စာတမ်း letter of credit-LC ကို လည်း ဘဏ်မှ မထုတ်ပေးတော့ကြောင်း ပါရှိသည်။

"အခုဆိုရင် စင်ကာပူဘဏ်တွေဟာ မြန်မာနိုင်ငံနဲ့ ငွေအလွှဲအပြောင်းတွေကို အနီးကပ် စောင့်ကြည့်နေပြီး ကုမ္ပဏီ ဒါမှမဟုတ် ပုဂ္ဂလိကတဦးချင်းက စင်ကာပူဒေါ်လာ ၃၀,၀၀၀ ကျော်ပြီး ပို့ချင်တယ်ဆိုရင် ဒီငွေဘယ်ကရလည်း ဆိုတာ ဖော်ပြရတော့မှာပါ" ဟု သံအရာရှိက သိရှိရချက်ကို ပြန်လည်ပြောဆိုထားသည်။

အမေရိကန် ဘဏ္ဍာရေးဌာန၏ အရေးယူစာရင်းပါ စီးပွားရေးသမားများအနက် အချို့က စင်္ကာပူ နိုင်ငံအစား ဒူဘိုင်း၊ ကိုရီးယား၊ ဟောင်ကောင် နိုင်ငံတို့မှ ဘဏ်များမှတဆင့် ငွေလွှဲပြောင်းနိုင်ရေး နည်းလမ်းရှာနေကြသည်ဟု ဆိုသည်။

UOB ဘဏ်က ကိုရီးယားသို့ ငွေမလွှဲပေးသဖြင့် ကိုရီးယားကုမ္ပဏီတခုထံမှ ကုန်ပစ္စည်းတင် သင်္ဘောနှစ်စင်း ဝယ်ယူရန် လက်မှတ်ထိုးပြီးမှ ဦးတေဇ အစီအစဉ်ဖျက်လိုက်ရသည်ကအစ အမေရိကန်သံရုံးက သိရှိနေခဲ့သည်။

မြန်မာစစ်အစိုးရက သူ့အား ကျားကျန်ပေးနေသူများကို လုပ်ပိုင်ခွင့်များ ပြန်ပေးနေသည်ကိုလည်း ရန်ကုန် အမေရိကန် သံရုံးက ထောက်ပြထားသေးသည်။

ဦးတေဇမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ပိုင် "မြန်ဂုဏ်မြင့်" ကားတင်သွင်းသည့် ကုမ္ပဏီကိုလည်း လွှဲပြောင်း လုပ်ပိုင်ခွင့် ရတော့မည်ဟု သံရုံးက သူ၏ စိတ်ချရသည့်

စီးပွားရေးလုပ်ငန်းရှင် အဆက်သွယ်များမှ တဆင့် ကြိုတင်သိရှိနေသည်။ ကားတစီး တင်သွင်းလျှင် အမေရိကန်ဒေါ်လာ ငါး သောင်းမှ တသိန်း အကြားအမြတ်ရမည်ဟုဆိုသည်။

သစ်၊ ကျောက်မျက်ရတနာနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းနှင့် လေကြောင်းလိုင်း စသည့် လုပ်ငန်းကြီးများ လုပ်ကိုင်နေသော ထူးထရေးဒင်း အုပ်စုတွင်လည်း ညွှန်ကြားရေးမှူး လုပ်နေသည့် ဦးအောင်သက်မန်း ကမူ စင်္ကာပူတွင် Asia Might၊ Ayer Hinda၊ Terrestrial စသည့် ကုန်သွယ်ရေးကုမ္ပဏီ သုံးခုကို ထပ်မံဖွင့်လှစ်သည်။

နေပြည်တော်ရှိ တိရစ္ဆာန်ဥယာဉ်အသစ်နှင့် ဈေးဝယ်စင်တာကြီးများ၊ အဝေးပြေးကားလမ်းများကို အခမဲ့ တည်ဆောက်ပေးခဲ့သည့်အတွက် စတီဗင်လော (ထွန်းမြင့်နိုင်) မှာမူ တစီးလျှင် အမေရိကန်ဒေါ်လာ နှစ်သိန်းတန်
သည့် ကားအစီး ၂၀ တင်သွင်းခွင့် လိုင်စင်နှင့် ရွှေသဘာဝဓာတ်ငွေ့ ပိုက်လိုင်း စီမံကိန်းမှ ဆောက်လုပ်ရေး လုပ်ငန်း လိုင်စင်များ ရထားသည်ဟု ကြေးနန်းက ဖော်ပြထားသည်။

စတီဗင်လောနှင့် သူ၏ ဇနီး၊ ဖခင် ဘိန်းဘုရင်ဟောင်း လော်စစ်ဟန်တို့နှင့် သူတို့ပိုင်သည့် အေးရှားဝေါလ် ကုမ္ပဏီ အပါအဝင် ဆိပ်ကမ်းစီမံရေး၊ စက်မှုလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းကုမ္ပဏီ တို့ကို အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၁၀ ခုက စတင် ပိတ်ဆို့ခဲ့သည်။

အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီးပွားရေးပိတ်ဆို့မှုအရ အမေရိကန် ဘဏ်များ၊ ကုန်သွယ်ရေး ကုမ္ပဏီများ၊ အာမခံကုမ္ပဏီများသာမက အမေရိကန် နိုင်ငံသားတဦးချင်းကပင် ပိတ်ဆို့ခံ ထားရသည့် မြန်မာကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ဘဏ္ဍာရေးအရ ဆက်စပ်ပိုင်ခွင့် မရှိပေ။

ယင်း ပိတ်ဆို့မှုသည် အမေရိကန်သမ္မတ ဂျော့ ဒဗလျူ ဘုရှ် အစိုးရလက်ထက် ၂၀၀၃ ခုက မြန်မာ့လွတ်လပ်မှုနှင့် ဒီမိုကရေစီ အက်ဥပဒေ Burmese Freedom and Democracy Act ot 2003 ကို လက်မှတ်ထိုး ထုတ်ပြန်ခဲ့ ပြီးနောက် မြန်မာ့ကုန် ပစ္စည်းများ အမေရိကန်သို့ တင်သွင်းခွင့် ပိတ်ခဲ့သည်။ ထို့နောက် ၂၀၀၈ တွင် ဘဏ္ဍာရေး
ဆိုင်ရာ ပိတ်ဆို့မှုများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

သူတို့နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုနှင့် ကိုယ်ရေး အချက်အလက်များကိုလည်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန
က သူ၏ အင်တာနက် စာမျက်နှာတွင် တရားဝင် ထုတ်ပြန်ထားသည်။

စာပေစိစစ်ရေး လိုအပ်ဆဲဟု ဝန်ကြီးဆို
ဖနိဒါ | ကြာသပတေးနေ့၊ စက်တင်ဘာလ ၀၈ ရက် ၂၀၁၁ ခုနှစ် ၂၁ နာရီ ၅၈ မိနစ်
အီးမေးလ်ပို့ရန် ပရင့်ထုတ်ရန် PDF ဖိုင်ရယူရန်

ချင်းမိုင်(မဇ္ဈိမ) ။ ။ မြန်မာနိုင်ငံတွင် စာပေစိစစ်ရေး၏ အခန်းကဏ္ဍသည် လိုအပ်နေဆဲဖြစ်ပြီးမီဒီယာလွတ်လပ်ခွင့် မပေးနိုင်သေးဟု ဗုဒ္ဓဟူးနေ့ ပြည်ထောင်စု အောက်လွှတ်တော်အစည်းအဝေးတွင် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်မှ အောက်လွှတ်တော် အမတ် ဦးသိန်းညွန့်က "သတင်းမီဒီယာများ၏ ထင်မြင် ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်
ပေးသည့် ဥပဒေတရပ်ပြဋ္ဌာန်းပေးရန်" အဆိုကို ဗုဒ္ဓဟူးနေ့က လွှတ်တော်ဆွေးနွေးပွဲတွင် ဝန်ကြီးဦးကျော်ဆန်းက
ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"စာပေစိစစ်ရေး၏ အခန်းကဏ္ဍမှာ လိုအပ်နေဆဲ ဖြစ်ကြောင်း၊ တရားရုံးတွင် ဥပဒေအရ ရင်ဆိုင်ရမည်ဆိုပါက မီဒီယာသမားများတွက် ထိခိုက်နစ်နာမှု ပိုမိုကြီးမားနိုင်ကြောင်းနှင့် ယနေ့ စာပေစိစစ်ရေးက တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် မသင့်မလျော် ရေးသားမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းပေးနေခြင်းသည် စာပေလော ကသားများ၏ အကျိုး၊ ပြည်သူအကျိုးအတွက် ဆောင်ရွက်ပေးနေခြင်းသာဖြစ်သည်ကို တွေ့နိုင်ပါကြောင်း" ဟု ဝန်ကြီးဦးကျော်ဆန်း၏ ပြောဆိုမှုကို ကြာသပတေးနေ့ထုတ် နိုင်ငံပိုင် သတင်းစာတွင် ဖော်ပြထားသည်။

ယင်းအပြင် "၁၉၈၈ ခုနှစ် အရေးအခင်း ကာလအတွင်းကလို ရေးချင်သလိုရေး၊ ထုတ်ချင်သလို ထုတ်ခဲ့ကြသည့် အခွင့်အရေးမျိုး ရနိုင်မည် မဟုတ်ပါကြောင်း၊ လွတ်လပ်မှုကို အလွဲသုံးစားပြုပြီး မမှန်မကန် ဇာတ်လမ်းဆင် လုပ်ကြံရေးသား ထုတ်လွှင့်မှုများ ရှိခဲ့မှုကြောင့် နိုင်ငံတဝန်း ဆိုးရွားသည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်ကို မမေ့စေလိုကြောင်း" ဝန်ကြီး ဦးကျော်ဆန်းက ထည့်သွင်း ပြောဆိုသွားသည်။

ဦးသိန်းညွန့်၏ အဆိုအပေါ် ဝန်ကြီးဦးကျော်ဆန်းက ဖြေကြားရာတွင် မီဒီယာလွတ်လပ်ခွင့်ကို မပေးချင်သေးကြောင်း ဘုရားလောင်း ဆန္ဒန်ဆင်မင်း အကြောင်းကိုသာ ဥပမာပေးကာ ပြောသွားခြင်းကား အမတ်များအကြား ပြောစမှတ် တွင်နေသည်။

"သူပြောတဲ့အဓိပ္ပါယ်က ကျနော်တို့ ဒီမိုကရေစီလုပ်တယ်ဆိုတာ နသေးတယ်။ အတွေ့အကြုံလေး လိုသေးတယ်တဲ့။ အဲတာကြောင့် ထိန်းဖို့သိမ်းဖို့ လိုအပ်သေးတယ်၊ ဆဒ္ဒန်ဆင်မင်း အဆွယ်ပြတ်တဲ့ ကိစ္စက သူ့ရဲ့ မိဖုရားပေါ် ခါချဉ်ကျရာက စတယ်ပေါ့။ ဆိုလိုရင်းကတော့ မီဒီယာတွေကို အကာကွယ်ပေးတဲ့ ဥပဒေ ပြဋ္ဌာန်းပေးဖို့
လောလောဆယ် အဲဒါပေးဖို့ မသင့်သေးဘူး ဆိုတာပေါ့ဗျ" ဟု အခြား ပြည်သူ့လွှတ်တော် အမတ်တဦးက
ပြောသည်။

သို့သော် ဝန်ကြီး ဦးကျော်ဆန်း နာရီက်ကျော်ကြာ ပြောဆိုခဲ့မှုကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားခြင်း မရှိခဲ့သလို၊ အခြား အမတ်များ၏ ဆွေးနွေးချက်များကိုလည်း ဖော်ပြခြင်း မရှိပါ။

ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ဆင်မင်းမှ မိဘုရားဖြစ်သူ စူဠသုဘဒ္ဒါကို ကျီစယ်သည့်အနေဖြင့် အင်ကြင်းပန်းများ စူဠသုဘဒ္ဒါ ပေါ်သို့ ကျဲချရာ ခါချဉ်ကောင်ပါသွားပြီး စူဠသုဘဒ္ဒါကို ကိုက်ခဲရာမှ အငြိုးထားကာ နောက်ဘဝတွင် ဆင်မင်း၏ အစွယ်ကို နားဒေါင်းလုပ် ပန်ရစေလိုကြောင်း ဆုတောင်းရာမှ ဇာတ်လမ်းစခဲ့သည်။
စူဠသုဘဒ္ဒါ ကွယ်လွန်ပြီး ဘုရင်တပါး၏ မိဘုရားဖြစ်လာပြီးနောက် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ရလိုကြောင်း ဘုရင်ကို
တောင်းဆိုရာမှ ဆဒ္ဒန်ဆင်မင်း၏ အစွယ် အဖြတ်ခံရသည်အထိ ဖြစ်ခဲ့ရပြီး ဆဒ္ဒန် ဆင်မင်းပါ အသက်ဆုံးပါး
ခဲ့ရသည်။

ဝန်ကြီး ဦးကျော်ဆန်းက ခါချဉ်ကောင်မှ စခဲ့သည့် ဇာတ်လမ်းသည် ဆင်မင်းပါ အစွယ်ပြတ်ကာ အသက်ဆုံးခဲ့ရသည် အထိ ဖြစ်ခဲ့ပုံကို လက်ဟန်ခြေဟန်ဖြင့် ပြောဆိုခဲ့သည်ဟု အမတ်တဦးက ပြောသည်။

ဦးကျော်ဆန်းက အချိန်ကြာကြာ ပြောဆိုနေသဖြင့် အောက်လွှတ်တော် ဥက္ကဋ္ဌဦးသူရရွှေမန်းက ဝင်ရောက် ဟန့်တားခဲ့ရသည်ဟုလည်း အမတ်များက ပြောသည်။

သတင်းမီဒီယာသမားများအတွက် မိမိ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ရေးသားဖော်ပြနိုင်ရန် မီဒီယာဆိုင်ရာ ဥပဒေကြမ်း ပြဋ္ဌာန်းနိုင်ရေး
ပြင်ဆင်ချက်များကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ အကြံပြု တင်ပြထားပြီး ဖြစ်၍ ဦးသိန်းညွန့်၏ အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားရန် ဆုံးဖြတ်ခဲ့သည်။

ဗုဒ္ဓဟူးနေ့ လွှတ်တော်ဆွေးနွေးပွဲတွင် ဦးသိန်းညွန့်၏ အဆိုပြုချက်ကို အမတ် ၄ ဦးက ဆွေးနွေးခဲ့ရာ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်းနှင့် လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းတို့
၂ ဦးက ယင်းအဆိုကို ကန့်ကွက်ခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ပြည်တွင်း၊ ပြည်ပရှိ သတင်းမီဒီယာသမားများ
ကို ဝင်ရောက် သတင်းယူခွင့် ပြုခဲ့သော်လည်း ပြန်လည် ရေးသားထုတ်ပြန်ရာတွင် အစိုးရသစ်၏ မူဝါဒနှင့် ပတ်သက်သည့် ထောက်ပြချက်၊ ဝေဖန်ချက်များကို စာပေစိစစ်ရေးက ဖြတ်တောက်ခဲ့သည်ဟု လွှတ်တော် သတင်းယူခဲ့သည် ပြည်တွင်း သတင်းထောက်များက ယခင်က မဇ္ဈိမကို ပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်နေ့ကပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက မီဒီယာလွတ်လပ်ခွင့်ကို ရှေးရှုသည့်
ခြေလှမ်းတရပ်အနေဖြင့် သတင်းမီဒီယာများ၏ ဝေဖန်အကြံပြုချက်ကို ခံယူသွားမည်ဟု ပြောဆိုခဲ့သည်။

ပုဂ္ဂလိက ကျောင်းထောင်ခွင့် ဥပဒေမူကြမ်း အထက်လွှတ်တော် အတည်ပြု
မျိုးသန့် | ကြာသပတေးနေ့၊ စက်တင်ဘာလ ၀၈ ရက် ၂၀၁၁ ခုနှစ် ၂၀ နာရီ ၃၀ မိနစ်
အီးမေးလ်ပို့ရန် ပရင့်ထုတ်ရန် PDF ဖိုင်ရယူရန်

ချင်းမိုင် (မဇ္ဈိမ) ။ ။ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ပုဂ္ဂလိကကျောင်းများ ထောင်ခွင့်ကို တရားဝင် ခွင့်ပြုမည့် ကိုယ်ပိုင်ကျောင်း ဥပဒေမူကြမ်းကို ဗုဒ္ဓဟူးနေ့ နေပြည်တော်တွင် ကျင်းပလျက် ရှိသော အထက်လွှတ်တော် အစည်းအဝေးက အတည်ပြုပေး လိုက်သည်။

ကန့်ကွက်သူမရှိဘဲ အတည်ပြုလိုက်သော မူကြမ်းတွင် တိုင်းရင်းသားများအနေဖြင့် ယင်းတို့၏ ကိုယ်ပိုင် ဘာသာနှင့် စကားသင်ကြားခွင့်တို့အတွက် ထပ်ဆောင်း ဘာသာရပ်အဖြစ် သင်ကြားနိုင်ပြီး သက်ဆိုင်ရာ ဒေသ၏ ပညာရေး ဌာနများမှ ခွင့်ပြုချက်ရယူရန်လိုသည်ဟု မူကြမ်းကိုဖတ်ခွင့်ရသော အမတ်များက မဇ္ဈိမသို့ ပြောသည်။

ဥပဒပေါင်း ၄၁ ခုပါရှိကာ အခန်း ၈ ခန်းဖြင့် ဖွဲ့စည်းထားသော ယင်းဥပဒေမူကြမ်းတွင် ပုဂ္ဂလိက ကျောင်းများ
အနေဖြင့် ပညာရေးဝန်ကြီးဌာမှ ချမှတ်ထားသည့် သင်ရိုးအတိုင်း သင်ကြားရမည်ဖြစ်ပြီး တပတ်စာ သင်ကြားမည့် သင်ခန်းစာများကိုလည်း မြို့နယ်
ပညာရေးမှူးများထံ ကြိုတင် တင်ပြရန်လိုသည်ဟု သိရသည်။
lotdaw97

အထက်လွှတ်တော် အစည်းအဝေးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ပုဂ္ဂလိကကျောင်းများ ထောင်ခွင့်ကို တရားဝင် ခွင့်ပြုမည့် ကိုယ်ပိုင်ကျောင်း ဥပဒေမူကြမ်း အတည်ပြု (ဓါတ်ပုံ မဇ္ဈိမ)

ပုဂ္ဂလိက ကျောင်းများတွင် အားကစားကွင်း၊ အစည်းအဝေး ခန်းမ စသည်တို့ ပါရှိရမည်ဟုလည်း ဥပဒေတွင် ပြဋ္ဌာန်း ထားသည်ဟု ဆိုသည်။

အခြေခံပညာမူလတန်းကိုမူ ပုဂ္ဂလိကကျောင်းထောင်ခွင့်ကို မူကြမ်းတွင် ပိတ်ပင်ထားသည်။ မူလတန်းကို ဖွင့်ခွင့် မပြုခြင်းမှာ စာသင်ကျောင်းအရေအတွက် များစွာပေါ်ထွက်လာမည်ကို စိုးခြင်းကြောင့်ဟု လွှတ်တော်တွင် ဩဂုတ်
၂ ရက်နေက ဆွေးနွေးစဉ် ပညာရေးဝန်ကြီး ဒေါက်တာမြအေးက ပြောသွားခဲ့သည်။

ယင်းအပြင်  ပြည်ပနိုင်ငံများမှ အကူအညီဖြင့် တည်ထောင် ဖွင့်လှစ်သော ကျောင်းမဖြစ်ရန်နှင့် နိုင်ငံခြားသား ဦးစီး တည်ထောင်သည့် ကျောင်းမဖြစ်ရန်လည်း ကန့်သတ်ထားသည်ဟု သိရသည်။

ဗဟိုအစိုးရကိုယ်စား ပညာရေးဝန်ကြီး ဒေါက်တာမြအေးမှ ဗုဒ္ဓဟူးနေ့တွင် မူကြမ်းတင်သွင်းခြင်းဖြစ်ပြီး "မည်သည့် ကိုယ်ပိုင်ကျောင်းမဆို ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထား ဆောင်ရွက်ရန်" ဟူသည့် ညွှန်ကြားချက် ပါရှိသည်။

ကျောင်း တည်ထောင်သူများ အနေဖြင့် ဥပဒေချိုးဖေါက်ပါက အမြင့်ဆုံးထောင်ဒဏ် သုံးနှစ်နှင့် ငွေဒဏ် သုံးသိန်း ကျပ်ကို ပြစ်ဒဏ်အဖြစ် သတ်မှတ်ထားသည်။

မူကြမ်းကို အောက်လွှတ်တော်တွင် အတည်ပြုချက် ရယူဦးမှာ ဖြစ်သည်။ အောက်လွှတ်တော်မှ အတည်ပြုပြီးပါက ဥပဒေပါ အချက်အလက် အသေးစိတ်ကို နည်းဥပဒေစာအုပ်အဖြစ် ဥပဒေကြမ်းကော်မတီနှင့် ပညာရေးဝန်ကြီးဌာန
တို့မှ ထပ်မံ ထုတ်ပေးမည် ဖြစ်သည်။

အလွတ် ပညာသင်ကြားမှုဟု ခေါ်ဆိုလေ့ရှိသည့် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးညွှန်းတန်း အတိုင်း သင်ကြားခြင်း မဟုတ်လျှင်တော့ ပုဂ္ဂလိကကျောင်း ဥပဒေနှင့် အကျုံးမဝင်သလို လက်ရှိ ကျူရှင် အနေဖြင့် ဖွင့်လှစ်ထားသော
ဘော်ဒါဆောင်များမှာ ပုဂ္ဂလိကကျောင်းအဖြစ် မှတ်ပုံတင်ရတော့မည် ဖြစ်သည်။

ကျင်းပဆဲ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် စည်းဝေးပွဲများသည် ယခုလကုန်တွင် ပြီးဆုံးမည်ဟု လွှတ်တော်အမတ်များက ခန့်မှန်းကြသည်။

အဆောတလျင် ဖြေရှင်းရမည့် ပြဿနာတွေချည်းဟု သမ္မတ အကြံပေး ပြော
ကိုပေါက် | ကြာသပတေးနေ့၊ စက်တင်ဘာလ ဝ၈ ရက် ၂ဝ၁၁ ခုနှစ် ၁၉ နာရီ ၅၉ မိနစ်
အီးမေးလ်ပို့ရန် ပရင့်ထုတ်ရန် PDF ဖိုင်ရယူရန်

နေပြည်တော် (မဇ္ဈိမ) ။       ။ တိုင်းပြည်တွင် တည်ရှိနေသမျှ ပြဿနာ အားလုံးမှာ အဆောတလျင် ဖြေရှင်းရမည့်
ပြဿနာများချည်း ဖြစ်ပြီး တခုနှင့်တခု ဆက်နွှယ်နေသည်ဟု သမ္မတ၏ နိုင်ငံရေးအကြံပေး အဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောကြားလိုက်သည်။

“ဘယ်ဟာ အဆောတလျင်လုပ်ရမယ်ဆိုတာ တခုတည်း ကွက်ပြီးပြောလို့ မရနိုင်ဘူး။ လုပ်စရာရှိတာတွေ
အကုန်လုံးက အဆောတလျင် လုပ်ရမှာတွေချည်း ဖြစ်နေတယ်” ဟု  ဦးကိုကိုလှိုင်က မဇ္ဈိမကို ပြောသည်။

“Issue တွေက အရမ်းများပါတယ်။ အကုန်လုံးကလည်း တခုနဲ့တခုက နွယ်နေကြတာ။ ဥပမာ စီးပွားရေး ဆိုပါ
တော့… Exchange rate unification နိုင်ငံခြားငွေ လဲလှယ်မှုကိစ္စပေါ့။ အဲဒါကို ကိုင်ရင် ဘဏ်နဲ့ ပတ်သက်ပြီး
ပြုပြင်စရာတွေ ပါလာတာပေါ့။ Commercial tax တွေ ချပစ်လိုက်တာတို့”

“လက်ရှိ ပြောင်းလဲလာတဲ့ အခြေအနေလေးနဲ့ ရှေ့ကိုဆက်သွားချင်တဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘယ်လို လုပ်ကြမလဲဆိုတာ လက်ရှိအခြေအနေကို
ထင်ဟပ်ပြီးတော့ ကျနော့်အယူအဆလေးတွေ ပြောချင်တာပါပဲ” ဟု
သူက ဆက်ပြောသည်။

စစ်မှုထမ်းဟောင်း ဦးကိုကိုလှိုင်မှာ စက်တဘာ ၁ဝ ရက်နေ့ ရန်ကုန်မြို့ Orchid ဟိုတယ်၌ ပြုလုပ်မည့် ‘၂ဝ၁၁
မြန်မာ့နိုင်ငံရေး အခြေအနေ’ ဟောပြောပွဲတွင် စာရေးဆရာ မောင်စူးစမ်းနှင့်အတူ ဟောပြောမည်ဖြစ်သည်။

တိုင်းပြည် တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီ လွတ်လပ်မှုတို့အား ဟန်ချက်ညီညီ သွားရမည်ဟု ယူဆသူ ဦးကိုကိုလှိုင် အနေဖြင့် နိုင်ငံရေး အကျဉ်းသား

လွှတ်ပေးရေးကိစ္စတွင် အကြွင်းမဲ့ လွှတ်ပေးရေးမှာ မဖြစ်နိုင်သေး
ကြောင်း "ကျနော့်သဘောဆန္ဒအရကတော့ (ထောင်)အထဲမှာ ဘယ်သူမှ မရှိတာ အကောင်းဆုံးပဲ။ သို့သော်လည်း လူအကုန်လုံးကို အကြွင်းမဲ့ တခါတည်း လွှတ်ပေးဖို့ဆိုတာကျ လက်တွေ့မှာ ဖြစ်ချင်မှလည်း ဖြစ်နိုင်မယ်။ သူတို့မှာ technical issue လေးတွေ၊ ဖြေရှင်းကြရတာလေးတွေ ရှိလိမ့်မယ်" ဟု ၎င်းက ဆိုသည်။

စနေနေ့ နေ့လည် ၁၂ နာရီတွင် စတင်ပြုလုပ်မည့် ဟောပြောပွဲတွင် အသက် ၈၄ နှစ်အရွယ် စာရေးဆရာ
မောင်စူးစမ်းလည်း ပါဝင်ဟောပြောမည်ဖြစ်သည်။

"နိုင်ငံရေးဆိုတာ ဖြစ်နိုင်ခြေကို လုပ်တာ" ဟု ယုံကြည်သော မောင်စူးစမ်းမှာ နိုင်ငံရေး 'စပေ့'၊ နိုင်ငံရေး 'အရွေ့'
များကို ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ဆက်တိုက်ရေးသားလာခဲ့ရာ ဖေဖော်ဝါရီ ၄ ရက် မြန်မာ့အလင်းပါ
ဆောင်းပါးတွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်သုံးရပ်တို့မှာ လုံလောက်သော အင်စတီကျူးရှင်းများ
ဖြစ်သည်'ဟု ရေးသားခဲ့သည်။

ဆရာမောင်စူးစမ်းမှာ စီးပွားရေး၊ ဂလိုဘယ်လိုက်ဇေးရှင်းတို့နှင့်ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်ခဲ့သော်လည်း ယခုဟောပြောပွဲတွင် ထည့်သွင်းဟောပြောမည့် အကြောင်းအရာများနှင့် ပတ်သက်၍ မဇ္ဈိမက မောင်စူးစမ်းအား ဆက်သွယ် မေးမြန်းခဲ့ရာ အကြားအာရုံ မကောင်းတော့သဖြင့် ဖုန်းလက်ခံ မပြောနိုင်တော့ကြောင်း ဇနီးဖြစ်သူ
ဒေါ်ခင်ချစ်က ပြောသည်။

ဟောပြောပွဲအား လျှပ်တပြက် ဂျာနယ်နှင့် Orchid ဟိုတယ်တို့က စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး ပရိသတ်အား လူဦးရေ ကန့်သတ်ဖြင့်သာ လက်ခံထားရာ သတ်မှတ်ဦးရေ ၁၀၀ ဝန်းကျင် ပြည့်ပြီဖြစ်ကြောင်း ဂျာနယ်ဝန်ထမ်းတဦးက မဇ္ဈိမကို ပြောသည်။

"ပရိသတ်ကတော့ ကုမ္ပဏီတွေက ဒါရိုက်တာအဖွဲ့ဝင်မျိုးတွေ၊ ရှေ့နေတွေ၊ ကျောင်းသားလေးတွေ၊ နည်းပညာတက္ကသိုလ်က ကျောင်းသားတွေ ပါတယ်ရှင့်။ လူက ပြည့်သွားပြီရှင့်" ဟု သူက ပြောသည်။

မောင်စူးစမ်းနှင့် ဦးကိုကိုလှိုင်တို့ နှစ်ဦးမှာ သဘောထားကွဲလွဲကြသူများ မဟုတ်ကြသဖြင့် ၎င်းတို့၏ '၂၀၁၁ မြန်မာ့
နိုင်ငံရေး အခြေအနေ ဆွေးနွေးပွဲ' မှာ စိတ်လှုပ်ရှားဖွယ် သိပ်မရှိလှကြောင်း ဝေဖန်မှုများလည်း ရှိနေသည်။

သမ္မတ အကြံပေးအနေဖြင့် ယခုကဲ့သို့ ဟောပြောပွဲများပြုလုပ်ခြင်းဖြင့် မည်သူမဆို မိမိအယူအဆအား လွတ်လပ်စွာ
ဟောပြောခြင်းအား ကြိုဆိုသော်လည်း အယူအဆမတူသူများနှင့် စကားစစ်ထိုးခြင်းအား မလိုလားကြောင်း "ဗုဒ္ဓရဲ့ အဆုံးအမအရ ငြင်းခုန်ခြင်းဆိုတာ ဘယ်တော့မှ အကျိုးမရှိဘူး။ တယောက်နဲ့ တယောက် ငြင်းကြခုန်ကြ၊ အနိုင် လုကြတာတွေထဲမှာ ကျနော် ပါမှာမဟုတ်ပါဘူး။ အရေးကြီးတာက တိုင်းပြည်ကောင်းစားစေချင်တဲ့ စေတနာတူရင် common ground မှာ အတူတူအလုပ်လုပ်ကြဖို့ အဆင်သင့်ပါပဲ" ဟု စစ်ဦးစီးမှူး (ပထမတန်း) တာဝန်ဖြင့် အနားယူခဲ့သော ဦးကိုကိုလှိုင်က
ပြောသည်။

မက်ဆင်ဂျာကို ကန့်သတ်အပြစ်ပေး
သဲသဲ | ကြာသပတေးနေ့၊ ဖေဖော်ဝါရီ ၁၀ ရက် ၂၀၁၁ ခုနှစ် ၁၈ နာရီ ၁၃ မိနစ်
အီးမေးလ်ပို့ရန် ပရင့်ထုတ်ရန် PDF ဖိုင်ရယူရန်

နယူးဒေလီ (မဇ္ဈိမ) ။ ။ အချုပ်ပိုဖော်ပြရန် ကြိုတင်ခွင့်ပြုချက် မတောင်းခံခဲ့သော မက်ဆင်ဂျာ The Messenger ဂျာနယ်ကို စာပေစိစစ်ရေးက လာမည့် တနင်္ဂနွေတွင် ဖြန့်ချိမည့် စာစောင်အတွက် နောက်ဆက်တွဲ သတင်း ဖော်ပြခွင့် မပေးဘဲ ကန့်သတ်အပြစ်ပေးကာ တုံ့ပြန်လိုက်သည်။

"နောက်ဆက်တွဲ သတင်း" ဖော်ပြခွင့်မပြုဘဲ ကန့်သတ်လိုက်ခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်တာဗျူးကို အချုပ်ပိုအဖြစ် ဩဂုတ် ၄ ရက်နေ့က ဈေးကွက်သို့ ဖြန့်ချိခဲ့သော မက်ဆင်ဂျာ ဂျာနယ်အနေဖြင့် ဗုဒ္ဓဟူးနေ့ကပင် ဆင်ဆာ အပြီးတင် လိုက်ရသည်။ဩဂုတ် ၁၁ ရက်နေ့တွင် ဖြန့်ချိမည့်
စာစောင်အတွက်ကိုသာလျှင် ကန့်သတ်ခြင်း
ဖြစ်ပါသည်။
dasskarticle

မက်ဆင်ဂျာ The Messenger ဂျာနယ်ကို နောက်ဆက်တွဲသတင်း ဖော်ပြခွင့် မပေးဘဲ ကန့်သတ်အပြစ်ပေး၊ ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူး ပါသောကြောင့် ဂျာနယ် ရောင်းအားတက် (ဓါတ်ပုံ မဇ္ဈိမ)

စည်းကမ်း ချိုးဖောက်၍ အရေးယူခြင်း ဖြစ်သည်ဟု ဂျာနယ်တိုက် တာဝန်ရှိသူများကို ပြန်ကြားရေး ဝန်ကြီးဌာန လက်အောက်ခံ ဆင်ဆာဘုတ်က ပြောသော်လည်း ထုံးစံအတိုင်းပင် မည်သည့် ပြစ်ချက်ကြောင့် အရေးယူသည်ကို ရှင်းပြခြင်းမရှိဟု မက်ဆင်ဂျာ၏ တာဝန်ရှိသူတဦးက ပြောသည်။

သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူး အချပ်ပိုနှင့် ပတ်သက်၍ ကြိုတင်ခွင့်ပြုချက် မယူခဲ့သည့် အတွက် အရေးယူခြင်း ဖြစ်မည်ဟု ဂျာနယ်တာဝန်ရှိသူများ ယုံကြည်ကြသည်။

" အတွင်းစာမျက်နှာ ဖော်ပြဖို့နေရာ အခက်အခဲကြောင့်ရယ် အချိန်လည်း မမီတော့တာနဲ့ ကျနော်တို့က အချပ်ပို ထည့်လိုက်ပါ" ဟု မက်ဆင်ဂျာ၏ အယ်ဒီတာတဦးက ပြောသည်။

ဂျာနယ်ဈေးကွက်တွင် သတင်းဦး၊ သတင်းထူးပါသော အချပ်ပိုကို အပြင်ထုတ်ကာ အသားပေး ရောင်းချလေ့ ရှိသည်။ ပထမဦးဆုံး အနေဖြင့် ပြည်တွင်းဂျာနယ် တခုတွင် ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူး ပါရှိခြင်းကား ဂျာနယ်
ရောင်းအား တက်စေခဲ့ကြောင်း လေ့လာသူများက ပြောသည်။

တနင်္ဂနွေ အပတ်စဉ်ထုတ် သတင်းဂျာနယ် မက်ဆင်ဂျာမှာ တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့များတွင် မိမိ ပုံနှိပ်ဖော်ပြလိုသော သတင်းများ စာပေစိစစ်ရေးကို တင်ပြ အတည်ပြုချက် ရယူနိုင်ပြီး နောက်ဆက်တွဲ သတင်း (သို့မဟုတ်) ထပ်မံ
ဖော်ပြလိုသော သတင်းရှိသေးလျှင် စနေနေ့တွင် တင်ပြခွင့် ရှိသည်။

နောက်ဆက်တွဲ သတင်းများမှာ လတ်ဆတ်မှု ပိုလေ့ ရှိသည့်အပြင် ပထမရက်များက တင်ပြထားသည့် သတင်းများ အနက် စိစစ်ရေးက ခွင့်မပြု၊ ဆိုင်းငံ့ဟု မှတ်ချက်ပြုပါက နောက်ဆက်တွဲ သတင်းများဖြင့် အစားထိုး ဖြည့်သွင်းရ
သဖြင့် နောက်ဆက်တွဲ သတင်း တင်ပြမှုသည် ဂျာနယ်တိုက်များ အတွက် အရေးကြီးသည့် ကဏ္ဍ ဖြစ်သည်။

"ဒေါ်အောင်ဆန်းစုကြည် အင်တာဗျူးမို့ ဒီလောက် ရေးကြီးခွင်ကျယ်ဖြစ်တာ" ဟု ပြည်တွင်း ဂျာနယ် အယ်ဒီတာ တဦးက အာဏာပိုင်များ၏ အကဲဆတ်သည့်သဘောကို ပြောသည်။

ရွှေကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ သားဖြစ်သူ ဦးဇော်မင်းအေး ထုတ်ဝေသည့် မက်ဆင်ဂျာမှာ "ယနေ့ခေတ် လူငယ်များအပေါ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမြင်" ကို ဖော်ပြခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၏ အင်တာဗျူးများကို အခြားသော ဂျာနယ်များတွင်လည်း မကြာမီ ပိုမိုတွေ့လာရဖွယ် ရှိသည်ဟု ရန်ကုန်ရှိ သတင်းစာဆရာများက ပြောသည်။

ပြောင်းလဲလိုက်သည့် စာပေစိစစ်ရေး စည်းကမ်းချက်များတွင် သတင်း၊ မှုခင်း၊ ပညာရေး၊ စီးပွားရေး၊ ဘာသာရေး အမျိုးအစားဝင် ၁၈၀ ခုကိုမူ ပုံနှိပ်ထုတ်ဝေခြင်း မပြုခင် ကြိုတင်ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသည်။ ယင်းအမျိုးအစားကို "တင်ထုတ်"ဟူ၍ ခေါ်လေ့ရှိကြသည်။
http://www.mizzimaburmese.com

ကြာသပတေး, 08 စက်တင်ဘာ 2011
လူ့အခွင့်အရေး ကော်မရှင် NLD ကြိုဆိုစောင့်ကြည့်

By မသင်းသီရိ

အီးမေးလ်
ပုံနှိပ်ရန်

မြန်မာနိုင်ငံမှာ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တရပ် ဖွဲ့စည်းလိုက်တာကို ကြိုဆိုပေမဲ့ ဒီအဖွဲ့အနေနဲ့ ဘယ်လောက်ထိ လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်မလဲ ဆိုတာတော့ သတိထား စောင့်ကြည့်ဖို့ လိုတယ်လို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အပါအဝင် တခြား နိုင်ငံရေးပါတီတွေက ပြောပါတယ်။ ဒါပေမဲ့ အခုဖွဲ့လိုက်တဲ့ ကော်မရှင်ဟာ ဝန်ထမ်းဟောင်းတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်သလို လွတ်လပ်စွာ လူ့အခွင့်အရေး အခြေအနေတွေကို လေ့လာ လုပ်ဆောင်နိုင်မှာ ဖြစ်တယ်လို့လည်း သမ္မတ အကြံပေးအဖွဲ့ရဲ့ အဖွဲ့ဝင်တဦးက ပြောပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံက လူ့အခွင့်အရေး အခြေအနေတွေ မြှင့်တင်ဖို့အတွက် အငြိမ်းစား သံတမန်ဟောင်းတွေ၊ အငြိမ်းစား ပညာရေးဆိုင်ရာ ပါမောက္ခတွေနဲ့အတူ အစိုးရ ဝန်ထမ်းဟောင်း ၁၅ ဦးနဲ့ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တရပ်ကို ဖွဲ့စည်းလိုက်တယ်လို့ အစိုးရက ပြီးခဲ့တဲ့ စက်တင်ဘာ ၆ ရက် အင်္ဂါနေ့က ကြေညာလိုက်ပါတယ်။

လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ဆိုးဆိုးဝါးဝါးအဆင့်မှာ ရှိနေတဲ့ မြန်မာနိုင်ငံအတွက် အခုလို လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်လာအောင်

ကော်မရှင်တရပ်ဖွဲ့ပြီး လုပ်ဆောင်မယ်လို့ ပြောလိုက်တာကို ကြိုဆိုပေမဲ့ ဘယ်လောက်ထိ လုပ်နိုင်မလဲ ဆိုတာတော့ စောင့်ကြည့်ဖို့ လိုမယ်လို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီက ပြောပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်နေမှုတွေ အများကြီးထဲက တရားဥပဒေ စိုးမိုးရေး ကိစ္စဟာ အရေးတကြီး အဆင့်မှာ ရှိနေတယ်လို့ NLD ပါတီရဲ့ ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ကျနော်တို့ အခုလို လူ့အခွင့်အရေး ကော်မရှင် အပေါ်မှာ တကယ်လုပ်နိုင်မယ် ဆိုတဲ့သဘော ပြောတာကို ကျနော်တို့ ကြိုဆိုပါတယ်။ ဒါပေမဲ့ တကယ်တမ်း ဖြစ်လာဖို့ကိုတော့ ကျနော်တို့ လေ့လာစောင့်ကြည့်ဖို့ လိုအပ်ဦးမယ်လို့ ယူဆပါတယ်။ အဲဒီလို လွတ်လပ်တဲ့ ပုဂ္ဂိုလ်များနဲ့ ဖွဲ့ထားတဲ့ ကော်မရှင်က လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရရှိဖို့ လိုတယ်။ ကျနော်တို့ အဲဒါကို မျှော်လင့်နေပါတယ်။ ကျနော်တို့ သတိထားတော့ စောင့်ကြည့်ရမယ်။ တရားဥပဒေ စိုးမိုးရေးက မရှိသေးဘူး။ တရားဥပဒေ စိုးမိုးရေးကလည်း လူ့အခွင့်အရေးမှာ ပါတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်ရင် အရေးအကြီးဆုံးကတော့ တရားဥပဒေ စိုးမိုးမှု ရှိဖို့ပါပဲ။"

လူ့အခွင့်အရေး ကော်မရှင်အပေါ် NLD ပါတီရဲ့ သဘောထားကို ဦးဉာဏ်ဝင်း ပြောပြခဲ့တာ ဖြစ်ပါတယ်။

ဒီလိုအချက်တွေအပြင် အစိုးရ အဖွဲ့အစည်းက လုပ်ငန်းတွေအတွင်းနဲ့ စစ်တပ်တွေအတွင်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ ပတ်သက်လို့လည်း ဒီကော်မရှင်ဟာ တကယ်တမ်း လွတ်လွတ်လပ်လပ် စုံစမ်း တင်ပြနိုင်ပဲ့မလားလို့လည်း ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPP) အဖွဲ့က ဦးအေးသာအောင်က ဆိုပါတယ်။

"ကော်မရှင်တရပ် ပေါ်လာတယ်၊ ပြီးတော့ အငြိမ်းစား သံအမတ်ကြီးများနဲ့ ဖွဲ့စည်းလိုက်တဲ့ ကော်မရှင် ပေါ်လာတာ အပေါ်မှာတော့ ကောင်းတယ်လို့ ပြောချင်ပါတယ်။ ဒါပေမဲ့ အစိုးရနဲ့ ပတ်သက်တဲ့ တချို့ကိစ္စတွေကိုတော့ လွတ်လွတ်လပ်လပ် စုံစမ်းနိုင်မလား၊ စစ်ဆေးနိုင်မလား၊ ဒီစုံစမ်းစစ်ဆေးမှု အပေါ်မှာရော ဘယ်လောက်အထိ အရေးယူမှု ရှိမလဲဆိုတဲ့ ကိစ္စတွေက မေးစရာတွေ တပုံတခေါင်းကြီး ရှိပါတယ်။ စုံစမ်းစစ်ဆေးပြီးတော့ လုပ်ပိုင်ခွင့်တွေရှိမယ်၊ အရေးယူပိုင်ခွင့်တွေရှိမယ် ဆိုတာကတော့ အန်ကယ်တို့ အများကြီး သံသယရှိတယ်။ စောင့်လည်း စောင့်ကြည့်ဖို့လိုတယ်။"

မြန်မာနိုင်ငံတွင်း တိုင်းရင်းသား ဒေသတွေမှာ လက်ရှိဖြစ်နေတဲ့ ထိုးစစ်တွေကြောင့် ဒေသခံတွေ ကြုံနေရတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဒီကော်မရှင်ဟာ ဘယ်လိုခြေလှမ်းတွေနဲ့ စုံစမ်းပြီးတော့ ဘယ်လောက်အထိ လုပ်နိုင်မလဲဆိုတာ စောင့်ကြည့်ပြီး ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေကို သုံးသပ်ချင်တယ်လို့ ကျားဖြူပါတီလို့ လူသိများတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ဦးစိုင်းမောင်တင်က ပြောပါတယ်။ အထူးသဖြင့် လက်ရှိ တိုင်းရင်းသား ဒေသတွေအတွင်း စစ်တပ်က လုပ်နေတဲ့ ထိုးစစ်တွေ ရပ်ဆိုင်းဖို့နဲ့ တိုက်ပွဲတွေအတွက် ဒေသခံတွေကို ပေါ်တာအဖြစ် ခေါ်ယူနေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ အတော်စိုးရိမ်စရာ အဆင့်မှာ ရှိနေတယ်လို့ ပြောပါတယ်။

"အဲဒီ တိုင်းရင်းသားဒေသမှာ ကျနော်နဲ့ အနီးစပ်ဆုံးကို ပြောရမယ်ဆိုရင် တပ်မဟာ ၁ နယ်မြေမှာဖြစ်တဲ့ SSA မြောက်ပိုင်းပေါ့၊ အဲဒီမှာ ထိုးစစ်တွေ ရပ်ဖို့တော့ ပထမဆုံး အနေနဲ့ လိုအပ်လိမ့်မယ်လို့ ထင်ပါတယ်။ လောလောလတ်လတ် ဒီတပတ်အတွင်းမှာ ဖြစ်သွားတဲ့ ကိစ္စလေးတခုပေါ့၊ လယ်ထဲမှာသွားပြီး မြေသြဇာကျွေးနေတဲ့ လယ်သမားတယောက် အပါအဝင် ၇ ယောက် အဆွဲခံရတာ၊ ကျေးသီးမြို့နယ်မှာပါ၊ ပေါ်တာဆွဲခံရတယ်။ ပေါ်တာဆွဲခံရတော့ ကျနော်တို့ ကျားဖြူပါတီကနေပြီးတော့ သွားပြီးတော့ အာမခံ ပေးရပါတယ်။

"အဲဒီကော်မတီ အနေနဲ့တော့ တော်တော်လေး ကြိုးစားရမှာ အမှန်ပဲ။ ဘာကြောင့်လဲဆိုတော့ တိုင်းရင်းသားတွေက ဝေးလံခေါင်ဖျားတဲ့ ဒေသတွေမှာ ရှိနေတဲ့ အခါကျတော့ အဲဒီကော်မရှင် အနေနဲ့ သွားရောက်ကွင်းဆင်းပြီး သေသေချာချာလေးကို စိစစ်ရမှာပေါ့။ သူတို့အတွက်က ခက်တော့ ခက်ခဲလိမ့်မယ်လို့ ထင်ပါတယ်။ သူတို့လုပ်နိုင်တဲ့ အတိုင်းအတာပေါ်မှာ မူတည်ပြီးမှ ကျနော်တို့ ဆုံးဖြတ်ချက် ချရမှာပေါ့။"

ကျားဖြူပါတီက ဦးစိုင်းမောင်တင် ပြောပြသွားတာ ဖြစ်ပါတယ်။

အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တရပ် ပေါ်လာတာကို ကြိုဆိုပေမဲ့ သတိနဲ့ စောင့်ကြည့်ရမယ်လို့ အခုလို နိုင်ငံရေးပါတီတွေနဲ့ တိုင်းရင်းသား အဖွဲ့တွေက ဆိုပေမဲ့ ဒီအဖွဲ့ဟာ လူ့အခွင့်အရေး လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ လွတ်လွတ်လပ်လပ် သီးခြား လုပ်ဆောင်နိုင်မှာဖြစ်ပြီး အခြေအနေတွေကို သမ္မတအထိ တိုက်ရိုက် တင်ပြနိုင်ခွင့်ရှိတဲ့ အဖွဲ့ဖြစ်တယ်လို့ သမ္မတ အကြံပေးအဖွဲ့က အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးနေဇင်လတ်က ပြောပါတယ်။

"အရင်တုန်းကတော့ ပြည်ထဲရေး ဝန်ကြီးဌာနက နေပြီးတော့ ဒီလို ကော်မတီတခု ရှိတယ်ပေါ့။ အခုဟာကျတော့ National Level ဖြစ်သွားတယ်ဗျ။ ဘယ်ဝန်ကြီးဌာန အောက်မှာမှ သူက မရှိဘူးဗျ။ ဆိုလိုချင်တာက ဝန်ကြီးဌာန တခုခု၊ သို့မဟုတ် အစိုးရ အဖွဲ့အစည်း တခုခုရဲ့ ဩဇာသက်ရောက်မှုပေါ့ဗျာ၊ အဲဒါ သူ့ဆီမှာ မရှိဘူးဗျ။ ဝန်ကြီးဌာန တခုခုက မသွားဘဲနဲ့ သမ္မတကို တိုက်ရိုက်တင်ပြနိုင်တဲ့ အခွင့်အလမ်းတွေ သူ့မှာရှိတယ်။ အကြမ်းဖျင်းပြောရင်တော့ တော်တော် ကျယ်ကျယ်ပြန့်ပြန့် လုပ်မှာပါ။ ကျနော်တို့နိုင်ငံမှာလည်း မရှိဘူး မဟုတ်ဘူး၊ ရှိပါတယ်။ တတိယနိုင်ငံကတော့ Developed ဖြစ်တဲ့ နိုင်ငံတွေထက်တော့ နည်းနည်း ပိုနိုင်တာပေါ့။"

သမ္မတ အကြံပေးအဖွဲ့က အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးနေဇင်လတ် ပြောပြသွားတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေတွေနဲ့ ပတ်သက်လို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ တောမတ်စ် အိုဟေး ကင်တားနား (Mr. Tomas Ojea Quintana) ကလည်း မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိမရှိ ကုလသမဂ္ဂက စုံစမ်းဖို့ ကော်မရှင်တရပ်

ဖွဲ့စည်းရေးကိုလည်း အဆိုပြုထားတာ ဖြစ်ပါတယ်။

ကြာသပတေး, 08 စက်တင်ဘာ 2011
ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံ ပြန်လည် ဖော်ပြခွင့်ရ

By ကျော်ကျော်သိန်း

အီးမေးလ်
ပုံနှိပ်ရန်

အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော် စာအုပ်မျက်နှာဖုံး။
အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော် စာအုပ်မျက်နှာဖုံး။

အများပြည်သူကြားထဲ နှစ်ပေါင်းများစွာ ပုံနှိပ်ဖြန့်ချိခွင့် မရခဲ့တဲ့ သမိုင်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံ ပါတဲ့ စာအုပ်တအုပ်ကို ဒီကနေ့ စက်တင်ဘာလ ၈ ရက်နေ့မှာ စတင် ဖြန့်ချိလိုက်ပါပြီ။ မြန်မာ့လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ရေးသားထားတဲ့ စာအုပ်တအုပ်ထဲမှာ သမဂ္ဂ အဆောက်အဦးပုံကိုပါ ပုံနှိပ်ဖြန့်ချိခွင့် ရခဲ့တာပါ။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိတ်ဆွေတွေ၊ လုပ်ဖော်ကိုင်ဘက်တွေ စသဖြင့် စာရေးဆရာတွေ ရေးသားခဲ့တဲ့ ဆောင်းပါး ၅၇ ပုဒ်ကို စုစည်းပြီးတော့ 'အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်' ဆိုတဲ့ စာအုပ်ထဲမှာ ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကိုပါ ထည့်သွင်း ဖော်ပြထားတာပါ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝတလျှောက် ခေတ်အသီးသီးကို ထင်ဟပ်တဲ့ ဓာတ်ပုံတွေကို ကဏ္ဍတွေခွဲပြီး ဖော်ပြထားတယ်လို့ ဒီစာအုပ်ကို ထုတ်ဝေတဲ့ တိုးမြစ်စာအုပ်တိုက်ရဲ့ ထုတ်ဝေသူ ကိုဝင်းဖော်လတ်က ဗွီအိုအေကို ပြောပါတယ်။

"ကျနော်တို့က ဒီစာအုပ်မှာတော့ ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦးဆိုပြီး နောက်မှာ အဲဒီလိုလေး ထည့်ပြီးတော့ ဖော်ပြထားတာပေါ့ဗျာ။ ပြီးတော့ ဗိုလ်ချုပ်ဓာတ်ပုံတွေကို ဖော်ပြတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကျောင်းသားဘဝ၊ နောက်တခုက သခင်ဘဝ၊ နောက် ရဲဘော်သုံးကျိပ်ဘဝ၊ ပြီးတော့ ဗိုလ်ချုပ်ရဲ့ အိမ်ထောင်သည်ဘဝ၊ နောက် စစ်ဝန်ကြီးဘဝ၊ ပြီးတော့ နောက်ပိုင်း နိုင်ငံရေးသမား ဦးအောင်ဆန်းဘဝပေါ့၊ အဲဒီလိုမျိုး ကဏ္ဍ ၃ ခုခွဲပြီး ဓာတ်ပုံတွေကို စာအုပ်ရဲ့ သင့်တော်တဲ့ နေရာတွေမှာ အပိုင်းလိုက်၊ အပိုင်းလိုက် ခွဲပြီးတော့ ထည့်ထားပါတယ်။ အဲဒီအထဲမှာ ကျောင်းသားကဏ္ဍမှာဆိုရင် ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ထည့်ထားပါတယ်။"

ကျောင်းသားသမဂ္ဂ အဆောက်အဦးဟာ တချိန်တုန်းက ရန်ကုန်တက္ကသိုလ်ဝင်း အတွင်းမှာ တည်ရှိခဲ့တာဖြစ်ပြီး ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ မနက်ပိုင်းမှာ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ဖောက်ခွဲ ဖြိုချပစ်ခဲ့တာပါ။ အဲဒီအချိန်နောက်ပိုင်း ကတည်းက ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကို မြန်မာနိုင်ငံတွင်း စာပေစိစစ်ရေး ခွင့်ပြုချက်နဲ့ တရားဝင် ထုတ်ဝေရတဲ့ စာအုပ်တွေမှာ ပုံနှိပ်ဖော်ပြခွင့် မရခဲ့တာကြောင့် ရာစုနှစ်ဝက်နီးပါး ကြာပြီး နောက်မှာမှ အများပြည်သူ ကြည့်ခွင့်ရတဲ့အထိ ပုံနှိပ် ဖော်ပြနိုင်ခဲ့တဲ့အပေါ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သူကတော့ ၇ ဇူလိုင် အရေးအခင်းမှာ ကိုယ်တိုင်ပါဝင်ခဲ့သူ ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်ဟောင်း ဦးနိုင်းနိုင်း ဖြစ်ပါတယ်။

"ဒီလို ပုံနှိပ်ခွင့် ဆိုတာကတော့ ရရမယ့်ဥစ္စာ အခု ရလာတာပေါ့ဗျာ။ အင်မတန် မင်္ဂလာရှိပြီး ဝမ်းသာစရာ ကောင်းတယ်လို့ ကျနော် မြင်ပါတယ်။ ကျောင်းသားသမဂ္ဂ အဆောက်အဦး ဆိုတာက သမိုင်းမှာလည်း အင်မတန် အရေးကြီးတဲ့ Landmark ပေါ့ဗျာ၊ အမှတ်တရ နေရာဌာနကြီး ဖြစ်ပါတယ်။ တိုင်းပြည်နဲ့ချီပြီး မင်္ဂလာရှိတဲ့ အဆောက်အဦးတခုက အမြဲတမ်းလို စဉ်ဆက်မပြတ် ရုံဖန်ရံခါ စာနယ်ဇင်းတွေမှာ ပါသင့်တဲ့ဥစ္စာ နှစ်ပေါင်းများစွာ ဘယ်မှာမှ မမြင်ရဘူး။ ကျနော်ကတော့ သိမ်းထားပါတယ်၊ ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကို တလောကမှ ကျောင်းသားလူငယ်တွေကို ပြသေးတယ်။ ကျနော့်မှာ ဓာတ်ပုံ သေချာရှိတယ်။

"အဲဒီတော့ ဒီဥစ္စာကြီး ဒီမှာ လူသိရှင်ကြား၊ လူတွေ သိသင့်သိထိုက်တဲ့ဟာကို အများပြည်သူ မြင်တွေ့နိုင်အောင် ထုတ်ဝေခွင့်ရတယ် ဆိုတာကအစ အင်မတန် ကြီးမားတဲ့ မင်္ဂလာတရားတခု ဖြစ်ပေါ်လာတယ်လို့ ယူဆပါတယ်။ နောက်တခုက သမိုင်းဆိုတာ ဖျောက်လို့မရဘူး၊ ကွယ်လို့မရဘူး၊ ပြန်ပေါ်မှာပဲဆိုတဲ့ အဆိုအမိန့်က တယ်မှန်တာပဲ ဆိုတဲ့ဟာကို ခံစားရတယ်၊ ဝမ်းသိပ်သာတယ်ဗျာ၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့။"

လက်ရှိမှာ NLD ရဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တဦးဖြစ်တဲ့ ဦးနိုင်းနိုင်းဟာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ကို ကိုယ်စားပြုပြီး ပုဇွန်တောင်မြို့နယ်ကနေ ရွေးကောက်တင်မြှောက် ခံခဲ့ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တဦး ဖြစ်သလို နှစ်ရှည် အကျဉ်းကျခဲ့တဲ့ နိုင်ငံရေး အကျဉ်းသားဟောင်း တဦးလည်း ဖြစ်ပါတယ်။

အခု ထုတ်ဝေဖြန့်ချိလိုက်တဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ထဲမှာ ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံအပြင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးဖြစ်သူ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ချခံထားရစဉ် ကာလအတွင်း ရေးဆွဲခဲ့တဲ့ ဗိုလ်ချုပ်ရဲ့ပုံတူ Sketch ပုံကြမ်း ၃ ခုလည်း

ပါသလို ဗိုလ်ချုပ်ပုံနဲ့ ထုတ်ခဲ့ဖူးသမျှ ငွေစက္ကူတွေ၊ တခြား သမိုင်းဝင် ဓာတ်ပုံတွေလည်း ပါတယ်လို့ ထုတ်ဝေသူက ပြောပါတယ်။

ကိုယ်တိုင်က လူငယ်တဦးဖြစ်သလို မျိုးဆက်သစ် လူငယ်တွေအားလုံး ကြည့်ခွင့်ရအောင် အခုလို ပုံနှိပ်ဖော်ပြခွင့် ရခဲ့တဲ့အတွက် သူကိုယ်တိုင်လည်း အထူးဝမ်းသာရပါတယ်လို့ ထုတ်ဝေသူ ကိုဝင်းဇော်လတ်က ပြောပါတယ်။

"နောက်ပိုင်းလူငယ်တွေ အနေနဲ့ ကျောင်းသားသမဂ္ဂ အဆောက်အဦး ဆိုတာကို မေ့လျော့နေပြီ။ မေ့လျော့နေပြီ ဆိုတဲ့အခါကျတော့ အခုလိုမျိုး စာအုပ်တအုပ်မှာ ကျောင်းသားသမဂ္ဂ အဆောက်အဦးကို ပြန်ပြီးတော့ ပုံနှိပ်ဖော်ပြခွင့် ရတဲ့အတွက် ကျနော် အရမ်းပဲ ဝမ်းသာပါတယ်။ အထူးသဖြင့် ဒီလိုမျိုး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းကို ရေးထားတဲ့ စာအုပ်ထဲမှာ ဖော်ပြခွင့် ရတဲ့အတွက်၊ အဓိကတော့ အခုလို ဗိုလ်ချုပ်အောင်ဆန်းကို လူတွေ ပြန်ပြီးတော့ လှိုက်လှိုက်လှဲလှဲနဲ့ ဗိုလ်ချုပ်စာအုပ်တွေ ဖတ်တဲ့အချိန်မှာ အားပေးကြတယ်၊ စိတ်ဝင်စားမှု ရှိကြတယ်ဆိုတဲ့ အချိန်၊ ဗိုလ်ချုပ်အောင်ဆန်းစာအုပ် တအုပ်ထဲမှာ ဒီလိုမျိုး ထည့်ခွင့်ရတယ်၊ ပုံနှိပ်ဖော်ပြခွင့် ရတဲ့အတွက် ကျနော် အများကြီး ဝမ်းသာပါတယ်။ နောက်ပိုင်းလူငယ်တွေ အတွက်လည်း သမိုင်းဆိုင်ရာအားဖြင့် တန်ဖိုးတခုခု ရှိလိမ့်မယ်လို့ ကျနော်ထင်ပါတယ်။"

'အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်' စာအုပ်ကို ထုတ်ဝေသူ ကိုဝင်းဇော်လတ် ပြောပြခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်တုန်းကလည်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံမေးမြန်းခန်း တခုကို ပြည်တွင်းထုတ် Messenger ဂျာနယ်မှာ ထည့်သွင်းဖော်ပြခွင့် ရခဲ့သလို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ရေးတဲ့ ပုဂံခရီးသွား ဆောင်းပါးကိုလည်း ပြည်သူ့ခေတ်ဂျာနယ်မှာ ဖော်ပြနိုင်ခဲ့ပါတယ်။

အခု ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်နဲ့အတူ ကျောင်းသားသမဂ္ဂ အဆောက်အဦးပုံကိုပါ ပုံနှိပ်ဖော်ပြခွင့်ရခဲ့တဲ့ တိုးမြစ် စာအုပ်တိုက်ကတော့ နောင်မှာလည်း အလားတူ ပုံနှိပ်ထုတ်ဝေခွင့်တွေ ဆက်ပြီးရသွားဖို့ မျှော်လင့်ထားပါတယ်။

ကြာသပတေး, 08 စက်တင်ဘာ 2011
အချိန်သိပ်မနှောင်းခင် ဆီးရီးယား ပြုပြင်ဖို့ ဘန်ကီမွန်း တိုက်တွန်း

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) က ဆီးရီးယား သမ္မတ ဘာရှား အယ်လ် အာဆတ်ဒ် (Bashar al-Assad) အနေနဲ့ အလွန်အကျွံ အင်အားသုံးပြီး အသေအကျေ နှိမ်နင်းနေတာတွေကို ရပ်တန့်ဖို့ သူ ခဏခဏ တောင်းဆိုနေတဲ့ ကြားထဲကပဲ ဆီးရီးယား နိုင်ငံသားတွေအပေါ် အကြမ်းဖက်မှုတွေ ဆက်ဖြစ်နေတယ်လို့ ဆိုလိုက်ပါတယ်။

သြစတြေးလျနိုင်ငံ ဆစ်ဒနီ တက္ကသိုလ်မှာ ဒီနေ့ မိန့်ခွန်းပြောကြားရာမှာ မစ္စတာဘန်က မစ္စတာ အာဆတ်ဒ် အနေနဲ့ အရမ်း နောက်ကျမသွားခင်မှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဖို့ သူ တောင်းဆိုခဲ့တယ်လို့ ဆိုလိုက်ပါတယ်။ ဒါပေမဲ့ ဒါတွေကို လျစ်လျူရှုပြီး အရပ်သားတွေကို အစုလိုက် အပြုံလိုက် ဖမ်းဆီးမှုတွေနဲ့ သတ်ဖြတ်မှုတွေ ဆက်လုပ်နေတယ်လို့ မကျေမနပ် သူက ထောက်ပြလိုက်ပါတယ်။

လူ့အခွင့်အရေး လှုပ်ရှားသူတွေကလည်း ဒီနေ့မှာပဲ ဆီးရီးယား အနောက်မြောက်ပိုင်းက ရွာတရွာကို စစ်ကားတွေထဲက လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တယ်လို့ ဆိုပါတယ်။

မနေ့တုန်းကလည်း နိုင်ငံအလယ်ပိုင်း ဟုမ်းစ်ဒေသမှာ ဆန္ဒပြသူတွေကို လုံခြုံရေးတပ်တွေက ဝင်ရောက်နှိမ်နင်းရာမှာ အနည်းဆုံး လူ ၂၀ သေခဲ့ရတယ်လို့ ဆန္ဒပြသူတွေက ဆိုပါတယ်။

မနေ့တုန်းကပဲ ပြင်သစ်နိုင်ငံက ဆီးရီးယားမှာ Crimes Against Humanity လို့ခေါ်တဲ့ လူမဆန်တဲ့ ပြစ်မှုကြီးတွေ ဖြစ်နေပြီလို့ စွပ်စွဲလိုက်ပါတယ်။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး အယ်လိန်း ယပ်ပီ (Alain Juppe) က နိုင်ငံတကာက ဝိုင်းဝန်း ပိတ်ဆို့မှုတွေလုပ်တာ မှန်တယ်လို့ ပြောလိုက်ပြီး ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လက်ဗ်ရော့ဗ် (Sergei Lavrov) နဲ့ တွေ့ရာမှာ ရုရှားအနေနဲ့လည်း ပိုအားကောင်းတဲ့ ရပ်တည်မှု လုပ်ပေးဖို့ တိုက်တွန်းလိုက်ပါတယ်။ ဒါပေမဲ့ ရုရှားဘက်ကတော့ ဒီပြဿနာကို ဖြေရှင်းဖို့ တွေ့ဆုံ ဆွေးနွေးတာကိုပဲ သုံးဖို့ ဆက်ရပ်တည်ခဲ့ပါတယ်။

အမေရိကန်ဘက်ကလည်း အရင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နဲ့ ဖိအားပေးတာ မရတော့ဘဲ နောက်ထပ် ပိုအားကောင်းတဲ့ ဆုံးဖြတ်ချက်ရဖို့

ဆက်ကြိုးစားသွားရမယ်လို့ ဆိုပါတယ်။

ကြာသပတေး, 08 စက်တင်ဘာ 2011
လစ်ဗျားမှာ ရှိနေဆဲဟု ဂဒါဖီကြေညာ

By ဗွီအိုအေ (မြန်မာဌာန)

အီးမေးလ်
ပုံနှိပ်ရန်

ရာထူးက ဖြုတ်ချခံခဲ့ရတဲ့ လစ်ဗျားခေါင်းဆောင် မွမ်မာ ဂဒါဖီ (Moammar Gadhafi) ရဲ့ အသံသွင်း ပြောကြားချက်လို့ ဆိုတဲ့ ပြောကြားသံကို ဆီးရီးယား ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဲဒီ ပြောကြားချက်ထဲမှာ သူ လစ်ဗျားကနေ နီဂျား (Niger) နိုင်ငံထဲကို ထွက်ပြေး တိမ်းရှောင်သွားတယ်ဆိုတဲ့ ပြောဆိုချက်တွေအပေါ် ဝေဖန်ထားတယ်လို့ ဆိုပါတယ်။

အဲဒီလို ပြောဆိုမှုတွေဟာ လိမ်ညာပြောဆိုတာ ဖြစ်ပြီး လူတွေရဲ့ စိတ်ဓာတ်ပျက်ပြားအောင် ရည်ရွယ် လုပ်ဆောင်ခြင်းသာ ဖြစ်တယ်ဆိုပြီး သူဟာ လစ်ဗျားနိုင်ငံထဲမှာ ရှိသေးတယ်ဆိုပြီး အယ်လ်ရိုင်း (Al-Rai) ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်တဲ့ အထဲမှာ ပြောဆိုထားတာပါ။

သူ့ရဲ့တပ်ဖွဲ့တွေဟာ နေတိုးတပ်ဖွဲ့တွေကို အနိုင်ယူပြီး ထရီပိုလီ (Tripoli) မှာ ရောက်နေကြတဲ့ အမျိုးသား အသွင်ကူးပြောင်းရေး တပ်ဖွဲ့တွေကိုပါ တိုက်ခိုက်ဖို့ အဆင်သင့် ဖြစ်နေပြီလို့ ဂဒါဖီက ပြောထားပါတယ်။

လစ်ဗျားခေါင်းဆောင် ဂဒါဖီ တရားဥပဒေကို ရင်ဆိုင်မယ့် အရေးက ရှောင်ရှားပြီး နီဂျားနိုင်ငံထဲ ဝင်ရောက်လာမယ့် အရေးက ဟန့်တားပေးရေး နီဂျား အာဏာပိုင်တွေနဲ့ ဆွေးနွေးဖို့ အမျိုးသား အသွင်ကူးပြောင်းရေးကောင်စီ (NTC) က သူတို့ ကိုယ်စားလှယ်တွေကို နီဂျားနိုင်ငံထဲ လွှတ်ထားပါတယ်။

မစ္စတာ ဂဒါဖီ ဘယ်ရောက်နေတယ်ဆိုတာ အခုအချိန်မှာ ဘယ်သူမှ အတိအကျ မသိသေးပေမဲ့ နီဂျားနိုင်ငံကလည်း ဂဒါဖီ သူတို့နိုင်ငံထဲ ရောက်လာတယ်ဆိုတာ မဟုတ်မှန်ကြောင်း ငြင်းဆိုထားပါတယ်။

နီဂျားအာဏာပိုင်တွေ NTC ခေါင်းဆောင်တွေနဲ့ ညှိနှိုင်း ဆောင်ရွက်နေကြတာဖြစ်ပြီး သူတို့နိုင်ငံထဲ ဝင်လာတယ်ဆိုတဲ့ ယာဉ်တန်းကြီးဟာလည်း အပြင်မှာ ပြောဆိုနေကြတာတွေထက် အတော်လေး နည်းနေတယ်လို့ ဆိုပါတယ်။

ဗုဒ္ဓဟူး, 07 စက်တင်ဘာ 2011
မြန်မာ့လူ့အခွင့်အရေးကော်မရှင် ဘာတွေလုပ်နိုင်

By ဦးကျော်ဇံသာ

အီးမေးလ်
ပုံနှိပ်ရန်
ဝေဖန်ပါ

ဒီတပတ် မြန်မာ့မျက်မှောက်ရေးရာ အစီအစဉ်မှာ မကြာသေးခင်က မြန်မာနိုင်ငံအတွင်းမှာ ဦးသိန်းစိန်အစိုးရက အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းလိုက်တာနဲ့ ပတ်သက်လို့ လူ့အခွင့်အရေး ရှေ့နေတွေဖြစ်ကြတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဦးအောင်သိန်း နဲ့ အာရှလူ့အခွင့်အရေးကော်မရှင်က ဦးမင်းလွင်ဦး တို့ကို ဦးကျော်ဇံသာ ဆက်သွယ်မေးမြန်း ဆွေးနွေးသုံးသပ်တင်ပြထားပါတယ်။

ဦးကျော်ဇံသာ ॥ ॥ မြန်မာနိုင်ငံမှာ နအဖ/နဝတ အစိုးရတွေ တက်လာပြီးတဲ့နောက်မှာ လူ့အခွင့်အရေးအဖွဲ့လား၊ ကော်မရှင်လား ဖွဲ့ခဲ့တာတော့ ရှိခဲ့ပါတယ်။ အဲဒီတုန်းကတော့ ကျနော်မှတ်မိသလောက်တော့ ပြည်ထဲရေးဝန်ကြီးတဦးကို ခေါင်းဆောင်တင်ပြီးတော့ ဖွဲ့စည်းခဲ့တယ်လို့ ထင်ပါတယ်။ အဲဒါ ဟုတ်ပါသလား။

ဦးအောင်သိန်း ॥ ॥ မှန်ပါတယ်ခင်များ။ ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် တာဝန်ယူလုပ်တာပါ။

ဦးကျော်ဇံသာ ။ ။ ဆိုတော့ လူ့အခွင့်အရေးကော်မရှင်မှာ အကျည်းဦးစီးဌာနတွေ ချုပ်ကိုင်ရတဲ့လူ၊ လူတွေကို ဖမ်းတဲ့နေရာမှာ အဓိက တာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးကို ခေါင်းဆောင်ထား ဖွဲ့စည်းခဲ့တော့ အဲဒီတုန်းက ထောင်မှူးကို လူ့အခွင့်အရေးကော်မရှင် ခန့်တယ်ဆိုတော့ မြေခွေးကို ကြက်ခြံစောင့်ခိုင်းတာနဲ့ အတူတူလို့ ဝေဖန်ခဲ့ကြပါတယ်။ ဒီတခါတော့ လက်ရှိအစိုးရဝန်ထမ်းတဦးမှ မပါဘဲ ဖွဲ့စည်းခဲ့တဲ့ အရပ်သားအဖွဲ့အစည်းလို့ သူတို့ လုပ်ထားတာကို တွေ့ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပထမဦးဆုံး အကြမ်းမျဉ်း ဦးအောင်သိန်းရဲ့ တုံ့ပြန်ချက်ကို ပြောပါခင်ဗျား။

ဦးအောင်သိန်း ။ ။ ကျနော်အနေနဲ့ အခု မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ဖွဲ့စည်းတဲ့ပုဂ္ဂိုလ်တွေ စာရင်းကို ကြည့်လို့ရှိရင် အငြိမ်းစားသံအမတ်နဲ့ အငြိမ်းစားတက္ကသိုလ် ပါမောက္ခ တော်တော်များများ ပါပါတယ်။ သူတို့က ဝန်ထမ်းဘဝက လာကြတဲ့လူတွေဖြစ်ကြတဲ့အတွက်ကြောင့် လက်ရှိကလည်း ဒီတာဝန်တွေကို အစိုးရက ပြန်ခန့်အပ်ထားတဲ့အတွက်ကြောင့် အစိုးရသြဇာအရှိန်အဝါက သူတို့နဲ့ ဆက်စပ်နေအုံးမယ်လို့ မှတ်ယူပါတယ်။

ဦးကျော်ဇံသာ ။ ။ ဦးမင်းလွင်ဦးအနေနဲ့ ဘယ်လိုသဘောရပါသလဲ။ အခု ဖွဲ့စည်းလိုက်တဲ့ ကော်မရှင်နဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဦးမင်းလွင်ဦး ။ ။ မြန်မာနိုင်ငံအတွင်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကျူးလွန်တဲ့လူတွေက အာဏာပိုင်အဖွဲ့အစည်းတွေ ဖြစ်တယ်။ အဲဒီတော့ အစိုးရအာဏာပိုင်အဖွဲ့အစည်းတွေကို ပြန်လည်အရေးယူနိုင်ဖို့၊ ပြန်လည်စုံစမ်းနိုင်ဖို့ ဆိုရင် ထိရောက်တဲ့ ဥပဒေကို ကျွမ်းကျွမ်းကျင်ကျင် တက်မြောက်တဲ့ ပုဂ္ဂိုလ်တွေပါဝင်ဖို့ လိုတယ်ဆိုတာကို အကြမ်းမျဉ်းအနေနဲ့ ပြောချင်ပါတယ်။ ဒါ့ပြင်လည်း ဥပဒေပြဌာန်းချက်တွေနဲ့ မညီတဲ့ ကိစ္စရပ်တွေကို ဖော်ပြပြီး အရေးယူဆောင်ရွက်နိုင်မှာ ဖြစ်တယ်။ အခု ဥပဒေနဲ့ နီးစပ်တဲ့လူဆိုလို့ ပြည်နယ်ဥပဒေ အရာရှိဟောင်းတယောက်ပဲပါတယ်ဆိုတာကို တွေ့ရတဲ့အတွက်ကြောင့် ဒါကတော့ ဟန်ပြ အစီရင်ခံစာထုတ်ဖို့လောက်ပဲ လုပ်တယ်လို့ ကျနော်အနေနဲ့ မြင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ နောက် ဒီလို လူ့အခွင့်အရေးကော်မရှင်တွေ ဘာတွေဖွဲ့တယ်ဆိုရင် terms of references ဘာတွေလုပ်ရမယ်ဆိုတာကို အရင် ဥပဒေအရ ပြဌာန်းလုပ်တယ်ဆိုတာ ရှိပါတယ်။ အခုတော့ မြန်မာပြည်မှာ အဲဒီကိစ္စကို ဘာမှမကြားသေးပါလား။ ဒီအဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့်တို့ ဘောင်တို့ သတ်မှတ်ပေးတာ။ အဲဒါကို ဘယ်လိုမြင်ပါသလဲ။ မကြာခင် ထွက်လာမလား။

ဦးအောင်သိန်း ။ ။ အဲဒါနဲ့ ပတ်သက်လို့ သူတို့ ပထမအဆင့် ဖွဲ့စည်းတယ်လို့ပဲ ကျနော်တို့ ယူဆလို့ ရပါလိမ့်မယ်။ နောက်ပိုင်းတော့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေ ရှိလာပါလိမ့်မယ်လို့ ထင်ပါတယ်။ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို တိတိကျကျ ပြဌာန်းထားမှသာ လူ့အခွင့်အရေး ချိုးဖောက်သူတွေရဲ့ တင်ပြတိုင်တန်မှုမှာ ဘယ်လိုလုပ်ထုံးလုပ်နည်းတွေနဲ့ အရေးယူဆောင်ရွက်မလဲဆိုတာကို ပြတ်ပြတ်သားသား ပြဌာန်းရမှာ ဖြစ်ပါတယ်။ အဲဒါတွေ မပြဌာန်းဘဲနဲ့ ဒီ ကော်မရှင်လေး ဖွဲ့စည်းပေးလိုက်ရုံနဲ့ ပြီးပြတ်သွားမယ်ဆိုရင်တော့ ပြည့်စုံမှုမရှိဘူးလို့ ကျနော်ဘက်က ယူဆပါတယ်။

ဦးမင်းလွင်ဦး က နိုင်ငံတကာမှာလည်း လှုပ်ရှားနေတဲ့ လူ့အခွင့်အရေး ရှေ့နေတဦးဆိုတော့ ကျနော်မေးချင်တာက မြန်မာနိုင်ငံနဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံဖြစ်ဖြစ် နှိုင်းယှဉ်ကြည့်ပေးပါ။ ထိုင်းနိုင်ငံမှာလည်း လူ့အခွင့်အရေး ကော်မရှင်ရှိတော့ သူတို့ရဲ့ ဖွဲ့စည်းပုံနဲ့ ကျနော်တို့ဆီဟာနဲ့ လောလောဆယ်မှာ နှိုင်းယှဉ်ကြည့်စရာ ဘာတွေ့ပါသလဲ။

ဦးမင်းလွင်ဦး ။ ။ တွေ့တာကတော့ ဒီထိုင်းနိုင်ငံမှာ ဖွဲ့စည်းတဲ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာက အစိုးရဝန်ထမ်း မဟုတ်တဲ့ လွတ်လပ်တဲ့ ဥပဒေပညာရှင်တွေ၊ ရှေ့နေတွေ၊ တရားရုံးချုပ်၊ တရားသူကြီးတွေ ပါဝင်ပြီးတော့ ဖွဲ့စည်းထားတာ ဖြစ်တယ်။ နောက်ပြီးတော့ ထိုင်းနိုင်ငံမှာ ဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေးကော်မရှင်ကနေ အောက်ကနေ ပြည်သူတွေ တိုင်တန်လာတဲ့ တိုင်တန်ချက်တွေ ရတာနဲ့ ချက်ချင်း အကျဉ်းထောင်တွေ၊ ရဲစခန်းတွေ၊ တရားစခန်းတွေမှာ စစ်ဆေးနေတဲ့ အမှုတွေကို ခေါ်ယူပြီးတော့ ပြင်ဆင်သုံးသပ်နိုင်တဲ့ အခွင့်အာဏာတွေ ပေးထားတာကို တွေ့ရတယ်။ ဒါကြောင့် ထိုင်းနိုင်ငံမှာ ဖွဲ့စည်းထားတဲ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နဲ့ တော်တော်ကွာခြားတယ်လို့ ပြောချင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ ဆိုတော့ မြန်မာနိုင်ငံမှာ အဲဒီလို အခွင့်အရေးမျိုး ရမယ့် ကော်မရှင်မျိုး ဖြစ်လာမယ်လို့ မမျှော်လင့်ဘူးပေါ့။

ဦးမင်းလွင်ဦး ။ ။ ဟုတ်ကဲ့ခင်များ။ အဲဒီလိုမျိုး ဖြစ်လာဖို့ဆိုရင် ဒီဥပဒေတွေကို တက်ကျွမ်းနားလည်းတဲ့ တရားရုံးချုပ် ရှေ့နေတွေ တော်တော်များများ ပါဝင်တဲ့ အဖွဲ့အစည်း ဖြစ်ဖို့လိုတယ်။

ဦးကျော်ဇံသာ ။ ။ ကျနော် တကယ်မေးချင်တာကတော့ ဒီ လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတဲ့ကိစ္စကို နိုင်ငံရေးရှုထောင့်နဲ့ တရားဥပဒေရေးရှုထောင့် နှစ်ဖက်ဝေဖန် စမ်းစစ်ပြချင်တဲ့သဘော ဖြစ်ပါတယ်ဆိုတော့ ဆရာဦးအောင်သိန်း က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ပါဝင်လှုပ်ရှားနေတဲ့ နိုင်ငံရေးသမားတဦးဆိုရင် မမှားဘူးဆိုတော့ နိုင်ငံရေးအားဖြင့် ဒီကော်မရှင်ဖွဲ့စည်းတာကို ဘယ်လိုသုံးသပ်မလဲ။ ဒါဟာ အစိုးရအနေနဲ့ သူတို့ရဲ့ နိုင်ငံရေးအကျိုးအမြတ်ပဲလား။ သို့တည်းမဟုတ် အမျိုးသားပြန်လည်သင့်မြတ်ရေး။ တိုင်းပြည်မှာ လူ့အခွင့်အရေး တိုးတက်စေချင်တဲ့ နိုင်ငံရေးဆန္ဒနဲ့ တကယ်လုပ်သလားဆိုတာကို ဦးအောင်သိန်းရဲ့ သုံးသပ်ချက်ကို ကြားချင်ပါတယ်။

ဦးအောင်သိန်း ။ ။ နိုင်ငံရေးရှုထောင့်အနေနဲ့ ပြောရမယ်ဆိုရင်တော့ နိုင်ငံတကာရဲ့ စံချိန်စံညွှန်းတွေ၊ နောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းမှာပါတဲ့ အချက်အလက်တွေကို အပြည့်အဝ ခံစားခွင့်ရအောင် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ နိုင်ငံရေးအမြင်ရှုထောင့်နဲ့ သုံးသပ်ပေးဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။ အဲဒီလိုမှ မဟုတ်ဘဲနဲ့ ပုံစံအရပဲ ဆောင်ရွက်ပြီး တကယ် အနစ်သာရမပါဘူးဆိုရင် တိုင်းပြည်မှာ လူ့အခွင့်အရေး ချိုးဖောက်တဲ့လူနဲ့ ချိုးဖောက်ခံရတဲ့လူဆိုတဲ့ လူတန်းစားနှစ်လွှာ ပေါ်ပေါက်နေအုံးမယ်ဆိုတာကို တွေ့မိပါတယ်။

ဦးကျော်ဇံသာ ။ ။ ဦးမင်းလွင်ဦးအနေနဲ့ မြန်မာနိုင်ငံအစိုးရ ဒီလို လူ့အခွင့်အရေးကော်မရှင်ဖွဲ့တယ်လို့ ကြေညာလိုက်တာနဲ့ ပတ်သက်ပြီး နိုင်ငံရေးအားဖြင့် သူတို့ ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်လို့ ထင်သလဲ။ တိုင်းပြည်ရဲ့ အခြေအနေ တိုးတက်လာစေချင်လို့ လုပ်ပါသလား။ သို့တည်းမဟုတ် တခြားရည်ရွယ်ချက် ရှိမလားလို့ ထင်ပါသလား။

ဦးမင်းလွင်ဦး ။ ။ ကျနော်တို့ မြန်မာနိုင်ငံက နိုင်ငံသားတွေရဲ့ အခွင့်အရေး တိုးတက်လာဖို့အတွက် ရည်ရွယ်ပြီးလုပ်ဆောင်တာ မဟုတ်ဘူးဆိုတာကတော့ ရှင်းပါတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုရင် ကျနော်တို့ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းတာနဲ့အတူ ပြည်ထောင်စုအတွင်းမှာပဲ ပြည်ထောင်စုအဆင့် နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ ဒီမိုကရေစီရေး နဲ့ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကိုလည်း သူတို့ဖွဲ့စည်းထားတယ်။ အဲဒီအဖွဲ့မှာ အဖွဲ့ဝင် ၁၅ ဦးပါတယ်။ သက်တမ်းက တစ်နှစ် ရှိတယ်။ အဲဒီအဖွဲ့မှာလည်း ဥက္ကဋ္ဌဖြစ်တဲ့လူက ကြံ့ဖွံ့အတွင်းရေးမှူးဟောင်းလုပ်ခဲ့တဲ့ ဦးဌေးဦး ဖြစ်တယ်။ အဲဒီတော့ ဒီအောက်မှာ ပြည်ထောင်စုအဆင့် ဖွဲ့စည်းထားတဲ့ ကော်မတီကလည်း နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကို တိတိကျကျ ဖော်ဆောင်ပေးနိုင်မယ့် အခြေအနေမရှိဘူး။ အဲဒီအထဲမှာ ဥပဒေနဲ့ နီးစပ်တဲ့ လူတယောက်ဆိုရင် ကွန်ဟိန်းမဲဆန္ဒနယ်က ဒေါ်နန်ဝါန တယောက်ပဲ ဥပဒေနဲ့ နီးစပ်တယ်ဆိုတာကို တွေ့ရတဲ့အတွက် နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတာ မဟုတ်ဘဲနဲ့ နိုင်ငံရေးအရ လိုအပ်လာလို့ရှိရင် အစီရင်ခံစာတွေထုတ်မယ်။ စုံစမ်းစစ်ဆေးမှု ဥပဒေကို အတွင်းကြိတ်လုပ်မယ်ဆိုတဲ့ သဘောလောက်နဲ့ ဖွဲ့စည်းထားတယ်လို့ မြင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ မြန်မာနိုင်ငံအတွင်းက နိုင်ငံရေးပါတီတွေကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး တစုံတရာ တုံ့ပြန်ပြောကြားတာကို မတွေ့ရသေးပါဘူး။ သူတို့တတွေ ဆက်လက်စောင့်ကြည့်နေတယ်လို့ ထင်ပါတယ်။ ဆရာဦးအောင်သိန်းတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဘာမှမပြောလာသေးပါဘူး။ ဒါပေမဲ့ မြန်မာနိုင်ငံကို လူ့အခွင့်အရေးအရ ကြည့်လိုက်ရင်တော့ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ကို မလွတ်သေးဘူးဆိုတာကို လူတိုင်းက ပြောနေကြပါတယ်။ ဒီ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်ကို မျှော်လင့်ချက်တွေ ပိုထားလာနိုင်တဲ့အခြေအနေ ရှိပါသလား။ ပြည်သူတွေရဲ့ အဲဒီလို မျှော်လင့်ကြပါသလား။

ဦးအောင်သိန်း ။ ။ ဘာပဲပြောပြော နိုင်ငံရေးအကျဉ်းသားတွေကလည်း လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ အထဲမှာ အဓိကပါဝင်နေသူ ဖြစ်တယ်။ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ယုံကြည်ချက်အရ အကျဉ်းကျခံနေရသူတွေဟာ အများအကျိုးအတွက်၊ အများအတွက်ကို ရည်ရွယ်ပြီး လုပ်ကိုင်ဆောင်ရွက်တာကို ကျနော်တို့ တွေ့ရတယ်။ ဥပမာ ပြောရရင် နိုင်ငံရေးပါတီဝင်လည်း မဟုတ်တဲ့ ကိုထင်ကျော် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကုန်ဈေးနှုန်းကြီးမြင့်တာကို ဆန္ဒထုတ်ဖော် ပြောဆိုခဲ့တယ်။ အဲဒီလို ဆန္ဒထုတ်ဖော်ပြောဆို ကုန်ဈေးနှုန်းကြီးတာကို ပြောတဲ့လူဟာလည်း သူမှာ နိုင်ငံသားတယောက်အနေနဲ့ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိတယ်ဆိုတဲ့ ယုံကြည်ချက်အရ ပြောဆိုတာဖြစ်တယ်။ အဲဒီလို လူမျိုးကို နှစ်ရှည်ထောင်ဒဏ်တွေ ချပစ်လိုက်တယ်ဆိုတာ ဒီလူတွေကို အမြန်ဆုံးလွတ်ပေးဖို့ အချိန်လည်းသင့်ပါတယ်။ အဲဒီလိုမှ လွတ်ပေးနိုင်ခြင်း မရှိဘဲနဲ့ ဒီလို အမျိုးမျိုးကော်မရှင်တွေဖွဲ့တယ်။ အမျိုးမျိုး အစီအစဉ်တွေ လုပ်နေမယ်ဆိုရင် အချိန်ကြန့်ကြာလာသည်နဲ့အမျှ အကျိုးမရှိဘူးပေ့ါ။

ဦးကျော်ဇံသာ ။ ။ အဲဒီအတွက်ကော မျှော်လင့်ချက်ထားနိုင်ပါသလား။ ဒီ ကော်မရှင်က အဲဒီလူတွေ လွတ်မြောက်ရေးအတွက် တစုံတရာ ပြောလာနိုင်မယ် ထင်ပါသလား။

ဦးအောင်သိန်း ။ ။ ကော်မရှင် က ပြောကောင်းပြောလာပါလိမ့်မယ်။ အဓိကကျတာကတော့ သမ္မတနဲ့ အစိုးရအဖွဲ့ပေါ်မှာ အခြေခံပါလိမ့်မယ်။

ဦးကျော်ဇံသာ ။ ။ အခု ဖွဲ့စည်းလိုက်တဲ့ အမျိုးသားကော်မရှင်ကိုတော့ အကြမ်းအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးကို ကာကွယ်ဖို့ ဆိုပြီး သတင်းစာမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။ အဲဒီတော့ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေကို နည်းနည်း ကိုမင်းလွင်ဦး လေ့လာမိသလောက် နိုင်ငံသားတွေရဲ့ အခွင့်အရေး ဘယ်လောက်ကာကွယ်ထားပါသလဲ။ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေဟာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီပါသလား။

ဦးမင်းလွင်ဦး ။ ။ အားလုံးပြီးပြည့်စုံတဲ့ ကိုက်ညီမှုတော့ မရှိပါဘူး။ ဘာကြောင့်လည်းဆိုရင် မြန်မာနိုင်ငံအတွင်းမှာ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ ဆန့်ကျင်ခြင်းမရှိရေးဆိုတဲ့ ကန့်သတ်ချက်တခု ပါနေတဲ့အတွက် ဒီလို လွတ်လွတ်လပ်လပ် ပြောဆိုနိုင်တယ်၊ ဝေဖန်နိုင်တယ်၊ ရေးသားနိုင်တယ်ဆိုတဲ့ နေရာတွေမှာ အကန့်အသတ်ရှိတယ်။ ဒီ ဥပဒေတွေက နိုင်ငံတကာစံနဲ့ တွက်ကြည့်ရင်တော့ မကိုက်ညီဘူးလို့ ပြောနိုင်ပါတယ်။ နောက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ထည့်ရေးထားရုံနဲ့ မလုံလောက်ပါဘူး။ ဥပမာတခု ပြောရရင် ဖွဲ့စည်းပုံ ဥပဒေမှာ နိုင်ငံသားတယောက်ကို ၂၄ နာရီထက် ချုပ်နှောင်းမထားရ။ နောက် တရားဥပဒေဆိုင်ရာ အခွင့်အရေးအရ အများပြည်သူရှေ့မှောက်မှာ စစ်ဆေးစီရင်ရမယ် စတာတွေ ပါပေမယ့် လက်ရှိ လုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်တွေက ဒါတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်နေတာကို တွေ့ရတယ်။ အဲဒီတော့ ဒီလို ဆန့်ကျင်ဘက် ဖြစ်နေတဲ့ လုပ်ဆောင်ချက်တွေကို ဒီ အမျိုးသားအခွင့်အရေးကော်မရှင်ကနေ ဘယ်လိုမျိုး ကုစားပေးမှာလဲ။ သံအမတ်ဟောင်းတွေ ဘယ်လိုမျိုး သက်သာမှုရှာပေးနိုင်မလဲဆိုတာကို ကျနော်ကတော့ နည်းနည်းမဟုတ်ဘူး၊ တော်တော်ကြီး သံသယဖြစ်ပါတယ်။

ဦးကျော်ဇံသာ ။ ။ အဲဒီတော့ အခု လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းလိုက်ပေမယ့်။ အခုနပြောတဲ့ အခွင့်အရေးရရှိလာဖို့ဆိုတာက အလှမ်းဝေးနေသေးတယ်ဆိုတဲ့ သဘောလား။

ဦးအောင်သိန်း ။ ။ နီးမယောင်နဲ့ ဝေးနေအုံးမယ်လို့များ ပြောရမလား မပြောနိုင်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ လက်ရှိအခြေအနေအရ အပြောင်းအလဲတွေကို

လူတွေက မျှော်လင့်နေတယ်ဆိုတာကို တတိုင်းတပြည်လုံးက သိနေတဲ့အချက်ပါ။ ဘယ်လိုပြောင်းမလဲဆိုတာ ဒီနေ အဓိက ပြဿနာပါ။ အဓိကပြဿနာထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ၊ ယုံကြည်ချက်အရ အကျဉ်းကျခံနေရသူတွေကို အမြန်ဆုံးလွှတ်ပေးဖို့ကလည်း အဓိကအချက်တချက်အနေနဲ့ ပါဝင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ ကိုမင်းလွင်ဦး ကို နောက်ဆုံးတချက်မေးချင်တာက အခုနပြောတယ် သံအမတ်ဟောင်းတွေဆိုတာ အငြိမ်းစားသံအမတ်ဟောင်းတွေ ပါတယ်။ အရင်တုန်းက မြန်မာနိုင်ငံကို ကိုယ်စားပြုပြီးတော့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂလို အဖွဲ့အစည်းတွေမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်။ တချို့ဝေဖန်သူတွေက ပြောကြတယ် - ဒီပုဂ္ဂိုလ်တွေဟာ တာဝန်ထမ်းဆောင်စဉ်ကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲပြောဆိုချက်တွေကို မြန်မာနိုင်ငံအစိုးရဘက်ကနေ အပြင်းအထန်ခုခံခဲ့တဲ့ ဝန်ထမ်းတွေ ဖြစ်နေတယ်။ ဒါကြောင့် သူတို့ရဲ့ အတိတ်ဝန်ထမ်းဘဝမှာ ထမ်းဆောင်ခဲ့တဲ့ လွှမ်းမိုးမှုတွေ ဆက်လက်ရှိနေမယ်လို့ သုံးသပ်ကြပါတယ်။ အဲဒါကော ဘယ်လောက် ဖြစ်နိုင်ပါသလဲ။ အခု သူတို့က ဝန်ထမ်းမဟုတ်တော့တာ။ အဲဒီ သံသယကို ဖယ်ပြစ်လို့ မရဘူးလား။

ဦးမင်းလွင်ဦး ။ ။ အဲဒီလိုတော့ အလွယ်တကူ ဖယ်ပြစ်လို့တော့ မရနိုင်ပါဘူး။ အစောကပြောတဲ့ ဒီအထဲမှာပါတဲ့ သံအမတ်ဟောင်းတွေမက၊ ပါမောက္ခဟောင်းတွေလည်း ပါပါတယ်။ ပါမောက္ခဟောင်းတွေက တချိန်တုန်းက အမျိုးသားညီလာခံ ကျင်းပရေးအတွက် အားတက်သရော ပါဝင်ခဲ့သူတွေလည်းရှိတယ်။ နောက် ဖွဲ့စည်းပုံအခြေခံ ရေးဆွဲရေး မူကြမ်းရေးဆွဲရေးမှာ ပါခဲ့တဲ့လူတွေလည်း ရှိတယ်။ ဒါကြောင့် ပြောတဲ့အတိုင်းပဲ လုပ်ရမယ်ဆိုတဲ့သဘောပဲ ကျနော်အနေနဲ့ မြင်ပါတယ်။

http://www.voanews.com/burmese/news

သတိရှိတဲ့ ဆရာမလေး ဒေါ်ရင်ရင်မြင့်
မောင်စွမ်းရည်
စက်တင်ဘာ ၈၊ ၂၀၁၁
၂၀၀၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်စွဲဖြင့် http://www.burmanet.org/burmese/?p=1136 တွင် ဖော်ပြထားသော ဆောင်းပါးကို ကူးယူ ဖော်ပြသည်

သင်္ကြန် နီးပြီ ဆိုတော့ အမိ မြန်မာနိုင်ငံကို အထူး သတိ ရမိတယ်။ နှစ်သစ် ကူးခါနီး ဖြစ်စေ၊ ဝါဝင်ခါနီး ဖြစ်စေ မြန်မာတွေ အိမ်ပြောင်းလေ့ မရှိပါဘူး။ ဒါ့ကြောင့် နှစ်သစ် ကူးခါနီး သင်္ကြန် ဝင်ခါနီး အချိန် မှာတော့ ငါတို့ အိမ်တွေ ဖျက်သေးမှာ မဟုတ်ဘူးလို့ မြန်မာ့ ယုံကြည်ချက်ကို လေးစားမှုနဲ့ မိတ်ဆွေတွေ အိမ်မပြောင်း ရွှေ့ရေးကို အားပေး လိုက်တယ်။ နအဖ အစိုးရက ကျွန်တော်တို့ ဝဂ္ဂီ ရပ်ကွက်ထဲက အိမ်ကျန်တွေကို ၂၀၀၂ ဧပြီလ နောက်ဆုံး ထားပြီး ဖျက်ရမယ်လို့ အမိန့်ထုတ် ထားတယ်။ မဖျက်ဘူးလို့ အိမ်နှစ်ဆယ် အစိတ်က တင်းခံ နေကြပါတယ်။

ကျွန်တော်တို့ ရပ်ကွက်က ရန်ကုန် ကမာရွတ် မြို့နယ် ထဲမှာပါ၊ ကမာရွတ် မြို့နယ် အမှတ် (၈) ရပ်ကွက် ဆိုတာက ဝဂ္ဂီ ရပ်ကွက်ပါ၊ လိုင်းပေါက်နဲ့ မျက်နှာချင်း ဆိုင်ပါ။ လိုင်းပေါက် ဆိုတာ တက္ကသိုလ် သန့်ရှင်းရေး ဝန်ထမ်းတွေနဲ့ တခြား အမှုထမ်းငယ်တွေ နေတဲ့ ရပ်ကွက်ပါ။ အိန္ဒိယသားတွေ များပါတယ်။ အဲဒီ ရပ်ကွက် ကလေးကို အလုပ်သမား လိုင်းလို့ ခေါ်ပါတယ်။ ပြည်လမ်းမ ပေါ်မှာ ဆိုတော့ နေရာ ကောင်းပါတယ်။ ခု ရွှေ့ပစ်ပြီး စိန်ရတု အထိမ်းအမှတ် အဆောက်အအုံကြီး ဆောက်ထား ပါတယ် ကုန်စည်ပြပွဲနဲ့ မင်္ဂလာဆောင် ဆိုတာမျိုးတွေ လုပ်နိုင်ပါတယ်။ စစ်ကြောရေး စခန်း တဖြစ်လဲ စစ်ထောက်လှမ်းရေးက အသုံး ချတတ် ပါတယ်။ အဲဒီ လိုင်းပေါက်နဲ့ မျက်နှာချင်းဆိုင် ပြည်လမ်းမ ပေါ်က ရပ်ကွက်ကို ဝဂ္ဂီ ရပ်ကွက်လို့ ခေါ်ပါတယ်။ အရင်က ကြိုးစက်ပိုင်ရှင် ကုလား သူဌေး တဦး ပိုင်ခဲ့တယ်လို့ ကြားဖူးတယ်။

တက္ကသိုလ်နားနီးလို့ ကျောင်းသားတွေကို ဈေးပေါတဲ့ အဆောင် အခန်းလေးတွေ ငှားစားလေ့ ရှိတယ်။ ဘုရား စေတီ တဆူ၊ ဘုန်းကြီးကျောင်း တကျောင်းနဲ့ မူလတန်းကျောင်း တကျောင်း ရှိပါတယ်။ ကဗျာ ဆရာမ နွယ် စစ်တွေရဲ့ အိမ်လဲ အဲဒီ ရပ်ကွက်မှာ ရှိတယ်။ ရပ်ကွက် ထိပ်မှာ ပြည်လမ်းမကို မျက်နှာမူပြီး စိန်ဥယျာဉ်လို့ ခေါ်တဲ့ ခြံကျယ် ဝင်းကျယ် စားသောက်ဆိုင်ကြီး ရှိတယ်။ သမိုင်း ပါမောက္ခ ဒေါက်တာ သန်းထွန်းက အဲဒါ ငါတို့ သူငယ်ချင်း ကိုလှမြတ်စိုးရဲ့အိမ် အဲဒီအိမ်မှာ ကျောင်းသား သမဂ္ဂ အစည်းအဝေးတွေ လျှို့ဝှက် လုပ်ဖူးတယ်လို့ ပြောဖူးပါတယ်။

ကိုလှမြင့်စိုး ဆိုတာ ကိုလိုနီခေတ် ကျောင်းသားငယ် ဘဝက ရေနံမြေ အရေးတော်ပုံ ချီတက်ပွဲမှာ ပါဖူးတယ်။ ဘုရင်ခံက သူ့ကို ကျောင်းထုတ် ပစ်ပါလို့ ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကို ပြောတော့၊ သူဟာ အပြင်မှာ ဆန္ဒပြတာ ငါတို့ ကျောင်းနဲ့ မဆိုင်ဘူး ဆိုပြီး မထုတ်ဘဲ ထားခဲ့သတဲ့။ စစ်ပြီး စခေတ်မှာ ကျောင်းပြန် နေလို့ ဒေါက်တာ သန်းထွန်းတို့နဲ့ တွေ့ကြတာ ဖြစ်ပုံ ရပါတယ်။ စစ်ပြီးစမှာ အလွတ် ပညာသင် ကျောင်းက ကျောင်းအဖြစ်နဲ့ "လှသီပွဲ" လို့ နာမယ် ကြီးခဲ့သတဲ့။ ခုတော့ စားသောက် ဆိုင်ကြီးပေါ့။ ဒါတွေ ဘာကြောင့် ပြောသလဲ ဆိုတော့ ဒီမြေကွက်ဟာ ကျူးကျော် ရပ်ကွက် မဟုတ်ဘူး ဆိုတာ ပြောပြချင်လို့ပါ။

စိန်ဥယျာဉ်က ဝဂ္ဂီ ရပ်ကွက်ရဲ့ အရှေ့တောင်ထောင့် မှာပေါ့။ အနောက်တောင် ထောင့်မှာ ဘုန်းကြီးကျောင်း တကျောင်း အခိုင်အမာ ရှိပါတယ်။ ညီအကို သုံးယောက် တပါးပြီး တပါး ဆက်ခံ လာကြတာ ခုကျောင်းထိုင်က အငယ်ဆုံးပါ။ အကို ဆရာတော်တွေ လက်ထက်မှာ ဆွမ်းခံတော့ ဆရာ ဇော်ဂျီ၊ ဆရာ မင်းသုဝဏ်တို့ အိမ်တွေကို ဆွမ်းခံ ခဲ့တာပါ။ အဲဒီကျောင်း အဆောက်အအုံ အတွက် အလှူငွေ ထဲမှာ ဆရာဇော်ဂျီ မိသားစုလဲ ပါဝင် ပါတယ်။ ဆရာ ဇော်ဂျီ ကွယ်လွန်တာ ရက်လည်တော့ အဲဒီ ကျောင်းမှာ ဆွမ်းကျွေးလို့ ဒေါ်အောင်ဆန်းဆုကြည်တောင် ရောက်ဖူး ပါတယ်။ ကျွန်တော့် အိမ်က အဲဒီကျောင်းရဲ့ ဘေးမှာ ကပ်ရက်ပါ။ နိုင်ငံကျော် ဆရာဝန်ကြီး ဖနီး မောင်နံက ဝယ်ယူထားတဲ့ ဂရမ်မြေပါ။ ဘုန်းကြီကျောင်းနဲ့ တွဲရက် ဂရမ်မြေပါ၊ အဲဒီ မြေကို ကျွန်တော်က စာချုပ်စာတမ်းနဲ့ ဝယ်ယူပြီး မြို့နယ် စည်ပင်ကို သစ်ဝါးရအောင် စာတင်ပြီးမှ ဆောက်တာပါ၊ တရား မဝင်တာ တခုမှ မရှိပါဘူး။

ကျွန်တော့်အိမ် ရှိတဲ့ လမ်းက ဘုန်းကြီးကျောင်းကို အစွဲပြုပြီး က္ကစ္စရာမ လမ်းလို့ အမည် တွင်ပါတယ်။ အဲဒီ လမ်းပေါ်မှာ အစိုးရ အလယ်တန်း ကျောင်းက အလယ်တန်းပြ ဆရာမလေး ဒေါ်ရင်ရင်မြင့် ဆိုတာ ရှိပါတယ်။ သူတို့ အိမ်ကို တယ်လီဖုန်း အိမ်လို့ပဲ ခေါ်တယ်။ ကျွန်တော်တို့က အဲဒီ တယ်လီဖုန်းနဲ့ ရပ်ဝေး ရပ်နီး ဆက်ပါတယ်။ တယ်လီဖုန်း အိမ်နဲ့ မျက်နှာချင်း ဆိုင်မှာ စာရေးဆရာမ ရွှေကူမေနှင်းရဲ့ အိမ်ရှိတယ်။ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ် အမတ် တဦးပါ။ အဖမ်း ခံရဖူးတယ်၊ အဲဒီ အချိန်မှာ လွတ်ပါပြီ။ ပါတီဝင် အဖြစ်ကလဲ နုတ်ထွက် ထားပါပြီ။ သူ့အိမ်ရှေ့မှာ ဖုန်းဆက်လိုက် ကွမ်းယာ ဆေးလိပ် ဝယ်လိုက်နဲ့ လာလေ့ ရှိတဲ့ လူတယောက်ကို နေပူထဲ မိုးရွာထဲ ရပ်နေရင် သူ့အိမ်ခေါ်ပြီး နားနေ ခိုင်းတယ်။ ရေပူ ရေချမ်းနဲ့ ဧည့်ခံတယ်။ အဲဒီလူက စစ်စုံထောက်ပါ။ ကျွန်တော်နဲ့တောင် မိတ်ဆက် ပေးမယ် ဆိုလို့ မနည်း ရှောင်ရ ပါတယ်။ မေနှင်းက ကျောင်းဆရာမ လူထွက် ဆိုတော့ ရိုးရှာ ပါတယ်။

တယ်လီဖုန်း အိမ်ရဲ့ ဘေးမှာ ဗမာ တရုတ် မိသားစု ရှိတယ်။ ရှမ်း ဇနီး မောင်နှံ ရှိတယ်။ အဲဒီအိမ် လေးအိမ်ဟာ မြူနီစပယ်က ဖယ်ခိုင်းတာကို မဖယ်ဘဲ နောက်ဆုံးထိ တောင့်ခံတဲ့ အိမ်နှစ်ဆယ် အစိတ် ထဲမှာ ပါတယ်။ မြူနီစပယ်က တယောက်ချင်း ခေါ်ထုတ်ပြီး ငွေပေးလို့ တချို့က ထွက်သွား ပါတယ်။ နှစ်ဆယ်လောက်က အမာခံ တွေပါ။ အဲဒီထဲမှာ တရားသူကြီး အဆင့် (၁)၊ (ဒုညွှန်မှူး အဆင့်) နှစ်ဦး ပါရှိ ပါတယ်။ စစ်သူနာပြု ဆရာမကြီး တဦးနဲ့ ကျူရှင်ဆရာ မိသားစုလဲ ပါရှိ ပါတယ်။

အံ့ဩစရာ ကောင်းတာက အသေခံမယ်၊ မဖယ်ဘူးလို့ ဆိုသူ တချို့ဟာ လက်မောင်းမှာ "တာဝန်" ဆိုတဲ့ လက်ပတ်ပိတ်စ လက်တဝါး ချည်နှောင် ပေးလိုက်တာနဲ့ ဘာ ငွေကြေးမှ မရဘဲ ဘက်ပြောင်း သွားတာမျိုး ကြုံရတာပါပဲ။ တရားသူကြီး တွေက ဥပဒေကြောင်း အရ လွတ်ကင်းလိုY ဒီရပ်ကွက်ကို ဝင်ပြီး အခိုင်အမာ တိုက်ကြီးတွေ ဆောက်နေ ကြတာပါ။ မြေဝယ် စာချုပ်၊ အိမ်ဆောက်ခွင့် လျှောက်လွှာ၊ အိမ်နေခွင့်ကို မြူနီစပယ် (မြို့တော်) သတင်းစာက ကြေညာချက် ရရှိပြီးမှ နေသူတွေပါ။ နောက်ဆုံးမှာ ဥပဒေကြောင်း အရ ဘယ်လိုမှ "ကျူးကျော်အိမ်" လို့ ပြောမရတော့လို့ ကိုလိုနီ ခေတ်ဦးက ရေနံမြေမှာ သုံးဖူးတဲ့ အိန္ဒိယ ဥပဒေ အဟောင်းအဆွေး တခုကို ရှာကြံပြီး အစိုးရက လိုအပ်ရင် သိမ်းလို့ ရတယ် ဆိုတဲ့ ဥပဒေကို အိမ်ရှေ့ လက်ဖက်ရည် ဆိုင်မှာ ကျွန်တော်တို့ မသိဘဲ လာကပ် ထားပါတယ်။

အဲဒီ မြေသိမ်း ဥပဒေနဲ့ ရေနံမြေမှာ ဘီအိုစီ ကုမ္ပဏီက ရေနံတွင်း တတွင်း တူးဖို့ ဖယ်ခိုင်း ဖူးတယ်။ ကြိုက်တဲ့မြေ အစားပေးပြီး ကြေနပ်အောင် ငွေပေးပြီး ဖယ်ခိုင်းတဲ့ အပြင် ရေနံတွေ ပန်းထွက် လာတော့ ဆုချသေး ဆိုပဲ။ ခုဟာက ကြိုက်ဈေး ကြိုက်မြေ ညှိနိုင်းခွင့် မရှိပါဘူး။ ဒေသ စစ်ဗျူဟာ ရုံးခေါ်ပြီး ဥပဒေ အရာရှိ၊ တရားသူကြီးရဲ့ အရာရှိ၊ စစ်အရာရှိနဲ့ ရပ်ကွက် ကောင်စီတွေ ရှေ့မှာ စကားပြောတယ်။ "ဖယ်ပေးပါ၊ မဖယ်ရင် အင်းစိန် ထောင်ထဲကို မိသားစုလိုက် ဖမ်းပို့မယ်" တဲ့။ ကျွန်တော်တို့က မဖယ်တဲ့ အပြင် နိုင်ငံခြား ရေဒီယို တွေနဲ့ပါ ဆက်သွယ် လိုက်ကြ ပါတယ်။ လွတ်လပ်တဲ့ အာရှ အသံက စိန်ကျော်လှိုင်က ဝဂ္ဂီမှာ နေသွားတဲ့ မိတ်ဆွေပါ။ ပြည်ပ ထွက်တဲ့ သဘော်သား တွေရဲ့ လက်ထဲ ကိုလဲ စာတွေ ထဲ့လိုက် ပါသေးတယ်။

ဆရာမ ဒေါ်ရင်ရင်မြင့်ကို "ဆရာမက အစိုးရ ဝန်ထမ်း ဆိုတော့ ထိခိုက် နိုင်တယ်။ တယ်လီဖုန်း သုံးခွင့် ပြုချင်မှ ပြုပါ" ဆိုတော့၊ "သုံးပါ" တဲ့၊ "ဒီကိစ္စ အတွက် ဆိုရင် ဖုန်းခတောင် မယူပါဘူး" တဲ့။ တရားသူကြီး၊ ကျူရှင်ဆရာ၊ သူနာပြု ဆရာမ၊ စာရေး ဆရာမ စသဖြင့် အားလုံးကို စိန်ကျော်လှိုင်က နေ့စဉ်လောက် ဖုန်းဆက်ပြီး "ပြုံး" တော့ အတော် ဝယက် ရိုက်ပါတယ်။ အိမ်တွေ ဖျက်ပေါင်း များပြီ ဘယ်တုံးကမှ ဒီလောက် "အာခံ" တာ မတွေ့ဘူး ပဲကိုး။ ကျွန်တော် တို့ကို ဖယ်ခိုင်းတာ ၄ နှစ်ကြာပြီ။ သူတို့လဲ သူတို့ အများနဲ့ ဆိုတော့ နည်းမျိုးစုံ သုံးပြီး ဖျားယောင်း ပြီးပီ။ မြို့တော်ဝန် အတွင်းရေးမှူး ဦးကျော်ဝင်း၊ မြို့နယ် စည်ပင် အရာရှိ စတာတွေ ပြုတ်ကုန်ပြီ။ မြို့နယ် ဗျူဟာမှူး တွေလဲ သံလျှင်ဘက် လွှင့်သွား ကြပြီ။ သူတို့ ဘက်က မှားနေတာကိုး။

ကျွန်တော်တို့ စကား ပြောနေတဲ့ ဘေးမှာ ဆရာမ ဒေါ်ရင်ရင်မြင့် ရောက်လာပြီး ဟိုဟာ ထောက်ပြပေး ဒီဟာ ထောက်ပြပေး လုပ်ပါတယ်။ အချက်အလက် တချို့ ရှာပေး ပါတယ်။ နောက်တော့ "ကျမပါ ပြောမယ်" လို့ ဆိုလာပါတယ်။ မလုပ်နဲ့ ခင်ဗျားက ဝန်ထမ်း ဆိုတော့ "ပြုတ်ချင် ပြုတ်ပါစေ" တဲ့ ။ ပြောတော့လဲ ငြင်ငြင်သာသာပဲ တည်တည်ငြိမ်ငြိမ် ပြောပါတယ်။ "ကျမတို့ကို စစ်ဗျူဟာရုံး ခေါ်ပြီး စစ်ဗျူဟာမှူး ကိုယ်တိုင်က ဖယ်ပေးပါ၊ မဖယ်ရင် ထောင်ထဲကို မိသားစု အလိုက် တိုက်ရိုက် ပို့မယ်" လို့ ပြောပြီး ဘာမှ ပြန်ပြောခွင့် မပေးဘဲ ပြန်လွှတ်တယ်။ ပြန်မယ်လို့ ထလိုက်တော့ နံရံမှာ "တပ်မတော်သည် ပြည်သူ လူထု၏ အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ် စောင့်ရှောက်သည်" လို့ ရေးထားတာ တွေ့ရတော့ ဩော် ဘယ်လို ဘာလိမ့်လို့ တွေးလိုက် မိတယ်၊ စသဖြင့် ပြောပါတယ်။ (သူနာပြု ဆရာမကြီး ကလဲ ဒုန်းကျည်နဲ့ ပစ်ချင် ပစ်လိုက်လို့ ဝင်ပြော ပါတယ်။ )

နောက်တနေ့မှာ ကျွန်တော့်ကို သီးခြား ခေါ်တယ်။ ဒီတိုက်ပွဲ ခေါင်းဆောင်မှုက ဖယ်ပေး ပါတဲ့။ ကျွန်တော် ခေါင်းဆောင် မဟုတ်ဘူး၊ စုစုပြီး စကားပြောကြ၊ တိုင်ပင်ကြပေမယ့် လုပ်တော့ ဘယ်သူ့မှ အသိ မပေးဘဲ ကိုယ်ဘာသာ လုပ်ကြတာ၊ ပေါက်ကြားမှာ စိုးလို့ ပါလို့ ရှင်းပြပါတယ်။ ဒီလိုဆို ဆရာပဲ ဖယ်ပေးပါတဲ့။ ခုပြောတဲ့ စကားကို နှစ်ဦး နှစ်ဖက် အပြင်မှာ မပြော စတမ်းတဲ့။ ကျွန်တော်က မပြောဘူးလို့ ကတိ ပေးပါတယ်။

ဒါပေမဲ့ ကျွန်တော် မိတ်ဆွေ တွေကို သစ္စာ ဖောက်ပြီး ဖယ်မသွားနိုင်ဘူး ဆိုတော့၊ "ဆရာက နိုင်ငံတော်ကို သစ္စာ မစောင့်ဘဲ မိတ်ဆွေ တစုကိုပဲ သစ္စာ စောင့်ရသလား" လို့ စစ်ဗိုလ်မှူးက မေးပါတယ်။ အတော် အချက်ကျတဲ့ မေးခွန်းပါ။ ကျွန်တော်က "ဒီကိစ္စဟာ နိုင်ငံတော် ကိစ္စ မဟုတ်ပါဘူး။ စည်ပင် အဖွဲ့နဲ့ ကန်ထရိုက် တို့က ကျွန်တော်တို့ ရပ်ကွက်ကို ကျူးကျော် ရပ်ကွက် ဆိုပြီး၊ လိမ်ညာ ထည့်သွင်း စီးပွား ရှာကြတာပါ" လို့ ပြန်ပြောတော့ စိတ်ပျက်ပြီး ပြန်လွှတ် လိုက်ပါတယ်။ ဒီစကားဟာ ဆရာလေး ပြောနေကျ စကားပါ။

၂၀၀၂၊ မေ ၅ ရက် သန်းခေါင်ယံ ၁၂ နာရီမှာ ရပ်ကွက်ကို မီးပိတ်ပြီး ရဲနဲ့ လုံထိန်းတပ် ဝင်လာ ပါတယ်။ အပြင်မှာ စစ်ကား တွေက ပတ်မောင်း နေပါတယ်။ စစ်တပ်က မပါဘူး ဆိုတဲ့ သဘောနဲ့ပေါ့။ တချက်တီးမှာ ဝင်လာပြီး ပစ္စည်း တွေကို ကားနဲ့ သယ်ပါတယ်။ ပေပုရပိုက် တွေနဲ့ စာအုပ်ဟောင်းတွေ ဖွာကကျိုး ကုန်ပါတယ်။ ကားနဲ့ ခြောက်ခေါက် တိုက်ရပါတယ်။ ပြီးတော့ အိမ်တွေကို ညတွင်းချင်း ဖျက်ချပြီး ဘူဒိုဇာနဲ့ ထိုးပစ် ပါတယ်။ ကျနော်နဲ့ ရွှေကူမေနှင်း တို့ကို

ကျွန်တော်တို့ အတွက် ရာထားတဲ့ တိုက်ခန်း တွေကို ပို့ပေး ပါတယ်။ အကျယ်ချုပ် ထားလိုက် ပါတယ်။ ဒေါ်ရင်ရင်မြင့် တို့ကို မိသားစုလိုက် အချုပ်ကားပေါ် တင်သွားတယ်။ တရုတ် မိသားစုမှာ အဖေနဲ့ အမေက လေဖြတ် နေတာကို ဖွတ်ဆွဲ တင်တော့ ကလေးတွေ လုပါတယ်။ လုတော့ နံပါတ်တုတ်နဲ့ ရိုက်ပါတယ်။ သူတို့ကို အင်းစိန်ထောင်ကို တန်းပို့ ပါတယ်။ ဝရမ်း မပါလို့ စောင့်ရ ပါသေးတယ်။ နှစ်ပတ်လောက် ကြာတော့ လူကြီးတွေ သေကောင် ပေါင်းလဲ ဖြစ်လို့ ဆေးရုံ ပို့ရတဲ့ အခါ အားလုံး မိသားစုလိုက် ပြန်လွှတ် ပါတယ်။

ဆရာမ ဒေါ်ရင်ရင်မြင့်က "ကျမတို့ မိသားစု လမ်းမှာ ဆင်းမယ်" လို့ ပြောသတဲ့ "မဟုတ်ဘူး၊ ဆရာမ တို့ကို အိမ်အရောက် ပို့ပေးဖို့ အထက်အမိန့် ပါတယ်" လို့ ပြောတော့ ဆရာမ မိသားစုက ကားကို ဖွတ်ရပ်ခိုင်း ဖွတ်ဆင်းတယ်။ တာဝန် ရှိသူက ဆရာမ လက်ကို အခန်းသော့ ဖွတ်ပေးတယ်။ ဆရာမက မယူဘူး။ ပြန်ပစ် ချထား ခဲ့တယ်။ ဘုန်းကြီးကျောင်းကို သွားနေတော့ ဘုန်းကြီးကို မြို့နယ်ရုံး ဆင့်ခေါ်ပြီး၊ တယ်လီဖုန်း သုံးခွင့် မပေးဘို့နဲ့ နေခွင့် မပေးဘို့ ပြောသတဲ့။ "ငါ့ ဒကာ၊ ဒကာမတွေ ဒုက္ခရောက်လို့ လာခိုလှုံတာ၊ ငါလက်မခံလို့ မဖြစ်ဘူး" လို့ ပြန်ပြော ခဲ့သတဲ့။ အဲဒါကို ဆရာတော်က သူ့ဒကာ၊ ဒကာမ တွေကို ပြန်မပြောရှာဘူး။ တဆင့် စကား ကြားတော့ ဆရာမက သူ့ မိသားစုကို သူတို့ နေရင်းရွာက ဆွေမျိုးဆီ ပြန်ခေါ် သွားပါသတဲ့။

ကျွန်တော်တို့ရဲ့ အိမ်ဖျက် ပစ္စည်းတွေ ထဲက သစ်ဝါး တချို့နဲ့ သွပ်ပြားတွေကို ရောင်းရင် ရပါတယ်။ ပြန်ယူပါ ဆိုပေမယ့် မယူခဲ့ ပါဘူး။ ဆရာမ လောက်လဲ သူတို့ ပစ္စည်းတွေ စလင်းကွင်း ဆိုတဲ့ ဘောလုံးကွင်း တခုမှာ စွန့်ပစ် ထားတာ ပြန်မယူပါဘူး။ သော့တောင် ပစ်ချခဲ့တဲ့ ဆရာမလေးကို ဂုဏ်ပြု စကားပြောဖို့ ဒီနှစ် မေပြီမှာ စီစဉ် ထားပေမယ့် အသံလွှင့် ဌာနက ကျွန်တော်တို့ အစီအစဉ်ကို ရုတ်တရက် ရပ်လိုက်လို့ မပြောလိုက် ရတော့ပါဘူး။ ပြောဖို့ နောက်ကျတာကို ဆရာမ ခွင့်လွှတ် နိုင်ပါ စေသတည်း။

ဆရာမ ဒေါ်ရင်ရင်မြင့်ဟာ စုစုနွေးလိုပဲ သတ္တိ ရှိသူပါ။ ကျွန်တော်တို့ တိုက်ပွဲမှာ ဒေါ်ရင်ရင်မြင့်က သတ္တိ အပြောင်မြောက်ဆုံးနဲ့ ဆုံးရှုံးမှု အများဆုံး ဖြစ်ပါတယ်။ နောင်အခါ ဒီထက် စုံလင်အောင် ထပ်ရေး ပါအုံးမယ်။ ပြောခွင့် ကြုံရင် ပြောပါ အုံးမယ်။ ဒီလို သတ္တိရှင် အမျိုးသမီးတွေ ကျွန်တော်တို့ လူမျိုးမှာ အများကြီး ရှိပါတယ်။ ဒေါ်ရင်ရင်မြင့် အကြောင်း စိန်ကျော်လှိုင်၊ တင်မိုး၊ တင်မောင်သန်းတို့ ရေးခဲ့တာတွေ ကျွန်တော် ပြန်ရှာပါတယ်။

မောင်စွမ်းရည်
ဧပြီ၊ ၁၂၊ ၂၀၀၆

မြန်မာပြည်မှာ တာလီဘန် အချိတ်အဆက် ရှိနေပြီလား
မိုးမခအထောက်တော် အမှတ် ၀၀၁
စက်တင်ဘာ ၈၊ ၂၀၁၁

မြန်မာထောက်လှမ်းရေးအစီရင်ခံစာ ဟူသော ဝီကီလိခ် ပေါက်ကြားစာတစောင်တွင် ARNO သူပုန် ၅ ဦးက ဘင်လာဒင်နှင့် တွေ့ဆုံခဲ့သည်ဟု ဖော်ပြထား၏

မောင်တောမြို့နယ်တွင် တာလီဘန် တို့နှင့် ဆက်နွယ်သည်ဟု ယူဆရသူ ၁၂ ဦး အင်္ဂါနေ့က ထောင်ဒဏ်များ ချမှတ်ခံလိုက်ရသဖြင့် မြန်မာနိုင်ငံတွင် တာလီဘန်အဆက်အသွယ်များ ရှိနေသလော ဟူသည့် မေးခွန်း ပေါ်ပေါက်လာသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မြို့ မောင်တော်မှ ထို ၁၂ ဦး ထောင်ကျသွားသည်ဟု ဆိုသော်လည်း မည်သည့်အဖွဲ့နှင့် ဆက်သွယ်မှုဖြင့် ထောင်ကျသွားသည်ကို မသိရသေးပေ။

အာဖဂန်နစ္စတန်မှ အစွန်းရောက် အစ္စလမ် လက်နက်ကိုင်တပ်ဖွဲ့ တာလီဘန်တို့နှင့် မြန်မာပြည်မှ သူပုန်အဖွဲ့တခု အဆက်အစပ်ရှိကြောင်း မကြာသေးမီက ဝီကီလိခ်တွင် ထွက်ပေါ်လာသော စာတစောင်တွင် တွေ့ရသည်။

၂၀၀၂ အောက်တိုဘာ ၁၀ နေ့စွဲဖြင့် ရန်ကုန်မြို့ အမေရိကန် သံရုံးက အမေရိကန် နိုင်ငံခြားရေးဌာနသို့ ပေးပို့သော ကြေးနန်းစာ ဖြစ်သည်။

ထိုကြေးနန်းစာမှာ အောက်တိုဘာ ၇ ရက်နေ့တွင် မြန်မာစစ်ထောက်လှမ်းရေး ဗိုလ်မှူးချုပ်ကျော်သိန်းက သံရုံးကို ပေးသည့် Arakan Rohingya National Organization (ARNO) အမည်ရှိ သူပုန်အဖွဲ့အကြောင်း အစီရင်ခံစာကို ဘာသာပြန်ထားခြင်း ဖြစ်သည်။

ARNO သည် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် အခြေစိုက်သည့် အဖွဲ့ဖြစ်သည်။ တာလီဘန်တို့နှင့် တွေ့ဆုံမှု ရှိခဲ့ရုံသာမက မြန်မာသူပုန်အဖွဲ့များနှင့်လည်း တွေ့ဆုံဆွေးနွေးမှု လုပ်ခဲ့သည်ဟု ဆိုသည်။

၂၀၀၀ ပြည့်နှစ်တွင် ခေါင်းဆောင် ၅ ဦးက အိုစမာဘင်လာဒင်နှင့် တွေ့ဆုံခဲ့သည်ဟု ဗိုလ်မှူးချုပ်ကျော်သိန်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု ဆိုသည်။

ARNO ၁၃ဦး သည် လစ်ဗျား၊ အာဖဂန်နစ္စတန်တို့တွင် ပြုလုပ်သည့် ပြောက်ကျားစစ်ဆင်ရေး၊ ဖောက်ခွဲရေး၊ လက်နက်ကြီးသင်တန်းများကို ၂၀၀၁ ဩဂုတ်လက တက်ရောက်ခဲ့သည်ဟု ဆိုသည်။

လက်နက်ကိုင်အင်အား ၂၀၀ ခန့် ရှိသည့် အဖွဲ့က ဘင်္ဂလားဒေ့ရှ်တွင် ဖိအားပေးခံရသဖြင့် ထိုင်းမြန်မာနယ်စပ်တွင် ပြောင်းရွှေ့အခြေစိုက်ရန် ကြိုးစားပုံကို ဖော်ပြထားသည်။

ARNO အဖွဲ့ ဒုတိယဥက္ကဋ္ဌက မြန်မာတိုင်းရင်းသား သူပုန်အုပ်စုများ စုပေါင်း ဖွဲ့ထားသည့် DAB ခေါ် လက်နက်ကိုင် တပ်ပေါင်းစု ဝင်လိုကြောင်း ထိုင်းမြန်မာနယ်စပ်သို့ သွားရောက်ပြီး ချည်းကပ် ဆွေးနွေးသော်လည်း မအောင်မြင်ခဲ့ကြောင်း အစီရင်ခံစာတွင် ရေးထားသည်။

ထိုင်းမြန်မာနယ်စပ် လက်နက်ကိုင်အဖွဲ့လောက၊ နိုင်ငံရေးလောကမှ ခေါင်းဆောင်အများအပြား၏ အမည်ကို အစီရင်ခံစာတွင် ရေးထားပြီး ထိုခေါင်းဆောင်များနှင့် ARNO ကိုယ်စားလှယ်က တွေ့ဆုံခဲ့သည်ဟု ဆိုသည်။

မြန်မာစစ်ထောက်လှမ်းရေးက ပေးသော ဤအစီရင်ခံစာပါ အချက်အလက်များ မှန်ကန်ပါက ARNO သည် အခြေစိုက်စခန်းသစ်များ ရှာဖွေနေခြင်းဖြစ်မည်ဟု ရန်ကုန်သံရုံးက မှတ်ချက်ပေးထားသည်။

မြန်မာအစိုးရက လက်နက်ကိုင်အဖွဲ့အားလုံးကို အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်ထားကြောင်း၊ ဤအစီရင်ခံစာ ပေးအပ်ခြင်းမှာလည်း ARNO နှင့် ထိုင်းနယ်စပ်မှ မြန်မာသူပုန်အဖွဲ့တို့ အဆက်အသွယ်ရှိပုံကို အမေရိကန်အစိုးရ သိစေလို၍ ဖြစ်နိုင်ကြောင်း၊ အမေရိကန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသည်ကို ပြဟန် တူကြောင်း ရန်ကုန်သံရုံးက မှတ်ချက်ပြုထားသည်။

နောက်ဆက်တွဲ ဖြည့်စွက်ချက်

ARNO အဖွဲ့ ခေါင်းဆောင်ပိုင်းသည် အရှေ့အလယ်ပိုင်း ဒေသသို့ ရွှေ့သွားပြီ ဖြစ်သောကြောင့် အဖွဲ့လှုပ်ရှားမှု မရှိတော့ကြောင်း ၂၀၀၅ စက်တင်ဘာ ၂၉ ရက်နေ့ ရက်စွဲတပ် ရန်ကုန်သံရုံး ပေးစာတစောင်တွင် ဖော်ပြထားသည်။  ထိုအချက်အလက်များကို ဘင်္ဂလားဒေ့ရှ် မြန်မာနယ်စပ်သို့ သွားရောက်ခဲ့သော ရန်ကုန်သံရုံးမှ နိုင်ငံရေးအရာရှိက ဒေသခံ သတင်းသမားများထံမှ သိခဲ့ရသည်ဟု ဆိုသည်။ ARNO နှင့် ထိုဒေသ သူပုန်အဖွဲ့ လက်နက်များသည် မြေမြှုပ်ပြီး ဝှက်ထားကြောင်း၊ အကြောင်းသိတချို့က ရာဇဝတ်ဂိုဏ်းများသို့ ရောင်းချမှုများရှိကြောင်းလည်း ဖော်ပြထားသည်။

၂၀၀၅ ဩဂုတ် ၁၆ နေ့စွဲတပ် ရန်ကုန်သံရုံး ကြေးနန်းတစောင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ ရရှိသည့် သတင်းအချက်အလက်တချို့ကို တွေ့ရသည်။ ရဲတပ်ဖွဲ့က ပေးသော သတင်းတွင် မြန်မာပြည်မှ နှင်ထုတ်လိုက်သည့် သံသယဖြစ်ဖွယ် ပါကစ္စတန် ခရီးသည် ၄ ဦး၏ အချက်အလက်များ ပါဝင်သည်။ အိန္ဒိယပတ်စ်ပို့ ကိုင်ဆောင်သော ထို ၄ ဦးသည် စီးပွားရေးလုပ်ငန်းဆိုင်ရာပြည်ဝင်ခွင့်ဖြင့် ရောက်ရှိလာသော်လည်း ရှမ်းပြည်နယ် နှင့် ရန်ကုန်တဖက်ကမ်း ဒလမြို့ရှိ ဗလီများသို့ သွားရောက်ပြီး သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

ထိုသို့ ရဲတပ်ဖွဲ့က သတင်းပေးလာခြင်းသည် အလွန် ရှားပါးသည့် ကိစ္စဖြစ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စနှင့် ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်လိုဟန် ရှိကြောင်း၊ ထိုကိစ္စမျိုးအတွက် ဆက်လက်တွေ့ဆုံလိုသည်ဟု တုံ့ပြန်ခဲ့ကြောင်း စာတွင် ရေးထားသည်။

ထူးဟန်နဲ့ မွန်းတို့က စစ်တပ်၏ပါးကွက်သားများအဖြစ် လုပ်ကြံဖန်တီးပြီး
ယူအန်၏ အိုင်စီစီလုပ်ငန်းစဉ် အားနည်းချက်ကို ထင်ရှားအောင် သက်သေပြခြင်းဖြစ်
မိုးမခအထောက်တော် ဝ၀၈၊ စက်တင်ဘာ ၈၊ ၂၀၁၁
လွန်ခဲ့တဲ့ ဇူလိုင်က မြန်မာပြည်က နိုင်ငံရေးဒုက္ခသည်၊ ဩစတြေးလျနိုင်ငံသား ထူးထူးဟန်နဲ့ အပေါင်းအပါ ၂ ဦးက သူတို့တတွေက မြန်မာစစ်အာဏာရှင်ရဲ့ ပါးကွက်သားတွေဖြစ်တယ်၊ မြန်မာ့ဒီမိုကရေစီဘက်တော်သားတွေကို လုပ်ကြံသတ်ဖြတ်ခဲ့တယ်လို့ ထုတ်ဖော် ပြောဆိုပြီး ကုလရဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်မှာ အစစ်ဆေးခံလိုကြောင်း တင်ပြခဲ့ကြပါတယ်။
ဩစတြေးလျသတင်းစာများသာမက ပြည်ပက မီဒီယာနဲ့ မြန်မာအသိုင်းအဝိုင်းများမှာ အများကြီး ဂယက်ရိုက်ခဲ့ပြီး ယခု ၂ လအကြာမှာတော့ ဒါတွေဟာ အမှန်မဟုတ်ဘူး၊  သူတို့တတွေ လုပ်ကြံသတင်းဖြန့်လိုက်တာဖြစ်တယ်လို့ ဝန်ခံလိုက်ပါတယ်။ သတင်းကို သူတို့နိုင်ငံထုတ် ကိုရီးယားမီးလ်သတင်းဝက်ဆိုက်မှာ ရေးထားပါတယ်။
သူတို့နဲ့ အပေါင်းအပါများရဲ့ သဘောထားကတော့ ကုလသမဂ္ဂရဲ့ အိုင်စီစီလို့ခေါ်တဲ့ နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ကော်မရှင်ဟာ အမှန်တရားကို ဖော်ထုတ် အရေးယူနိုင်ခြင်း မရှိဘဲ အားနည်းချက်တွေရှိတဲ့စနစ်ဖြစ်တယ်ဆိုတာကို သက်သေပြဖို့အတွက် သည်လိုမျိုး လုပ်ဇာတ်ခင်းရတာ ဖြစ်တယ်လို့ သတင်းစာကို ဖြေရှင်းထားပါတယ်။ သူတို့ဝန်ခံချက်ကို မီဒီယာအများအပြားမှာ ဖော်ပြခဲ့ကြပေမယ့် ကုလအဖွဲ့ကြီးနဲ့ အိုင်စီစီက တိုက်ရိုက် စုံစမ်းခြင်း၊ ထုတ်ပြန်ခြင်း၊ ဘာမျှ ထူးထူးခြားခြား တုန့်ပြန်ခြင်း မရှိခဲ့ဘူးလို့ သူတို့က ထောက်ပြပါတယ်။
ကုလအဖွဲ့ချုပ်ကြီးဟာ ပြက်လုံးသက်သက်သာဖြစ်တယ်၊ ပြည်သူလူထု အားနည်းသူအများစုအတွက် ဘာမျှ ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်တာ မရှိဘူး၊ နိုင်ငံအများစုကို ညီမျှတဲ့ ကိုယ်စားပြုမှု မရှိဘူး၊ နိုင်ငံ ၅ ခုလောက်ရဲ့ မဲဆွယ် ဝါဒဖြန့်မှုအောက်မှာပဲ ရှိနေတယ်။ တကယ်တမ်းဆို အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်း စသည်ဖြင့် သီးခြား တောင်ပန်ဖြန့်  ရပ်တည်ခွင့်တွေ ရှိရမယ်။ ယခုထက်ထိ မြန်မာပြည်က အနည်းဆုံး ၁ ဦးကိုတောင်မှ စစ်ရာဇဝတ်ခုံရုံး တင်နိုင်ခြင်း မရှိသေးဘူး စသည်ဖြင့် ထူးဟန်နဲ့ မိတ်ဆွေတွေက ဝေဖန်ထားကြတယ်လို့ သတင်းစာက ရေးသားထားပါတယ်။
သူတို့ရဲ့ လုပ်ကြံဇာတ်ဝန်ခံချိန်က စက်တင်ဘာကုလအထွေထွေညီလာခံ ကျင်းပချိန်နဲ့ တိုက်ဆိုင်နေပါတယ်။ သူတို့ရဲ့ သတင်းထုတ်ပြန်မှုကြောင့် တဖက်မှာ

ကုလအိုင်စီစီ အဖွဲ့ကြီးရဲ့ စွမ်းဆောင်နိုင်မှုကို မေးခွန်းထုတ်ကြတာနဲ့ ရင်ဆိုင်နိုင်ရသလို၊ အခြားတဖက်မှာလည်း မတရားလုပ်သူတွေ၊ မတရားအလုပ်ခံရသူတွေရဲ့ အပြန်အလှန်စွတ်စွဲ ပြောဆိုမှု၊ အရေးယူရေး တောင်းဆိုမှုတွေအတွက် ကွန်မြူနီတီနဲ့ အာဏာပိုင်တွေရဲ့ ဝင်ရောက်စွက်ဖက်မှုကိုလည်း မေးခွန်းထုတ်စရာ ဖြစ်လာနိုင်ပါတယ်။

အိန္ဒြိယပစ္စယော - အများကြီးတိုးတက်သွားပြီ

မေနှင်းလွဲမွန် ၊ စက်တင်ဘာ ၈၊ ၂၀၁၁

ဓမ္မဘေရီဆရာတော်သည် ဆန်ဖရန်စစ္စကိုဘေး ဧရိယာတွင် လူတိုင်းအတွက်ပဋ္ဌာန်း သင်တန်းပို့ချနေသည်မှာ အိန္ဒြိယပစ္စည်းအကြောင်း ရှင်းပြသောနေ့က ဖြစ်လေသည်။ အိန္ဒြိယပစ္စည်းသည် အဓိပတိပစ္စည်းကဲ့သို့ အကုန်လုံးကိုအစိုးရခြင်းမဟုတ်ပဲ ဆိုင်ရာဆိုင်ရာ အပိုင်းလိုက်သာ အစိုးရခြင်းဖြစ်ကြောင်း။ အပိုင်းလိုက် အစိုးရခြင်းကို ဥပမာ ဥပမေယျများ ထုတ်ပြလေသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီညီလာခံများကျင်းပစဉ် အခါတုန်းကဖြစ်သည်။

ပါတီညီလာခံသို့ တက်ရောက်ရန်အတွက် ချင်းပြည်နယ်မှ ကိုယ်စားလှယ်တဦးသည် မန္တလေး-ရန်ကုန်ရထားကို စီးနင်းလိုက်ပါလာသည်။ ၎င်းကိုယ်စားလှယ်အနီးတွင် ကဗျာဆရာတင်မိုးနှင့် စာရေးဆရာမောင်ထင်တို့သည်လည်း စီးနင်းလိုက်ပါလာကြရာ စကားစမြည်ပြောဖြစ်ကြလေသည်။

ဆရာတင်မိုးက-

"နောင်ကြီးက ဘယ်သွားမလို့တုန်း"

"ပါတီညီလာခံတက်မလို့"

"အော် ဒါနဲ့ နောင်ကြီးတို့ ချင်းပြည်နယ် အခြေအနေ ဘယ်လိုနေတုန်း"

"ဟာ အများကြီးတိုးတက်သွားပြီ"

"ဟင် တယ်ဟုတ်ပါလား။ ပြောပြစမ်းပါအုံး"

ဆရာမောင်ထင်သည် ကဗျာကယာ စာအုပ်နှင့် ဖောင်တိန်ထုတ်ကာ ရေးမှတ်ရန်ပြင်လေသည်။

"တိုးတက်သွားပြီ အများကြီးတိုးတက်သွားပြီ"

"ဟုတ်လား။ လမ်းပမ်းဆက်သွယ်ရေးတွေရော"

"အင်း အယင်တုန်းက အတိုင်းပဲ"

"ဟို စိုက်ပျိုးရေးတွေရော"

"အဲ အယင်တုန်းက အတိုင်းပဲ"

"ဟို ဟို ရေတို့ မီးတို့ ရော"

"အဲဒါလဲ အယင်တုန်းက အတိုင်းပဲ"

"ဟင် ဒါဆိုရင် ဘာတွေတိုးတက်သွားတာတုန်း"

"တိုးတက်သွားတာပေါ့။ ကျုပ်တို့ အခု အစည်းအဝေးလုပ်တတ်သွားပြီလေ။ အယင်တုန်းကဆိုရင် အစည်းအဝေးမရှိဘူး။ လမ်းပြင်မယ်ဆိုရင် ဒီအတိုင်းပဲ ပေါက်တူးကိုင်ပြီး တအိမ် တယောက်ထွက် သွားလိုက်တာပဲ။ အခုဆိုရင် ဒီအတိုင်းမသွားဘူး။ အစည်းအဝေးလုပ်တယ်၊ (တင်ပြတယ်၊ ထောက်ခံတယ်၊ အောင်မြင်စွာပြီးဆုံးကြောင်းကြေငြာတယ်)ပြီးမှသွားတယ်။ ကျုပ်တို့ အစည်းအဝေး ကောင်းကောင်း လုပ်တတ်သွားပြီ။ အများကြီးတိုးတက်သွားပြီ"

မြတ်စွာဘုရား။ ကျမတို့လည်း ဂျီးတော်နိုင်ငံတွင် အသင်းကောင်းကောင်းဖွဲ့တတ်သွားကြလေပြီ။ အလုပ်ကော်မီတီဖွဲ့ကာ ရာထူး ယူတတ်သွားကြလေပြီ။

ဘယ်အသင်းမှ community ၏ leadership အဖြစ် ကြီးထွားဖွံ့ဖြိုး စည်ပင်မလာပဲ အသစ်အသစ်သော အသင်းများမှိုလိုပေါက်လာလေသည်။

အော် အိန္ဒိယပစ္စည်းနှင့် ရွှေမြန်မာများ။ အပိုင်းလိုက်သာလျှင် အစိုးရကြ ပါလားနော်။

(စက်တင်ဘာ ၄၊ ၂၀၁၁ - သူ့ဘလောက်က ကြိုက်လို့ ယူသုံးပါတယ်။ ခွင့်မတောင်းမိ )

http://mayhninlaemon.blogspot.com/

Wednesday, 07 September 2011

KNU လက်အောက် သို့ DKBA ပြန်လည် ပူးပေါင်းရန် အလားအလာရှိနေ

ဟံသာ၊ စက်တင်ဘာ ၈၊ ၂၀၁၁

နယ်ခြားစောင့်တပ် အဖြစ်အသွင်ပြောင်းရန် အစီအစဉ်ကို လက်မခံဘဲ မြန်မာအစိုးရကို ခုခံ တိုက်ခိုက်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော်-DKBA က ၎င်းတို့ အနေဖြင့် ကရင်အမျိုးသား အစည်းအရုံး-KNU လက်အောက်သို့ အထူးတပ်အနေဖြင့် ပူးပေါင်းသွားရန် အလားအလာ ရှိကြောင်း ပြောကြားလိုက်သည်။

KNU ၏ လက်အောက်တွင် ယခုလက်ရှိ တပ်မဟာများ ရှိနေသဖြင့် DKBA မှ လာရောက်ပူးပေါင်း ဖြစ်ပါက တပ်မဟာအနေဖြင့် မဟုတ်ဘဲ "ကလို့ထူးဘော" အထူးတပ်အနေဖြင့်သာ ပူးပေါင်းသွားမည်ဟု DKBA ကလို့ထူးဘော ဌာနချုပ်၏ ပြန်ကြားရေး ယာယီတာဝန်ခံ တပ်မှူးတဦးကပြောသည်။

"အဲဒီအချိန်ကျရင် DKBA ဆိုတာ ပျောက်ချင်ပျောက်သွားလိမ့်မယ် "ဟု ၎င်းက ဆက်ပြောသည်။ မည်သည့် အချိန်တွင် ပူးပေါင်းမည် ဆိုသည်ကိုမူ ၎င်းက တိတိကျကျ ပြောဆိုခြင်း မရှိပေ။

ယခင်လ ၁၄ ရက်နေ့တွင် DKBA အဖွဲ့၏ တပ်မှူးညီလာခံ ကျင်းပခဲ့ပြီး တပ်ဖွဲ့စည်းပုံကို စနစ်တကျ ဖြစ်စေရန် ပြန်လည် ဖွဲ့စည်းခဲ့သည်ဟု သိရသည်။ ကလို့ထူးဘော စစ်ဗျူဟာကို ဌာနချုပ်အဖြစ် သတ်မှတ်ပြီး ယင်းအောက်တွင် ကလို့ထူးဝါးနှင့် ကလို့ထူးလားဟူ၍ စစ်ဗျူဟာနှစ်ခု ခွဲကာဖွဲ့စည်းခဲ့သည် ဟု အဆိုပါ တာဝန်ခံက ရှင်းပြသည်။

KNU ဒုဥက္ကဋ္ဌ ပဒိုစောဒေးဗစ်သာကပေါက DKBA ပူးပေါင်းမည့် အစီအစဉ် ကို ကြိုဆိုလိုက်သည်။ ၎င်းက "လာပေါင်းမယ်ဆိုရင် အချိန်မရွေး ကြိုဆိုပါတယ်၊ DKBA ဆိုတာ (Army) စစ်တပ်ပါပဲ။ ဒါကြောင့် KNU လက်အောက်မှာ ရှိရင်တော့ စစ်တပ်အနေနဲ့ ပြန်ပြီးနေရင် အကောင်းဆုံးပဲ" ဟုဆိုသည်။

DKBA အနေဖြင့် ၎င်းတို့၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ KNU အဖွဲ့အား တင်ပြထားပြီး ယခုလက်ရှိတွင် စစ်ရေးအရ ပူးပေါင်း လုပ်ဆောင်ရွက်လျက် ရှိသည်ဟု DKBA ကပြောသည်။ ထိုသို့ ပူးပေါင်းမှု၏ ရလဒ် အဖြစ် နယ်မြေလှုပ်ရှားမှု ပိုမိုကျယ်ပြန့်လာခြင်း၊ ရန်သူအား ပိုပြီး ခုခံတိုက်ခိုက်လာနိုင်ခြင်း၊ လူထုထောက်ခံမှု ပိုမိုရရှိလာခြင်း အစရှိသည့် အားသာချက်များ ရရှိသည်ဟုလည်း DKBA အဖွဲ့မှ ပြောဆိုသည်။

နှစ်ပေါင်းခြောက်ဆယ်ကျော် မြန်မာအစိုးရကို လက်နက်ကိုင် ဆန့်ကျင် တိုက်ခိုက်လျက်ရှိသည့် KNU သည် နိုင်ငံရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ KNU ၏ လက်နက်ကိုင်အဖွဲ့အစည်း မှာ ကရင်လွတ်မြောက်ရေးတပ်မတော်-KNLA ဖြစ်သည်။

DKBA သည် မူရင်းမိခင် အဖွဲ့အစည်း KNU မှ ၁၉၉၄ ခုနှစ်တွင် ခွဲထွက်ပြီး စစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး ပြုလုပ်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် စစ်အစိုးရက DKBA တပ်ဖွဲ့၏ အစိတ်အပိုင်းအချို့ကို နယ်ခြားစောင့် တပ်အဖြစ် အသွင်ပြောင်း ဖွဲ့စည်းစေခဲ့ရာတွင် ထိုအချက်ကို လက်မခံသည့် လက်နက်ကိုင် တပ်ဖွဲ့ဝင်များက ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် အစိုးရအား ပြန်လည် တော်လှန်ခဲ့သည်။

(Photo - DKBA 5th Brigade soldiers in Karen State. http://kcortiz.photoshelter.com )

http://www.moemaka.com/

News Date:9/8/2011
RNDP မှ ဆရာဦးဉတ္တမ စာစောင်များ ဖြန့်ဝေမှု နှောင့်ယှက်ဟန့်တားမှု မရှိ
Font size: Decrease font Enlarge font

RNDP ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ ဆရာတော်ဦးဉတ္တမ လက်ဆင့်ကမ်း စာစောင်များကို စစ်တွေ အပါအဝင် ရခိုင်တပြည်နယ်လုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနေရာ အာဏာပိုင်များက တစုံတရာ နှောင့်ယှက် ဟန့်တားမှု ပြုလုပ်ခြင်း မရှိကြောင်း သိရသည်။

rndp-pamflat

ရတပ ပါတီမှ ထုတ်ဝေသော ဦးဉတ္တမ အမှတ်တရ စာစောင်
စစ်တွေမှ လူငယ် တစ်ဦးက " ဆရာတော် ဦးဉတ္တမ စာစောင်တွေ ရပါတယ်။ ရခိုင်ပါတီက ဖြန့်ဝေတာ ဖြစ်ပါတယ်။ လွတ်လွတ်လပ်လပ်လို့ ဖြန့်နေကြပါတယ်။ အခု အချိန်ထိတော့ ဘာမှ ပြဿနာ မရှိပါဘူး" ဟု ပြောသည်။

ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီမှ ထုတ်ဝေသော ဆရာတော် ဦးဉတ္တမ စာစောင် အဖုံးတွင် မြန်မာ့ လွတ်လပ်ရေး မီးရှူးတန်ဆောင် ကျေးဇူးရှင် ဆရာတော် အသျှင် ဦးဉတ္တမ ( ၁၈၈၉- ၁၉၃၉) စာသားဖြင့် ရေးသားထားပြီး ဆရာတော်ပြောဆိုခဲ့သော " နောက်ဆုံး မှာ ဇာအရာမဆို မှန်ကန်ရေ တရားရေ အောင်နိုင်စမြဲရာ" ကို ရေးသား ဖေါ်ပြထားသည်။

Saradaw-Ottama

စစ်တွေတွင် ဆရာတော်နေ့ အခမ်းအနားအတွက် ပြင်ဆင် နေစဉ်
၎င်းပြင် ဆရာတော် ဦးဉတ္တမ၏ သမိုင်းဝင် ဓါတ်ပုံများ၊ အဆိုအမိန့်များကိုလည်း စာစောင်တွင် ဝေဝေ ဆာဆာ ဖေါ်ပြထားကြောင်း သိရသည်။

အဆိုပါ စာစောင်အား ရခိုင်တိုင်းရင်းသားများ တိုးတက်ရေး ပါတီမှ အောက်မေ့သတိရ ဂုဏ်ပြုသည့် အနေဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်း ဖေါ်ပြထားသည်။

ပုဏ္ဏားကျွန်းမှ လူငယ် တစ်ဦးကလည်း " ကျွန်တော်တို့ဆီမှာ ဆရာတော် အတွက် ရတပ ပါတီက ထုတ်ဝေတဲ့ စာစောင်အပြင် ဆရာတော် ဦးဉတ္တမ တီရှပ်တွေလည်း ရပါတယ်။ လူတွေက တက်တက်ကြွကြွနဲ့ အခမ်းအနားကို တက်ဖို့ စိတ်ထက်သန်နေကြပါတယ်" ဟု ပြောသည်။

အဆိုပါ ရတပ ပါတီမှ ထုတ်ဝေသော ဆရာတော် ဦးဉတ္တမ စာစောင်အား စစ်တွေတွင် သာမက နယ်မြို့များတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်နေကြသည်ဟု သိရသည်။

ယခင်က ဆရာတော် ဦးဉတ္တမနေ့နှင့် ပတ်သက်ပြီး လှုပ်ရှားမှုများကို အာဏာပိုင်များက တင်းတင်းကျပ်ကျပ် တားမြစ်ခဲ့သည်။

News Date:9/8/2011
ဆရာတော် ဦးဉတ္တမကြေးရုပ်တွင် ပန်းခွေချ ပူဇော်မည့် အစီအစဉ် ခွင့်ပြုချက် မရသေး
Font size: Decrease font Enlarge font

စစ်တွေမြို့ရှိ ဆရာတော် ဦးဉတ္တမ ပန်းခြံရှိ ဆရာတော်ကြေးရုပ်ရှေ့တွင် လှမ်းသူပန်းခွေချ ပူဇော်မည့် အခမ်းအနား အစီအစဉ်ကို ရခိုင် ပြည်နယ် အစိုးရမှ ယခု အချိန်ထိ ခွင့်ပြုချက်မပေးသေးကြောင်း သတင်း ရရှိသည်။

U-Ottama-Arakan
" ကျွန်တော်တို့ပါတီက ဆရာတော် ဦးဉတ္တမနေ့ မှာ ဆရာတော်ကြေးရုပ်ရှေ့မှာ လှမ်းသူပန်းခွေချ အလေးပြုဖို့ အစီအစဉ်တွေ လုပ်ထားတယ်။ ဆီးမီး ပူဇော်ပြီး ဆရာတော်ကို ဂုဏ်ပြုဖို့ လုပ်ထားတယ်။ ဒီလို အစီအစဉ်တွေကို ပြည်နယ် အစိုးရဆီ တင်ပြပြီး ခွင့်ပြုချက်တောင်းခံထားပါတယ်။ ဒါပေမယ့် အခုအချိန်ထိ ခွင့်ပြုချက် မရသေးပါဘူး" ဟုပါတီ ထိပ်တန်း ခေါင်းဆောင် တဦးက ပြောသည်။

၂၀၁၁ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့မှာ ၇၂ နှစ်မြောက် ဆရာတော် ဦးဉတ္တမနေ့ဖြစ်သဖြင့် ဆရာတော်အား ဂုဏ်ပြုပူဇော်ခွင့်ရရန် ရတပ ပါတီက ခွင့်ပြုချက် တောင်းခံထားခြင်း ဖြစ်သည်။

" ဆရာတော်က မြန်မာ လွတ်လပ်ရေး မီးရှူ့တန်ဆောင်ဆိုတော့ ဘယ်လို အခြေအနေမျိုးမှာဘဲ ဖြစ်ဖြစ် ဆရာတော်ကို ကြည်ညိုလေးစားတဲ့ သူတွေက ဂုဏ်ပြုချင်ကြတာပါဘဲ။ ဆရာတော်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ သတိရတဲ့ အနေနဲ့ ပြုလုပ်မှာ ဖြစ်ပါတယ်။ နောက်ကွယ်က ဘာရည်ရွယ်ချက်မှ မပါဝင် ပါဘူး" ဟု သူက ပြောသည်။

ရခိုင်ပြည်နယ် အစိုးရမှ ယနေ့တွင် အဆိုပါ ရတပ ပါတီမှ ခွင့်ပြုချက် တောင်းခံထားခြင်းနှင့် ပတ်သက်ပြီး အစည်းအဝေးထိုင်နေကြရသည်ဟု သိရသည်။

စစ်တွေမြို့သူ မြို့သားများ အနေဖြင့်လည်း ရတပ ပါတီက ခွင့်ပြုချက်တောင်းခံမှု အပေါ် ရခိုင်ပြည်နယ် အစိုးရမှ ခွင့်ပြုချက် ပေးမည် မပေးမည်ကို စိတ်ဝင်တစား စောင့်ကြည့်နေကြသည်ဟု သိရသည်။

စစ်တွေမြို့ ဆရာတော် ဦးဥတ္တမ ပန်းခြံရှိ ဆရာတော် ဦးဥတ္တမ ရုပ်ထုအား ဦးဥတ္တမနေ့တွင် ပြည်သူများ လာရောက် ဂါရဝပြုခြင်း၊ ဆီးမီးပူဇော်ခြင်းများကို အာဏာပိုင်များက တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားသည်။

အတည်မပြုရသေးသော သတင်းများအရ ယနေ့မှ စပြီး ဦးဥတ္တမပန်းခြံတွင် လုံခြုံရေးများ တိုးမြှင့် ချထားလိုက်ပြီ ဖြစ်ကြောင်း မျက်မြင်များက ပြောသည်။

ယခုနှစ်တွင် ကျရောက်မည့် ၇၂ နှစ်မြောက် ဆရာတော် ဦးဥတ္တမနေ့ကို ရခိုင်ပြည်နယ် တဝန်းတွင် အကြီးအကျယ် ကျင်းပပြုလုပ်ရန် စီစဉ်ထားပြီး အနည်းဆုံး မြို့နယ် (၁၅) ခုတွင် ကျင်းပ ဖြစ်မည်ဟု ရတပပါတီ ခေါင်းဆောင်က ပြောသည်။

News Date:9/8/2011
ဘင်္ဂလာဒေ့ရှ်၌ မြန်မာနိုင်ငံသား အများအပြား ဖမ်းဆီးခံရ
Font size: Decrease font Enlarge font

မောင်အေးနှင့် ထွန်းထွန်း
------------------------
ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင် ခိုးဝင်သူ မြန်မာနိုင်ငံသား ၆ ဦး၊ ဘင်္ဂလာဒေ့ရှ် သကြားကို မြန်မာသို့ ခိုးထုတ်ရန် စီစဉ်သူ ၇ ဦး စုစုပေါင်း ၁၃ ဦးကို ဘင်္ဂလာဒေ့ရှ် ရဲတပ်ဖွဲ့မှ ယခုရက်ပိုင်း အတွင်းတွင် ဖမ်းဆီး လိုက်ကြောင်း သတင်း ရရှိသည်။

Coxsbazar-entrance

ဖလောင်းချိတ်ခေါ် ကော့ဘဇားမြို့
ခိုးဝင်သူ ၆ ဦးကို စစ်တကောင်းတောင်တန်းနယ် ရမ်ဂါမတီမြို့နယ် ကာပတိုင်တွင် ဖမ်းဆီးခြင်း ဖြစ်ပြီး ဘင်္ဂလာဒေ့ရှ်မှ သကြားများကို မြန်မာနိုင်ငံသို့ ခိုးထုတ်ရန် ကြိုးပမ်းသူ ၇ ဦးကိုမူ နယ်စပ်အနီးရှိ ကော့ဘဇား- တက်ကနက် ကားလမ်းပေါ်တွင် ဖမ်းဆီးခြင်း ဖြစ်သည်။

" မြန်မာနိုင်ငံသားတွေက မွတ်ဆလင်တွေ ဖြစ်ပါတယ်။ ဘာလီယာချားရီမြို့နယ် ဖားရီပူသို့ စက်ဘုတ် တစီးနဲ့ သွားဖို့ စီစဉ်နေစဉ်မှာ သတင်းအရ အဲဒီဂိတ်မှာဘဲ ရဲကဖမ်းဆီးတာ ဖြစ်ပါတယ်။ စက်တင်ဘာ ၇ ရက်နေ့ နံနက် ၁၀ နာရီ အချိန်မှာ ဒေသခံ ရဲက ဖမ်းဆီးတာ ဖြစ်ပါတယ်" ဟု ဒေသခံ မျက်မြင် တစ်ဦးကပြောသည်။

သကြားတွေကို မှောင်ခို တင်ပို့ဖို့ စီစဉ်သူ ခုနစ်ဦးကို နယ်စပ် အိုကီးယားမြို့နယ် ဝပ်ချောင်း ဂိတ်တွင် ဘင်္ဂလာဒေ့ရှ် နယ်ခြားစောင့် တပ်ဖွဲ့ စက်တာဘာလ ၅ ရက်နေ့က ဖမ်းဆီးမိခြင်း ဖြစ်သည်။

ဖမ်းဆီးခံရသူ မြန်မာ နိုင်ငံသား ၇ ဦးသည် ဘင်္ဂလာဒေ့ရှ်မှ မြန်မာနိုင်ငံသို့ တင်ပို့ခွင့်ကို ပိတ်ပင်ထားသော သကြားအိတ် ၅၀ ကို လော်ရီကား တစီးဖြင့် စစ်တကောင်းမြို့မှ နယ်စပ်မြို့ တက်ကနက်သို့ တင်ယူလာစဉ် ဖမ်းဆီးခံရခြင်း ဖြစ်သည်။

ဖမ်းဆီးခံရသူ (၁၃) ဦး စလုံးကို တည်ဆဲ ဥပဒေများအရ အရေးယူသွားမည်ဟု ရဲက ပြောသည်။

News Date:9/7/2011
ဘင်္ဂလာဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး ရေပိုင်နက် အငြင်းပွားမှု ဖြေရှင်းရန် ဂျာမဏီနိုင်ငံသို့ ထွက်ခွာ
Font size: Decrease font Enlarge font

ဘင်္ဂလာဒေ့ရှ် နိုင်ငံခြားရေး ဝန်ကြီး ဒီပူရ်မူနီသည် ကုလသမဂ္ဂမှ ကြားဝင် ဖြေရှင်းပေးမည့် မြန်မာနှင့် အငြင်းပွားနေသော ရေပိုင်နက် ပြဿနာ ဖြေရှင်းရေးနှင့် ရေပြင်ပိုင်နက် သတ်မှတ်ရေး ကိစ္စတွင် ဘင်္ဂလာဒေ့ရှ်ဘက်က လိုလားချက်များကို တင်ပြရန် ယမန်နေ့က ဂျာမဏီနိုင် ဟန်းဘက်ဂ် မြို့သို့ ထွက်ခွာသွားကြောင်း

သတင်း ရရှိသည်။

Dipu-Moni
ရေနံ သဘာဝ ဓါတ်ငွေ့သိုက်ကြီးများ ရှိနေသည်ဟု ယူဆနေကြသော မြန်မာနှင့် ဘင်္ဂလာဒေ့ရှ် အကြား အငြင်းပွားနေသော ရေပြင်ပိုင်နက်ကို ယနေ့ စက်တဘ်ာလ (၈) ရက်နေ့ တွင် စတင် ကြားနာ စစ်ဆေးမည် ဖြစ်သည်။

အဆိုပါ ကြားနာ စစ်ဆေးမှုကို ဂျာမဏီနိုင်ငံ ရှိ ကုလသမဂ္ဂရဲ့ အိုင်တီအယ်လ်အို လို့ အတို ကောက်ခေါ်သည့် International Tribunal for the law of Sea ဌာနချုပ်တွင် ပြုလုပ်မည် ဖြစ်သည်။

ဘင်္ဂလာဒေ့ရှ်ကို စက်တဘ်ာလ ၈ ရက်၊ ၉ ရက်၊ ၁၂ ရက်နှင့် ၁၃ရက်နေ့များတွင် စစ်ဆေးမည် ဖြစ်ပြီး မြန်မာကို စက်တဘ်ာ ၁၅၊ ၁၆၊ ၁၉ နှင့် ၂၀ ရက်နေ့များတွင် ကြားနာ စစ်ဆေးမည် ဖြစ်သည်။

ဒုတိယ အကျော့ ကြားနာ စစ်ဆေးမှုကို ဘင်္ဂလာဒေ့ရှ်အတွက် စက်တဘ်ာ ၂၁ နှင့် ၂၂ ရက်နေ့များတွင် ပြုလုပ်မည် ဖြစ်ပြီး မြန်မာကို စက်တဘ်ာ ၂၄ ရက်နေ့တွင် ပြုလုပ်မှာ ဖြစ်ကြောင်း သိရသည်။

မြန်မာဘက်ကတော့ တရားသူကြီး အဖြစ် ပင်လယ် သမုဒ္ဒရာနှင့် ရေကြောင်း ပညာရပ်ကို ကျွမ်းကျင်သော ပါမောက္ခ ဘာနက် အိပ်ချ် Bernard H Oxman ကို အဆိုပြု တင်ပြထားပြီး ဘင်္ဂလာဒေ့ရှ်ကတော့ ဂါနာ နိုင်ငံသား Thomas Mensah ကို အဆိုပြုထားကြောင်း သိရသည်။

မြန်မာနှင့် ဘင်္ဂလာဒေ့ရှ် နိုင်ငံအကြား ရေပြင်ပိုင်နက် အငြင်းပွားမှုမှာ ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင် စတင် ဖြစ်ပွားခဲ့သည်။ အဆိုပါ အငြင်းပွားမှုကြောင့် နှစ်ဘက် စစ်သင်္ဘောများကို အငြင်းပွားရာ ရေပြင် ပိုင်နက်ထဲသို့ စေလွှတ်ခဲ့ကြသည့် အတွက် နှစ်နိုင်ငံ အကြား ပြဿနာ တင်းမာခဲ့သည်။ နှစ်နိုင်ငံစလုံးက နောက်ပိုင်းတွင် ပြဿနာကို ဆွေးနွေး အဖြေရှာကြရန် သဘောတူညီခဲ့သဖြင့် ပြဿနာမှာ ပြေအေး သွားခဲ့ရသည်။

နှစ်နိုင်ငံကြား ရေပြင်ပိုက်နက် အငြင်းပွားမှုကို ၂၀၁၂ ခုနှစ် မတ်လတွင် အဆိုပါ ခုံရုံးက အပြီးသတ် ဖြေရှင်းမည် ဖြစ်သည်။

ပုဏ္ဏားကျွန်းမြို့မှာ ပြုလုပ်မယ့် ၇၂ နှစ်မြောက် ဆရာတော် ဦးဥတ္တမနေ့ အခမ်းအနားကို စစ်တွေမြို့က ကဗျာဆရာ ညိုသန့်၊ စာရေးဆရာမ ပံသုခင်ခေါ် ရွှေ့နေမကြီး ဒေါ်အေးနှစိန်တို့က တက်ရောက်ပြီး ဆရာတော် အကြောင်းနဲ့ ပတ်သက်ပြီး ဟောပြောကြမယ်လို့ သိရပါတယ်။ မနက် အစောပိုင်းမှာ ဘုန်းတော်ကြီးကျောင်း (၇) ကျောင်းက ဆရာတော်ကြီး ခုနှစ်ပါးကို ဆွမ်းကျွေးမယ်လို့ သိရပါတယ်။

ထပ်စင် အိမ်ပြန်ဖို့ ပူရာချိုင်း တောင်းဆို
Posted by admin on September 8, 2011 0 Comment

ရာထူးကနေ မောင်းထုတ်ခံရတဲ့ ဝန်ကြီးချုပ်ဟောင်း ထပ်စင်ဟာ သူ့အမှုတွေရင်ဆိုင်ဖို့ တိုင်းပြည်ကို ပြန်လာပြီး သူ့မှာ အပြစ်မရှိကြောင်းကို သက်သေပြသင့်တယ်။ လို့ ရတ်စန်တီပါတီက အမတ် ပူရာချိုင်းဖီရမ်ဆွမ်ဘွန်က ကြာသပတေးနေ့ က ပြောပါတယ်။ ထပ်စင်က သူ့မှာ အပြစ်မရှိကြောင်း သက်သေပြနိုင်တယ်ဆိုရင် သူ့အပေါ် မဟုတ်တန်း တရား၊ တရား စွဲဆိုရာမှာ တာဝန်ရှိတဲ့သူတွေကို ပြန်ပြီး တရားစွဲနိုင်ပါတယ်လို့ ထပ်စင်အစိုးရလက်ထက်က ပြည်ထဲရေးဝန်ကြီး ဖြစ်တဲ့ ပူရာချိုင်းက ပြောပါတယ်။

ထပ်စင်အတွက် ဘုရင်ကြီးရဲ့ခွင့်လွှတ်မှုရအောင် ကြိုးပမ်းနေတဲ့လှုပ်ရှားမှုနဲ့ပတ်သက်ပြီး မေးကြည့်တဲ့အခါမှာသူက အခု လို ပြောပါတယ်။ ထပ်စင်အနေနဲ့ သူ့ဂုဏ်သိက္ခာကို ပြန်လည်ထိမ်းသိမ်းဖို့အတွက် တရားရုံးရှေ့မှောက်မှာ သတ္တိရှိရှိ ရင် ဆိုင်သင့်တယ်လို့ ပြောပါတယ်။ ” ရဲတက္ကသိုလ်ကျောင်းကနေ ဘွဲ့ရလာပြီး ပြစ်မှုဆိုင်ရာဘာသာရပ်နဲ့ Ph.D ဒေါက်တာ ဘွဲ့ရလာတဲ့ ရဲဗိုလ်ချုပ်ကြီး ထပ်စင်ဟာ လုပ်ထုံးလုပ်နည်းတွေအကုန်လုံး သိတယ်ဆိုတာ ကျနော်ယုံ ကြည်ပါတယ်” လို့ ပူရာချိုင်းက ထပ်လောင်းပြောဆိုပါတယ်။

ထပ်စင်ပြန်လာရင် ထောင်ထဲထည့်ထားမယ့်အန္တရာယ်နဲ့ရင်ဆိုင်ရနိုင်ပါသလား ဆိုတာမေးကြည့်တဲ့အခါ အရင်တောင် အာဖရိက သမတဟောင်း နယ်လ်စင်မင်ဒဲလားဟာ သူ၊ အသက် ၈၀ ရှိချိန်၊ တိုင်းပြည်ခေါင်းဆောင်ဖြစ်မလာခင် ထောင် ထဲမှာ နှစ်တွေအကြာကြီး နေခဲ့ရပါတယ်။ လို့ ပူရာချိုင်းက ပြောပါတယ်။ ” ဒါဟာ မူကိစ္စ၊ အတွေးအခေါ်ကိစ္စ ဖြစ်ပါ တယ်” လို့ သူက ပြောပါတယ်။

စက်တင်ဘာ ၈၊ ၂၀၁၁ (ဘန်ကောက်ပို့စ်)

မြဝတီ ကော့ကရိတ် ကားလမ်းပေါ်က နေရာသုံးခုမှာ တိုက်ပွဲဖြစ်ပွား

Posted by admin on September 8, 2011 0 Comment

ကရင်ပြည်နယ် မြဝတီမြို့နဲ့ ကော့ကရိတ် အဝေးပြေးကားလမ်းပေါ်က ကြံ့ဖွံ့အစိုးရ စစ်တပ် စစ်ကြောင်းတွေရှိတဲ့ အောက်ဗိုလ်တဲ သစ်ခြောက်ပင် နဲ့ ရန်ကုတ်နေရာသုံးခုမှာ စက်တင်ဘာ ၇ ရက်နေ့ နေ့လည် တနာရီလောက်က DKBA ဗိုလ်မှူး ကျော်သက် ဦးစီးတဲ့ တပ်ဖွဲ့နဲ့ ဗိုလ်ချုပ်မူကြေး ဦးဆောင်တဲ့ တပ်ဖွဲ့တွေ ပူးပေါင်းပြီး ၎င်းနေရာသုံးခုကို ဝင်ရောက် တိုက်ခိုက်ခဲ့ပါတယ်။

ထိခိုက်ကျဆုံးမှုတွေကိုတော့ မသိရှိရသေးပါ။ DKBA ဗိုလ်မှူးကျော်သက် နဲ့ ပူးပေါင်းတိုက်ပွဲဝင်တဲ့ ဗိုလ်ချုပ်မူကြေး ဟာ နယ်ခြားစောင့်တပ် (BGF) တပ်ရင်း ၁၀၂၂ မှ ကြံ့ဖွံ့အစိုးရကို တော်လှန်တိုက်ပွဲဝင်နေတဲ့ DKBA တပ်ဖွဲ့တွေဆီကို မကြာ သေးခင်က လာရောက်ပူးပေါင်း တိုက်ပွဲဝင်သူ ဖြစ်ပါတယ်။

စက်တင်ဘာလ ၂ ရက်နေ့ကလည်း ဘားအံမြို့က ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (KSDDP) က DKBA ဆိုတာ မရှိတော့ဘူးဆိုတဲ့ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါသေးတယ်။

## ရဲရင့်သော ပညာရှင်များ အလိုရှိသည်

Posted by admin on September 8, 2011 2 Comments

နိုင်ငံတခုမှာ တရားမဲ့မှုတွေ ထူထပ်သိပ်သည်းနေရင် အဲတာတွေကို တုံ့ပြန်ဖို့ တော်လှန်ရေးတွေ ဖြစ်တတ်ပါတယ်။ အ နည်းဆုံးတော့ အဲသလို မတရားတာတွေကို ဆန့်ကျင်တဲ့ လူတွေ အစုကလေးတွေ ပေါ်လာတတ်ပါတယ်။ ပြောရမယ် ဆိုရင် နိုင်ငံရေးအရ တက်ကြွလှုပ်ရှားသူများလို့ သူတို့ကို ခေါ်နိုင်ပါတယ်။ သူတို့ဟာ ဘဝကို အနစ်နာခံပြီး ဆောင်ရွက် နေသူတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုဆိုရင် မြန်မာပြည်မှာ နိုင်ငံရေး အကျဉ်းသား ၂၀၀၀ ကျော်ရှိနေတာ အား လုံးလဲ သိထားပြီးသားပါ။

အခုပြောမှာက သူတို့အကြောင်း မဟုတ်ပါဖူး။ ပညာရှင် (သို့) ကျွမ်းကျင်သူများ အကြောင်း ဖြစ်ပါတယ်။ ပညာရှင်၊ ကျွမ်း ကျင်သူ ဆိုတာ ဘာကိုဆိုလိုပါသလဲ။ လိုရင်းပြောရရင် အထူးသဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် သက်ဆိုင်ရာ ဘာ သာရပ်တွေကို နှစ်ရှည်လများ စောက်ချပြီး အထူးပြုလေ့လာလိုက်စားတဲ့ လူပုဂ္ဂိုလ်မျိုးကို ကျွမ်းကျင်သူ (သို့မဟုတ်) ပညာရှင်လို့ သတ်မှတ်ကြပါတယ်။ သို့သော်လည်း ဟိုစပ်စပ်ဒီစပ်စပ် အကုန်လုံးကို သိသလိုမျိုး၊ တတ်သလိုမျိုး ပြောဆို ကျင့်ကြံနေတဲ့ လူမျိုးတွေကိုတော့ ပညာရှင် စစ်စစ်မှန်မှန် ဖြစ်တယ်လို့ အများက မသတ်မှတ်ကြပါဘူး။ တချို့ကတော့ ပညာရှင်ဆိုတာ တက္ကသိုလ်ကြီးတွေကနေ ဘွဲ့တွေ တသီတတန်းကြီး ရရှိထားမှ ပညာရှင်ဘောင်ဝင်တယ်လို့ သတ်မှတ် ပါတယ်။ ဒီအယူအဆဟာ ထိုက်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမယ့် တက္ကသိုလ်တွေကနေ ဘွဲ့တွေ ဒီဂရီတွေ တသီကြီး ရထားပေမယ့် သက်ဆိုင်ရာနယ်ပယ်အလိုက်၊ ပညာရပ်အလိုက် စိုက်လိုက်မတ်တပ် ဆက်လက်လေ့လာ ဆည်းပူးခြင်း၊ သုတေသနပြုလုပ်ခြင်း စတာတွေကို ဆက်မလုပ်တော့ဖူးဆိုရင် ကျွမ်းကျင်သူ ပညာရှင်လို့ သတ်မှတ်ဖို့ ခက်ခဲပြန်ပါတယ်။ အဲတာမျိုးကိုတော့ သံချေး တက်နေတဲ့ ပညာရှင်ရယ်လို့လဲ တင်စားကြပါတယ်။ နိုင်ငံတကာမှာတော့ ပညာရှင် ဆိုတာ အနည်းဆုံး သုံး-လေးနှစ်တခါ ဆိုသလို သူတို့ရဲ့ ရှာဖွေတွေ့ရှိချက် လေ့လာချက်တွေကို ပညာရှင်အ ဆင့်အတန်းနဲ့အညီ စာအုပ်တအုပ်အဖြစ် ထုတ်ဝေကြပါတယ်။ အနည်းဆုံးတော့ သုတေသနလေ့လာချက် စာတမ်းရှည် တခုလောက်တော့ မထုတ်မဖြစ် ထုတ်ကြရပါတယ်။ ဘာမှမထုတ်ဘဲ ရတဲ့ဘွဲ့ကို ဒီအတိုင်းပိုက်ပြီး ဟိုအစည်းအဝေးမှာ ဒီကွန်ဖရင့်မှာ အပြောသက်သက်နဲ့ နေလာတာ ကြာလာရင် သံချေးတက်ကုန်ပြီလို့ ပညာရှင်လောကမှာ ဝေဖန်ခံရပါ တယ်။

နောက်တချက်ကတော့ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ပညာရှင်ဆိုတာ ဘက်မလိုက်ရဘူးလို့ ဆိုထားပါတယ်။ တွေ့တာကို တွေ့တဲ့အတိုင်း၊ ရှိတာကိုရှိတဲ့အတိုင်း တင်ပြရမယ်လို့လည်း သတ်မှတ်ကြပါတယ်။ နောက်တချက်က ပညာရှင်ဆိုတာ အနာဂတ်ကို မှန်အောင်ဟောနိုင်တဲ့ ဗေဒင်ဆရာမဟုတ်ဘူး ဆိုတာကလည်း သတိထားစရာ ဖြစ်ပါတယ်။ ကျွမ်းကျင်သူ ပညာရှင်တွေဟာ သူတို့ တတ်ကျွမ်းတဲ့ပညာရပ်ကို အသုံးပြုပြီး လူသားတွေကို တတ်နိုင်တဲ့ဖက်က ကူညီလမ်းပြပေးဖို့ လိုအပ်ပါတယ်။ လူသားတို့ကို ကြေပြုန်းစေမယ့် ကိစ္စမျိုး၊ လူသားတွေအတွက် အကျိုးမဲ့မယ့်ကိစ္စမျိုးကို ရှောင်ရှားဖို့လည်း လိုအပ်ပါတယ်။ ဆိုလိုတာကတော့ ကျွမ်းကျင်သူ ပညာရှင်တွေဟာ လူသားတို့အတွက် ရေရှည်မှာ အကျိုးယုတ်စေတဲ့ ကိစ္စရပ်များအတွက် အရှိကိုအရှိအတိုင်း တင်ပြဖို့ တာဝန်ရှိပါတယ်။ ဘက်မလိုက်သင့်ပါဘူး။ ဥပမာ တင်ပြရမယ်ဆိုရင် ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေဟာ လူတွေ၊ နိုင်ငံသားတွေအတွက် ရေရှည်မှာထိခိုက်စေမယ့် ကိစ္စရပ်တွေကို ကြိုတင် သိထားရဲ့သားနဲ့ အကျိုးစီးပွား တခုခုကိုငဲ့ပြီး အုပ်ချုပ်သူတွေဖက်က၊ စီးပွားရေးကုမ္ပဏီကြီးတွေဖက်က ဘက်လိုက်ပြီး တင်ပြတာမျိုးကို ဆိုလိုတာ ဖြစ်ပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ပဒေသရာဇ်ခေတ်က စာပေ၊ ဂီတနဲ့ သမိုင်း ပညာရှိအများစုဟာ အကြီးအကျယ် ဘက်လိုက်ခဲ့တာကို တွေ့ရပါတယ်။ ဘယ်သူ့ဖက်ကို လိုက်တာလဲဆိုတော့ အုပ်ချုပ်တဲ့ ရှင်ဘုရင်တွေအ တွက် ဘက်လိုက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘုရင်တွေရဲ့ ဘုန်းလက်ရုန်းနဲ့ တန်ခိုးသြဇာကြီးပုံ၊ အာဏာစက် ကျယ်ပြန့်ပုံ၊ တ ရားသော မင်းဖြစ်ပုံ စတာတွေကိုသာ ရေးသားစပ်ဆို မှတ်တမ်းတင်ကြပါတယ်။ ပြောရရင်တော့ ဘုန်းတော်ဘွဲ့တွေက များနေပါတယ်။ ဒ့ါအပြင် အုပ်ချုပ်သူ ဘုရင်ဟာ ဗုဒ္ဓသာသနာတော်ကို ရှိသေကိုင်းရှိုင်းပြီး ဘာသာနဲ့ သာသနာ ပြန့်ပွား ရေးအတွက် ကြိုးပမ်းပုံတွေလည်း အများအပြား ပါဝင်နေပါတယ်။ ဘယ်ဘုရင်လက်ထက်မှာ အုပ်ချုပ်တဲ့ စနစ်မကောင်း လို့၊ ဘုရင်ဟာ အမျက်မာန်စောင် ကြီးမားလို့၊ အခွန်တွေ အလွန်အကျွံကောက်လို့ တိုင်းသူပြည်သားတွေ ဘယ်လို ဒုက္ခ ရောက်ကြရတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းမျိုးကို အဲဒီခေတ်က ပညာရှင်တွေက ရေးလေ့မရှိတဲ့အတွက် ရှာလို့တောင် မ လွယ်ကူပါဘူး။ နောက်တချက်ကတော့ ဘုရင်တွေလိုက်နာအပ်တဲ့ မင်းကျင့်တရား ဆယ်ပါးဆိုတာ ကျနော်တို့ ယဉ်ကျေး မှုမှာ ရှိခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ဘယ်ဘုရင်တွေဟာ မင်းကျင့်တရားဆယ်ပါးကို မလိုက်နာဘူး၊ ပြည်သူ ကို နှိပ်စက်တယ်ဆိုတာမျိုး တိတိလင်းလင်း မှတ်တမ်းတင် ရေးသားထားတဲ့ အထောက်အထားမျိုးလည်း မရှိသလောက် ပါ။ ပဒေသရာဇ်ခေတ် တလျှောက်လုံးမှာ ရဲဝံ့တဲ့၊ အမှန်ကိုအမှန်အတိုင်း တင်ပြရေးသားတဲ့ ပညာရှိမျိုး အနည်းအကျဉ်း လောက်တော့ ပေါ်ထွန်းခဲ့ဖူးပါတယ်။

ဥပမာ တဦးလောက်ကို ထောက်ပြရမယ်ဆိုရင် ယောအတွင်းဝန် ဦးဘိုးလှိုင် လိုပုဂ္ဂိုလ်မျိုး။ ရာဇဓမ္မသင်္ဂဟကျမ်းကို ရေး သားပြုစုခဲ့သူ ဖြစ်ပါတယ်။ ပြောမယ်ဆိုရင် အဲသည့်ကျမ်းဟာ ရှေးဦးအကြို ဖွဲ့စည်းပုံ အခြေခံ ဥပဒေလို့တောင် ဆိုနိုင်ပါ တယ်။ အနောက်တိုင်းကလို စည်းမျဉ်းခံ ဘုရင်စနစ်ဆံတဲ့ တင်ပြမှုမျိုးလို့ ပြောလို့ရပါတယ်။ အဲသည့်အထဲမှာ ပါတဲ့တ ချက်က ဘုရင်ဟာ ကောက်ခံရရှိတဲ့ အခွန်တော်ငွေကို စိတ်ကြိုက်သုံးစွဲခွင့် မရှိဘဲ ဘုရင့်အတွက် လစာငွေသတ်မှတ်ပေး ထားခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် အဲတာကို သီပေါမင်းရဲ့ မိဖုယားဖြစ်သူ စုဖုရားလတ်က "ငဒို့က ဘုရင်နဲ့ မိဖုယားတွေပဲ၊ ရေမြေ့ရှင်တွေပဲ၊ ငလိုင်ပေးသလောက် လခနဲ့ နေရမှာလား" လို့ပြောပြီး ပယ်ချပါတယ်။ ဦးဘိုးလှိုင်ဟာ မြန်မာပြည် အ ပြင်ဖက်မှာ ဖြစ်နေတဲ့ ကမ္ဘာ့အခြေအနေကို ရိပ်စားမိတဲ့ သူဖြစ်ပါတယ်။ ခေတ်အခါအလိုက် ဖြစ်သင့်တာကို သက်ဦး ဆိုင် ပိုင်အတိ ရဲရဲဝံ့ဝံ့ တင်ပြရဲသူလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဘုရင့်အာဏာစက်က ရှေးကလို ကြီးမားနေဆဲ ဖြစ်တာက တ ကြောင်း၊ ဦးဘိုးလှိုင်ကို မကြည်ဖြူတဲ့ ပြိုင်ဖက်တွေဖြစ်တဲ့ အခြားသော နန်းတွင်းက ပညာရှိအမတ်များကလည်း မ ထောက်ခံတာကတကြောင်း စတာတွေကြောင့် ဦးဘိုးလှိုင်လို ပညာရှိမျိုးတွေရဲ့ ကြိုးပမ်းမှုတွေဟာ အကျိုးသက်ရောက်မှု နည်းခဲ့ရပါတယ်။

ကိုင်း ရှေးတုန်းကအကြောင်းတွေ ပြောအပြီးမှာ အခုလက်ရှိ မြန်မာနိုင်ငံရဲ့ အခြေအနေကို ကြည့်ရအောင်ပါ။ ပြီးခဲ့တဲ့ အ နှစ် နှစ်ဆယ်ကျော်ကာလအတွင်းမှာ စစ်အစိုးရက ဈေးကွက်စီးပွားရေးကို ဖော်ဆောင်နေပြီလို့ ပြောခဲ့ပါတယ်။ အခုလက် ရှိ အစိုးရသစ်ကလည်း ဈေးကွက်စီးပွားရေးကို ဆက်လက် အကောင်အထည်ဖော်နေတယ်လို့ ဆိုပါတယ်။ သို့သော် လည်း ဗိုလ်ချုပ်များနဲ့ သူတို့ရဲ့ စီးပွားဖက်တွေ တိုင်းပြည်ရဲ့ သယံဇာတတွေကို အဆင်အခြင်မဲ့ ထုတ်ယူရောင်းခြနေတာ တတိုင်းပြည်လုံး အသိပါ။ အဲတာကို အဲသလို မလုပ်သင့်ဖူးလို့ ချက်ကျလက်ကျ အကြံပေး ဝေဖန်ထောက်ပြတဲ့ မြန်မာ ပညာရှင်တွေ ကျွမ်းကျင်သူတွေ မရှိသလောက် ရှားပါးခဲ့ပါတယ်။ တချို့ပညာရှင် ဆိုသူများကတော့ ဗိုလ်ချုပ်တွေနဲ့ အ လွမ်းသင့်အောင်နေ နောင်မှာအခွင့်သာရင် တဖြည်းဖြည်းခြင်း ပြောင်းယူတာပေ့ါဆိုတဲ့ လမ်းစဉ်ကို လိုက်ကြပါတယ်။

တချို့ ခါတော်မီပညာရှင် ဆိုသူများကတော့ အနာဂတ် စီးပွားရေးပေါ်လစီဆိုတဲ့ ကိစ္စတွေမှာလည်းပါ၊ ဆင်းရဲမွဲတွေမှု လျှော့ချရေးဆိုတဲ့ ကိစ္စတွေမှာလည်းပါ၊ နိုင်ငံရေး ပဋိပက္ခ ဖြေရှင်းရေးဆိုတဲ့ ကိစ္စတွေမှာလည်း မလွတ်၊ လယ်ယာစိုက် ပျိုးရေး ပြန်လည် မြှင့်တင်ရေးဆိုတဲ့ ကိစ္စတွေမှာလည်း ဝင်ဆရာလုပ်ကြ၊ အဲတာအပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိစ္စတွေ၊ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စအရပ်ရပ်တွေ၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး ဆိုတဲ့ကိစ္စတွေ အစရှိတဲ့ ကိစ္စများ အားလုံးမှာ လည်း ဝင်ပါကြပါတယ်။ အမှန်တကယ် ဖြစ်သင့်တာက ကိစ္စရပ်တိုင်း နေရာတိုင်းမှာ ဝင်ပါနေမယ့်အစား မိမိကျွမ်းကျင် တဲ့ နယ်ပယ်၊ မိမိဘဝ တလျှောက်လုံး ဆည်းပူးလေ့လာနေတဲ့ ပညာရပ်ဆိုင်ရာ နယ်ပယ်တွေမှာ လက်တွေ့ကြကြ ပါဝင် ပူးပေါင်း ဆောင်ရွက်မှ တိုင်းပြည်အတွက် ပိုပြီး အကျိုးရှိမယ်လို့ ထောက်ပြလိုပါတယ်။

တဆက်ထဲမှာလည်း မြန်မာပညာရှင် ဆိုသူများအနေနဲ့ ရဲရဲရင့်ရင့် ထောက်ပြဝေဖန်သင့်တဲ့ ကိစ္စများလည်း ရှိနေပါသေး တယ်။ အဲတာတွေကတော့ ဧရာဝတီမြစ်ဆုံကို ဆည်ပိတ်ဆောက်တဲ့ ကိစ္စတွေ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အကြီးစား စက်မှုဇုံလုပ်ငန်းတွေ တည်ဆောက်မယ်ဆိုတဲ့ ကိစ္စတွေ ဖြစ်ပါတယ်။ ဒီကိစ္စမျိုးတွေရဲ့ အကျိုးဆက်ကြောင့် တိုင်းပြည်မှာ ရေရှည်အတွက် ဖြစ်ပေါ်လာမယ့် ဆိုးကျိုးတွေ ဒါတွေကို ထောက်ပြဝေဖန် အကြံပြုဖို့ လိုပါတယ်။ အဲသလိုပဲ လယ်သမား တွေရဲ့ လယ်မြေယာမြေတွေကို စစ်တပ်နဲ့ စီးပွားရေးကုမ္ပဏီတွေ ပေါင်းပြီး ခွတုတ်နေတာ၊ သိမ်းယူနေတာကိုလည်း ရပ် တန့်ဖို့လိုကြောင်း လယ်မြေတွေကို လယ်သမားတွေကို ပြန်ပေးသင့်ကြောင်း ထောက်ပြသင့်ပါတယ်။ အစိုးရသစ်က လယ်ယာစိုက်ပျိုးရေးကို ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်မယ်လို့ ပြောခဲ့တာ အားလုံးလည်း မှတ်မိကြမှာပါ။ လယ် ယာစိုက်ပျိုးရေး ပြန်လည်ဦးမော့လာဖို့ ဆိုတာက လယ်သမားတွေကို အကူအညီမပေးဘဲ၊ အကာအကွယ်မပေးဘဲ မဖြစ် နိုင်ပါ။ တကယ်တန်း စစ်စစ်မှန်မှန် လယ်လုပ်နေတဲ့ လယ်သမားတွေသာ လယ်ယာစိုက်ပျိုးရေး ပြန်ပြီးဦးမော့လာအောင် ဆောင်ရွက်ပေးနိုင်တဲ့ သူတွေဖြစ်ပါတယ်။ စီးပွားရေး ကုမ္ပဏီတွေ စစ်ဗိုလ်တွေကြောင့် မြန်မာ့လယ်ယာ စိုက်ပျိုးရေး ဦး မော့လာစရာ အကြောင်းမရှိပါ။

နောက်တချက်ကတော့ မြန်မာနိုင်ငံဟာ နိုင်ငံတကာ ဈေးကွက်မှာ အခုထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးလာအောင်၊ နိုင်ငံတကာ ကလည်း အပြန်အလှန် လေးစားလာအောင် ခေတ်နဲ့ ဘယ်လိုမှ မဆီလျှော်တော့တဲ့ မကိုက်ညီတော့တဲ့ ဥပဒေတွေကို ဖျက်သိမ်းပြီး ခေတ်နဲ့ကိုက်ညီတဲ့ ဥပဒေများနဲ့ ပြန်လည်အစားထိုးဖို့ ပညာရှင်များ ကျွမ်းကျင်သူများဖက်က တညီတညာ ထဲ အစိုးရသစ်ကို တိုက်တွန်းဖို့ အကြံပေးဖို့လိုပါတယ်။ အဲသလိုမှမဟုတ်ဘဲ အခု အစိုးရသစ်လုပ်နေဟာ အရင်စစ်အစိုးရ လုပ်ခဲ့တာတွေထက် ပိုတော့ကောင်းလာတယ် ဆိုပြီး ထောက်ခံနေရုံ၊ အာသာဖြေနေရုံနဲ့တော့ မလုံလောက်ပါ။ ဆိုလို တာက ပညာရှင်များအနေနဲ့ အစိုးရသစ်ကို နိုင်ငံရေးအရ တိုက်ခိုက်ဝေဖန်ဖို့ ဆိုလိုခြင်း မဟုတ်ပါ။ တိုင်းပြည်ရဲ့ စီးပွားရေး အမှန်တကယ် ဦးမော့လာဖို့ အတွက် မြန်မာပညာရှင်များ၊ ကျွမ်းကျင်သူများက ဘက်မလိုက်ဘဲ သက်ဆိုင်ရာ နယ်ပယ် အလိုက် အရှိကိုအရှိအတိုင်း ရဲရဲဝံ့ဝံ့ အကြံပြု ဝေဖန်ဖို့ လိုကြောင်း ပြောလိုတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီး အကောင်း ဖက် ကို ဦးတည်ပြောင်းလဲဖို့ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့ကြသလို၊ ဆက်လက် ဆောင်ရွက် နေကြဆဲ လည်း ဖြစ်ပါတယ်။ လတ်တလောမှာတော့ အစိုးရသစ်ကို တင်ပြရဲတဲ့ ပညာရှင်မျိုး တဦးစနှစ်ဦးစတော့ ရှိလာ နေပါပြီ။ ဘယ်သူ့ဖက်မှ ဘက်မလိုက်ဖဲ တိုင်းပြည် အကျိုးအတွက် ရဲရဲကြီး အကြံပေး တင်ပြတာမျိုး လုပ်ကြဖို့ စစ်မှန်တဲ့ မြန်မာပညာရှင်များ ကျွမ်းကျင်သူများ အထူးလိုအပ် နေသေးကြောင်း ပြောလိုပါတယ်။

ဇော်မင်း
၁ ရက်၊ စက်တင်ဘာလ၊ ၂၀၁၁ ခုနှစ်

ရွှက်မွန် မှ ...

http://www.naytthit.net

တက္ကသိုလ်ကျောင်းသူအမှု လူအများစိတ်ဝင်စား
Published on September 8, 2011 by webteam · No Comments

အင်းစိန်ထောင်မှာ ရင်ဆိုင်နေရတဲ့ တက္ကသိုလ်ကျောင်းသူအမှုကို ဒီနေ့ ရုံးထုတ်တဲ့ အခါမှာ လူအများလာရောက် စောင့်ကြည့်ခဲ့ပါတယ်။

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ ၂ ရက်ကွက်မှာနေတဲ့ ဒဂုံတက္ကသိုလ်က ရုက္ခဗေဒ ပထမနှစ် ကျောင်းသူတယောက်ကို တရက်ကွက်တည်းနေ အမျိုးသမီးတဦးက ငွေ ၇ သိန်းခိုးတယ်လို့ စွပ်စွဲပြီးနောက် အင်းစိန်ထောင်မှာ အဖမ်းခံနေရတာပါ။

ဒီနေ့ နေ့ခင်းပိုင်းမှာတော့ အမှုကို ပထမဆုံး ရုံးထုတ်ပြီး အာမခံလည်း ရသွားတယ်လို့ ဖခင်ဖြစ်သူက ပြောပြပါတယ်။

ရုံးထုတ်တဲ့အချိန်မှာ စိတ်ဝင်စားသူ လူတရာနီးပါးခန့် လာရောက် နားထောင်ခဲ့တဲ့ အကြောင်းကို ဖခင်ဖြစ်သူက အခုလိုပြောပါတယ်။

"အဖွဲ့အစည်းတွေက လာကြတယ်။ သူတို့က ဒီဗွီဘီမှာ ကြားတဲ့သတင်းနဲ့ စိတ်ဝင်စားကြတာပေါ့နော်၊ လာကြပါလို့ ဖိတ်ခေါ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် ဟိုရောက်တော့မှ အဖွဲ့အစည်းတွေကလည်း လာကြတော့ ဟိုမေးဒီမေးနဲ့ပေါ့။ တက္ကသိုလ်ကျောင်းသူလည်းဖြစ်တယ်၊ စာမေးပွဲလည်းနီးနေတော့ ကြားရတာကလည်း မတရား ညှဉ်းပန်းပြီးတော့ စစ်ဆေးမေးမြန်းတယ် ကြားတယ် ဆိုတော့ ကျနော်တို့ လာနားထောင်ကြတာပါတဲ့။ အုတ်အော်သောင်းနင်းနဲ့တော့ မလုပ်ပါနဲ့ပေါ့၊ အမှန်တရားအတိုင်း ဖြစ်သွားမယ်လို့ ဦးလေးလည်း ယုံကြည်ပါတယ်ဆိုပြီးတော့ ပြောလိုက်တာပေါ့နော်။

"ထုံးစံအတိုင်းပဲ တရားသူကြီးကလည်း တင်ပြတဲ့ ရှေ့နေရဲ့ စာအပေါ် မူတည်ပြီးတော့ ရောရောရှူရှူပဲ အာမခံ ပေးလိုက်ပါတယ်။ မိသားစုကတော့ ပိုဝမ်းသာတာပေါ့။ လာရောက် နားထောင်တဲ့ လူတွေက ဝမ်းသာတယ်ဗျာတဲ့။ ကျနော်တို့လည်း အဲဒီသတင်းပဲ ကြားချင်တာ ဆိုပြီးတော့ ပြောသွားတယ်။"

အမှုကို လာမယ့် ၁၅ ရက်နေ့ကို ရုံးချိန်းထားပြီး ဒီအတောအတွင်းမှာ ကျောင်းသူအနေနဲ့ စာမေးပွဲ ဖြေဆိုခွင့်လည်း ရမယ်လို့ သိရပါတယ်။

အသက် ၁၉ အရွယ် အဆိုပါ ကျောင်းသူကို နောက်ဆုံး အင်းစိန်ထောင်ကို ခေါ်မသွားခင် မြောက်ဥက္ကလာ ရဲစခန်းမှာ ၃ ညဆက်တိုက် မိသားစုနှင့် တွေ့ခွင့်မပေးဘဲ၊ နှမသားချင်းမစာနာတဲ့ စကားလုံးတွေနဲ့ စစ်ဆေးခဲ့တဲ့အကြောင်းကို ဒီဗွီဘီက တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

စစ်ကြောရေးကာလ အတွေ့အကြုံအကြောင်းကို မိသားစုက နေပြည်တော် သမ္မတရုံးအထိ စာပို့ခဲ့တဲ့နောက် ကာယကံရှင်ကိုလည်း လာရောက် မေးမြန်းသွားတယ်လို့ ပြောပါတယ်။

လောလောဆယ် သက်သေမခိုင်လုံဘဲ ဖမ်းဆီးစစ်ဆေးခံနေရမှုကြောင့် သမီးဖြစ်သူ ပတ်ဝန်းကျင်မှာ အရှက်ရ၊ သိက္ခာကျစရာ ဖြစ်ပေမယ့် တရားမျှတမှု ရှိစေချင်တယ်လို့ ဖခင်ဖြစ်သူက ပြောပါတယ်။

မိုးပြဲဆည်ရေလွှတ်သဖြင့် လှိုင်ကော် အပါအဝင် ရွာအချို့ရေကြီး
Published on September 8, 2011 by နော်နီရင်း · 2 Comments

ကယားပြည်နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မိုးပြဲရေကာတာ ရေလျှံပြီး ရေလွှတ်နေတဲ့အတွက် လှိုင်ကော်မြို့ အပါအဝင် အနီးအနားမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားပြီး ဒေသခံတွေ ရေဘေးဒုက္ခနဲ့ ကြုံတွေ့နေရပါတယ်။

ဓာတ်ပုံ-ခူးကယား

မိုးသည်းထန်မှုနဲ့ အထက်ပိုင်းမှာရှိတဲ့ အင်းလေးကန် ရေကြီးရာကနေ မိုးပြဲရေကာတာဟာ စိုးရိမ်ရေမှတ်ထက် ကျော်လွန်တဲ့အတွက် ရေတွေ လွှတ်ချမှုကြောင့် လှိုင်ကော်မြို့ကို ဖြတ်စီးဆင်းနေတဲ့ ဘီးလူးချောင်းရေကြီးပြီး ချောင်းဘေးနေသူတွေ ရေဘေးကြုံရသလို လှိုင်ကော်မြို့ အနီးနားက ရွာငယ်တချို့လည်း ရေနစ်မြုပ်ကုန်တယ်လို့ လှိုင်ကော်မြို့ခံတဦးက ပြောပါတယ်။

"လှိုင်ကော်မြို့ ဘီလူးချောင်းဘေး ကမ်းစပ်က အိမ်တွေကတော့ ရေဝင်တယ်၊ ဘုရားဖြူတို့၊ ဘုရားနီတို့၊ ဖောင်းတော ရွာတွေကတော့ အိမ် ၁၀ လုံးလောက်ပဲ ကျန်တယ် ကျန်တဲ့အိမ်တွေ အကုန်မြုပ်နေတယ်။ မြုပ်နေတယ်ဆိုတာက အိမ်မှာ လူနေလို့ မရဘူးပေါ့၊ ခါးလောက်အထိ ရောက်နေတာပေါ့။"

ရေကြီးတဲ့ရွာကလူတွေ မြို့တွင်းက ဘုန်းကြီးကျောင်းတွေ၊ ဘုရားကျောင်းတွေမှာ သွားရောက်ခိုလှုံနေကြသလို ကျောင်းတွေလည်း ပိတ်ထားရတယ်လို့ မြို့ခံက ပြောပါတယ်။

ရေကြီးတာဟာ ရက်သတ္တပတ်လောက် ရှိနေပြီဖြစ်ပေမယ့် ရေဘေး ဒုက္ခသည်တွေကို အဖွဲ့အစည်းတွေက ကူညီတာမရှိဘဲ ကိုယ်ထူကိုယ်ထ စနစ်နဲ့ပဲ လုပ်ဆောင်နေကြရတယ်လို့ သူက ဆက်ပြောပါတယ်။

“လှိုင်ကော်မြို့ အရှေ့ဘက် အနိမ့်ပိုင်းနေရာတွေကတော့ တော်တော်မြုပ်တာပေါ့။ နီးစပ်တဲ့ရွာတွေကလည်း ချောင်းကနေတဆင့် သူတို့ရွာထဲ မဝင်အောင် မြေကြီးတွေ သယ်ပြီး အဝတွေမှာ လိုက်ပုံထားတယ်။ အကူအညီတအားကြီး ပေးတာတွေ မတွေ့ရဘူး။ ပါးစပ်တွေကတော့ ပြောနေကြတာပဲ။ တကယ်လက်တွေ့ကတော့ ကိုယ်ထူကိုယ်ထ စနစ်နဲ့ပဲ လုပ်နေကြတာ တွေ့ရတယ်။”

လှိုင်ကော်မြို့နယ်မှာ အခုလို ရေကြီးမှုမျိုး အရင်က မဖြစ်ခဲ့ဖူးကြောင်း၊ သူနေထိုင်တဲ့ ၁၅ နှစ်အတွင်း အဆိုးဝါးဆုံးရေကြီးတာလို့ ပြောပါတယ်။

မြို့တွင်းရေဝင်တဲ့အပြင် အနီးနားကျေးရွာတွေက လယ်ခင်းတွေ ရေမြုပ်ပြီး စပါးပျက်စီးရမယ့် အနေအထား ဖြစ်တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းမှာလည်း ရှမ်းပြည်နယ်မြို့တော် ညောင်ရွှေမြို့နယ်နဲ့ ရွှေညောင်မြို့နယ်မှာ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပါတယ်။

ညောင်ရွှေမြို့အောက်ဘက် အင်းလေးဒေသမှာ ရေကြီးပြီး အင်းလေးကန်နဲ့ ဆက်စပ်နေတဲ့ ရွာသာကျေးရွာအုပ်စု၊ ဆီလော့ကျေးရွာ အုပ်စုနဲ့ ရွှေညောင်မြို့ပေါ် ရပ်ကွက် ၄ ခုမှာ  ရေနစ်မြုပ်ခဲ့ပါတယ်။

ဒီလိုရေနစ်မြုပ်မှုကြောင့် ရိတ်သိမ်းရမယ့်လယ်ဧက ၁၅၀၀ ထဲက ၈၅ ရာခိုင်နှုန်း ပျက်စီးခဲ့တယ်လို့ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ပြောပါတယ်။

စီမံကိန်းစိုက်ခင်းပျက်စီးမှု ရွာသားများ ထပ်မံဖမ်းဆီးခံရ
Published on September 8, 2011 by အေးနိုင် · No Comments

ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းရွာသား လေးဦးကို အစိုးရစီမံကိန်း စိုက်ခင်း ဖျက်ဆီးမှု သံသယနဲ့ ထပ်မံ ဖမ်းဆီးလိုက်ပြန်အတွက် စုစုပေါင်း ဖမ်းဆီးခံရတဲ့ ရွာသားရှစ်ဦး ဖြစ်သွားပါပြီ။

မေမြို့လို့ လူသိများတဲ့ ပြင်ဦးလွင်မြို့အပိုင် ညောင်ကုန်းရွာသားတွေက သူတို့လယ်တွေပေါ်မှာ စိုက်ထားတဲ့ အစိုးရကော်ဖီစိုက်ခင်းတွေကို အခုလ လေးရက်နေ့က ဒါးကောက်တွေနဲ့ ခုတ်ထွင်ဖျက်ဆီးခဲ့ပြီးတဲ့နောက် အစိုးရဘက်က ဒုတိယမြောက် ဖမ်းဆီးမှု ဖြစ်ပါတယ်။

အခုလ ၄ ရက်နေ့ ကော်ဖီခင်းတွေ ပျက်စီးပြီးတဲ့နောက် ရဲက ဦးတွတ်နီ၊ ဦးသန်း၊ ဦးနေလင်းအောင်၊ ဦးကံညွှန့်နဲ့ သူ့ဇနီး ဒေါ်ခင်ဝင်း စတဲ့ရွာသားငါးဦးကို ခြောက်ရက်နေ့မှာ ဖမ်းပါတယ်။ စက်တင်ဘာ ၇ ရက်နေ့မှာ ဒေါ်ခင်ဝင်း ပြန်လွတ်သလို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့အဖွဲ့ ရွာကို လာရောက်ဖြေရှင်းပါတယ်။

တွေ့ဆုံပွဲအပြီး အာဏာပိုင်တွေဘက်က ရွာသားလေးဦးကို ခဏလိုက်ခဲ့ပါဟု ခေါ်ဆောင်သွားပြီး အချုပ်ထဲကို ထည့်ထားလိုက်တာလို့ ဒီဆွေးနွေးပွဲမှာ ရွာသားတွေဘက်ကနေ ဦးဆောင်ရှင်းပြတဲ့  ရွာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင် ဆရာတော် ဦးမာနိတက အခုလို မိန့်ကြားပါတယ်။

“လေးယောက်ကို ထပ်ပြီးတော့မှ ခေါ်သွားတယ်။ ခဏလောက် ဒီအမှုကိစ္စကို မြန်မြန်ပြီးသွားအောင်လို့ ထည့်လိုက်ပါဦးဆိုလို့ ထည့်ပေးလိုက်တဲ့အခါကျတော့ သူက ကျေးရွာမှာတင်ပဲ သက်ဆိုင်ရာရုံးမှာ ခဏ ရှင်းပြီးတော့မှ လွှတ်ပေးလိုက်မယ်လို့ ပြောသွားတာ၊ ပြီးတော့ အဲ့လိုမဟုတ်ဘဲ သူတို့က ရဲစခန်းအထိ တိုက်ရိုက် ခေါ်သွားပြီးတော့ ချုပ်ထားလိုက်တယ်။”

ဆရာတော်က အုပ်ချုပ်ရေးမှူးထံ ဖြစ်ပျက်ပုံကို ဖုန်းနဲ့မေးတဲ့အခါ လိုအပ်လို့ ဖမ်းဆီးတာ ဖြစ်တယ်၊  ထပ်ဖမ်းလို့ရသေးပြီး လောလောဆယ် ထပ်မံဖမ်းဆီးဖို့ အစီအစဉ် မရှိသေးတဲ့အကြောင်း ဖြေကြားတယ်လို့ ဆရာတော်က မိန့်ပါတယ်။

မနေ့က ထပ်ဖမ်းခံရတဲ့ ရွာသားတွေဟာ ကိုနေဝင်း၊ ကိုအေးကို၊ ဦးသိန်းဖေနဲ့ နောက်တဦးဖြစ်ပြီး ညောင်ကုန်းကျေးရွာအပိုင် ဝက်ဝံကျေးရွာရဲစခန်းမှာ ချုပ်နှောင်ထားသလို ပြင်ဦးလွင်မြို့ရဲစခန်းမှာ ချုပ်ထားသူလေးဦးကိုလည်း ခေါ်ဆောင်လာပြီး အတူပေါင်းထည့်ထားလိုက်ပြီလို့ ဆရာတော်က မိန့်ပါတယ်။

ဒီကနေ့မှာလည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်တဲ့အဖွဲ့ဟာ ညောင်ကုန်းရွာကို ထပ်လာမယ်လို့ အသိပေးခဲ့တာကြောင့် ရွာသားတွေ စောင့်နေကြပေမယ့် ဒီနေ့ ညနေစောင်းတဲ့အထိ မရောက်လာကြသေးပါဘူး။

သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်က ပြေလည်အောင် ဖြေရှင်းတာထက် ဥပဒေနဲ့ အကြိမ်ကြိမ် ခြောက်လှန့်နေတာကြောင့် ရွာသားတွေ အားငယ်နေကြ တယ်လို့ ဆရာတော် ဦးမာနိတက မိန့်ကြားပါတယ်။

“ငါတို့မှာ အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ အားကိုးရာမဲ့ ဖြစ်နေတယ်။ သူတို့ ပြောတာပဲ အကုန်လုံးလက်ခံပြီးတော့ နားထောင်နေရတဲ့ ပုံစံမျိုး ဖြစ်နေတယ်။ ဘယ်သူ့မှလည်း အားကိုးစရာ မရှိဘူး ဖြစ်နေတယ်၊ ဘယ်သူမှ ခေါင်းမထောင်ရဲဘူး ဖြစ်နေတယ်။ ရွာသားတွေလည်း အကုန်လုံး အားငယ်နေကြတယ်ကွာ။”

ဝတပ်ဖွဲ့နှင့်မိုင်းလားအဖွဲ့တို့ကို အစိုးရကိုယ်စားလှယ်နှစ်ဦး တွေ့ဆုံ
Published on September 8, 2011 by ဒီဗွီဘီ · No Comments

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ထဲမှာ အင်အား အကောင်းဆုံးဖြစ်တဲ့ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော် (ယူဒဗလျူအက်စ်အေ) ကိုယ်စားလှယ်အဖွဲ့နဲ့ အစိုးရ ကိုယ်စားလှယ်နှစ်ဦး စက်တင်ဘာ ၆ ရက်နေ့က တွေ့ဆုံခဲ့ပါတယ်။

ဝတပ်ဖွဲ့ရဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေး တာဝန်ခံ ပေါက်ယိုလျို၊ ပြည်ပဆက်သွယ်ရေး တာဝန်ခံ ကျောက်ကော်အန်းနဲ့ ပြန်ကြားရေး အရာရှိ ဦးအောင်မြင့်တို့က အစိုးရကိုယ်စားလှယ် ကြံ့ခိုင်ဖွံ့ပါတီ ခေါင်းဆောင်တွေဖြစ်တဲ့ ဦးသိန်းဇော်၊ ဦးအောင်သောင်းတို့နဲ့ ရှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံမြို့မှာ တွေ့ဆုံခဲ့တယ်လို့ ဝတပ်ဖွဲ့နဲ့ နီးစပ်တဲ့သတင်းရပ်ကွက်အရ သိရပါတယ်။

တွေ့ဆုံပွဲအတွင်း အပစ်ခတ်ရပ်စဲရေးကို ဆက်ထိန်းသိမ်းသွားကြဖို့နဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆက်လက် လုပ်ဆောင်သွားကြဖို့သာ ပြောဆိုခဲ့ပြီး နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စတွေနဲ့ ပတ်သက်လို့ တစုံတရာ ဆွေးနွေးတာ မရှိဘူးလို့ သိရပါတယ်။

ဆွေးနွေးမှုနဲ့ပတ်သက်လို့ တရုတ်- မြန်မာနယ်စပ် စစ်ရေးအကဲခတ် ဦးအောင် ကျော်ဇောက "အရင်တုန်းက နယ်ခြားစောင့်တပ် မလုပ်တဲ့အတွက် ၂ လပိုင်းက ထုတ်ပြန်တဲ့ သူတို့ရဲ့ အတွင်းပိုင်း ကြေညာချက်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားတာက ဒီအဖွဲ့အစည်းတွေဟာ ၂၀၁၀ထဲမှာ နယ်ခြားစောင့်တပ်ဖွဲ့စည်းတာကို လက်မခံရင် ဒါဟာအဖျက်အမှောင့် လုပ်ငန်းတွေ လုပ်တယ်၊ သောင်းကျန်းသူ အဖွဲ့အစည်းတွေ ဖြစ်တယ်၊ ဖြတ်လေးဖြတ်နဲ့ လုပ်မယ်ဆိုပြီး အကုန်လုံးကို ဟိုကပိတ် ဒီကပိတ် တပ်တွေဖြန့်တယ်၊ နဂိုက သဘောတူညီထားတဲ့ ဖွံ့ဖြိုးရေးအဖွဲ့တွေ ပြန်ခေါ်သိမ်း လုပ်ပြီးတော့မှ အခုတခါ သူတို့ အကျပ်အတည်းဖြစ်နေတယ်၊ နိုင်ငံတကာမှာလည်း အစိုးရသစ် တက်ပြီး တဖွဲ့ပြီးတဖွဲ့နဲ့ တိုက်နေတယ် ဆိုတာမျိုး ဖြစ်နေတော့ အစိုးရက ဒီအဖွဲ့ကို လာပြီးတော့ ချော့တာပေါ့" လို့ ပြောပါတယ်။

လောလောဆယ်မှာတော့ အစိုးရတပ်တွေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့ရေးကို လက်မခံတဲ့ ကချင်ပြည် လွတ်လပ်ရေး တပ်မတော်(ကေအိုင်အေ)နဲ့ တိုက်ပွဲတွေ နေ့စဉ်ဆိုသလို ရင်ဆိုင်နေရသလို ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တွေဘက်မှာလည်း တိုက်ပွဲတွေ ဖြစ်နေပါတယ်။

စက်တင်ဘာလ ၇ ရက် မနေ့ကလည်း အမျိုးသားဒီမိုကရေစီမဟာမိတ် တပ်မတော်၊ ရှမ်းပြည် အရှေ့ပိုင်းအထူးဒေသ ၄ မိုင်းလားတပ်ဖွဲ့မှ ကိုယ်စားလှယ်တွေနဲ့ ဦးသိန်းဇော်၊ ဦးအောင်သောင်းတို့ ကျိုင်းတုံမြို့မှာ တွေ့ဆုံခဲ့ကြပြီး အလားတူ ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

ဝတပ်ဖွဲ့ဟာ ၁၉၈၉ခုနှစ် ဧပြီလအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့ကာ အပစ်ခတ်ရပ်စဲရေးပြုလုပ်ခဲ့ပါတယ်၊ ရှမ်းပြည်အထူးဒေသ ၂ အဖြစ် ရပ်တည်ခွင့် ရှိခဲ့ပြီး လက်နက်ကိုင် အင်အား သုံးသောင်းဝန်းကျင် ရှိနေပါတယ်။

၂၀၀၉ ခုနှစ်အတွင်းက စတင်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေကို နယ်ခြားစောင့်တပ် သို့မဟုတ် ဌာနေပြည်သူစစ် အသွင်ပြောင်းဖို့ စစ်အစိုးရက ဖိအားပေး ပြောဆိုလာခဲ့ရာ ဝတပ်ဖွဲ့က ငြင်းဆိုခဲ့ပြီးနောက်ပိုင်း နှစ်ဖက်အကြား ဆက်ဆံရေး တင်းမာနေခဲ့ပါတယ်။

တဖက်နဲ့တဖက် စစ်ရေးပြင်ဆင်တာတွေ လုပ်ခဲ့သလို ဝဒေသအတွင်း ရောက်ရှိနေတဲ့ ကျန်းမာရေး၊ ပညာရေး အစိုးရဝန်ထမ်းတွေကို ပြန်လည်ရုပ်သိမ်းခဲ့တဲ့အထိ ဆက်ဆံရေး ပြတ်တောက်ခဲ့ပါတယ်။

ဒီကေဘီအေနှင့် အစိုးရ တိုက်ပွဲဖြစ်
Published on September 8, 2011 by နော်နီရင်း · 1 Comment

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှာ အစိုးရတပ်နဲ့ ဒီကေဘီအေတို့အကြား မနေ့ နေ့ခင်းက တိုက်ပွဲဖြစ်ခဲ့တယ်လို့ ကလိုထူးဝါးစစ်ဗျူဟာရဲ့ ရုံးထိုင်မှူး ဗိုလ်မှူးစောဝေထူးက ပြောပါတယ်။

တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တပ်ဖွဲ့တွေက မြဝတီ-ဘားအံ-သထုံ သွားတဲ့ လိုင်းကားတွေနဲ့ ကုန်တင်ကားတွေဆီကနေ အခွန်ကောက်ခံဖို့အသွား ကော့ကရိတ်နဲ့ မြဝတီမြို့အကြားက တောင်ကြောမှာ တိုက်ပွဲဖြစ်ပွားတာဖြစ်ပြီး တိုက်ပွဲအတွင်း နှစ်ဖက်ထိခိုက်သေဆုံးမှု မရှိဘူးလို့ ဆိုပါတယ်။

ဒီကေဘီအေက တပ်ရန်ပုံငွေအတွက် ငွေကောက်ခံဖို့ ကားသမားတွေကို ခေါ်ယူညှိနှိုင်းတာလို့ ဆိုပါတယ်။ ၁၀ ဘီးကား တစီးကို တနှစ်စာအတွက် သိန်း ၃၀ ကောက်ခံပြီး လိုင်းကားတစီးကိုတော့ ၂ သိန်းခွဲ ကောက်ခံတာလို့ ဆိုပါတယ်။

သူတို့ကောက်ခံရတဲ့ ငွေတွေကို သူတို့တပ်ရဲ့ ကုန်ကျစရိတ်အတွက် အသုံးပြုမှာ ဖြစ်တယ်လို့ ပြောပါတယ်။

## အမျိုးအမည်မသိ အရက်သောက်မိသဖြင့် ဆေးရုံရောက်လူနာ တဦး ထပ်မံသေဆုံး

Published on September 8, 2011 by နော်နီရင်း · 1 Comment

ရောဝတီတိုင်း လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲမှာ ပင်လယ်ရေထဲ မျောလာတဲ့ ပုံးထဲက အရည်ကိုသောက်မိလို့ ၅ ဦးသေဆုံးခဲ့ပြီး ဆေးရုံရောက်တဲ့ လူနာ ၂၇ ဦးထဲက ၁ ဦး မနေ့က ထပ်မံ သေဆုံးသွားပါတယ်။

ပြင်စလူမြို့နယ်ခွဲ ပြင်လမ်းကျေးရွာအုပ်စု မင်္ဂလာတောင်တန်းရွာမှာ ခုလဆန်း ၂ ရက်က ရွာသားတချို့ဟာ ပင်လယ်ကမ်းစပ်အနီး ပလတ်စတစ်ပုံးတလုံးကို ဆယ်ယူရရှိပြီး ပုံးထဲကအရည်ကို အရက်မှတ်ပြီး သောက်ခဲ့ပါတယ်။

ဒ့ါအပြင် ကျန်တာတွေကို အရက်ဆိုင်ကို သွားရောင်းလို့ ဆိုင်က ရေနဲ့စပ်ပြီး ပြန်ရောင်းချခဲ့ပါတယ်။ ဒီအရည်ကို သောက်ခဲ့သူတွေဟာ နောက် ၂ ရက်လောက် အကြာမှာ မူးဝေအော့အန်ပြီး သေဆုံးမှုတွေ ဖြစ်ပွားခဲ့တာပါ။

လပွတ္တာမြို့နယ် သုံးမိုင် ကုတင် ၂၀၀ ဆေးမှာ ၂၇ ဦးကို ကုသပေးနေပြီး အဲဒီထဲက တဦး မနေ့က ထပ်မံသေဆုံးသွားပါတယ်။

ခုချိန်ထိ ပုံးထဲပါလာတဲ့အရည်ဟာ ဘာအရည်မှန်း မသိရသေးဘဲ ဆေးရုံက မသနောလို့ ယူဆပြီး ခန့်မှန်း ကုသနေကြောင်း၊ လက်ကျန်အရည်ကို ဓာတ်ခွဲ စမ်းသပ်ဖို့ ရန်ကုန်ပို့ထားတယ်လို့ လပွတ္တာမြို့ခံတဦးက ပြောပါတယ်။

"ကျနော်တို့မြို့မှာက ဓာတုဗေဒ ဓာတ်ခွဲခန်း မရှိဘူး။ ဓာတ်ခွဲစမ်းသပ်တာက ပြန်ပို့မှ အဖြေရမယ်ဆိုတော့ အခုထိ ဘာပစ္စည်းရယ်လို့ အဖြေမရနိုင်သေးဘူး။ မှန်းပြီးတော့သာ မတ်သနောလို့ ပြောတဲ့အတွက် သူ့ရဲ့ ကုစားမှုထုံးအနေနဲ့ အရက်တိုက်ပြီးတော့ ပြန်ဖြေတယ်။ ဆေးထိုးတာကတော့ ဆရာဝန်အပိုင်း၊ ကျနော်တို့က မေးလို့လည်း မရဘူး။ မသနောလို့ ပြောတဲ့အတွက် ဝိုင်အရက်နဲ့ ဖြေရမယ်လို့ သူတို့က သုံးသပ်ချက်ပေးထားတယ်။ ဝိုင်က ဒီမှာ မရှိတော့ Grand Royal ဝီစကီနဲ့ ၂ ပတ် တိုက်ပြီးတော့ ဖြေဆေး ပေးထားတယ်လို့ပဲ ပြောတယ်။"

မတ်သနောဆိုတာဟာ အရက်ပျံအမျိုးအစားဝင် ဓာတုဆေးတမျိုး ဖြစ်ပါတယ်။

ဒီအရည်ကို သောက်မိသူတွေဟာ မင်္ဂလာတောင်တန်း ရွာသားတွေသာမက သူ့အနီးနားရွာတွေ ဖြစ်တဲ့ အောင်လှိုင်နဲ့ ပိုးလောင်ကြီးကျေးရွာက ရွာသားတွေ ပါဝင်တယ်လို့လည်း ဆိုပါတယ်။

အဲဒီအရည်ကို သောက်မိတဲ့ အောင်လှိုင်ကျေးရွာက ရွာသားတဦးလည်း ထပ်မံသေဆုံးကြောင်း လပွတ္တာမြို့ခံက ပြောပါတယ်။

လူနာတွေ အခြေအနေ သိရဖို့ လပွတ္တာမြို့နယ် ဆေးရုံကို ဆက်သွယ်ပေမယ့် ဆက်သွယ်လို့ မရခဲ့ပါဘူး။

## အစိုးရစစ်တပ်က ရှမ်းရွာသားများကို ပေါ်တာဆွဲ

Published on September 8, 2011 by ဒီဗွီဘီ · No Comments

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းနောင်မြို့နယ် ရွာသား ၁၆ ဦးကို အစိုးရစစ်တပ်က ပေါ်တာ ဖမ်းသွားတယ်လို့ ရွာသားတွေက ပြောပါတယ်။

ဒီနယ်မြေမှာ လှုပ်ရှားနေတဲ့ အမှတ် ၂ ခြေလျင်တပ်ရင်းက စစ်သားတွေက လုံဖိုင်ရွာနဲ့ ဟိုင်းဟွမ်ရွာတို့က ရွာသားတွေကို ယခုလဆန်း ၄ ရက်နေ့ မနက်ကတည်းက ဖမ်းသွားတာ ခုထိ ရွာပြန်မရောက်သေးဘူးလို့ ရွာသားတဦးက ပြောပါတယ်။

ပေါ်တာအဆွဲခံရတဲ့ ရွာသားတွေဟာ အစိုးရစစ်ကြောင်းမှာ စစ်အသုံးအဆောင် ပစ္စည်းတွေ ထမ်းပိုးပေးရပြီး တချို့လည်း ရိုက်နှက်ခံရတယ်လို့ ဆိုပါတယ်။ ပေါ်တာပါ သွားတဲ့ ရွာသားတွေဟာ မိုင်းနောင်ကနေ မိုင်၂၀ ဝေးတဲ့ မိုင်းရှူးမြို့နယ်အထိ တောလမ်းကနေ ခြေလျင်ထမ်းပိုးသွားကြရတာဖြစ်ပြီး ရွာကို ပြန်မရောက်ကြသေးဘူးလို့ ရွာသားတွေက ပြောပါတယ်။

ရွာသားတွေကိုဖမ်းသွားတဲ့ တပ်ရင်းက ဒု-ဗိုလ်မှူးကြီးကျော်စွာဟိန်း ဦးဆောင်တဲ့ တပ်ဖွဲ့ဝင် ၈၀ ကျော်ဟာ ရွာသားတွေရဲ့ အိမ်မွေးကြက်တွေနဲ့ မီးဖိုချောင်သုံး ပစ္စည်းတွေကိုလည်း အခမပေးဘဲ ယူသွားကြတယ်လို့ ရွာသားတွေက ပြောပါတယ်။

## ဦးသိန်းစိန်အစိုးရ ငြိမ်းချမ်းရေးကို တကယ်လိုလားရဲ့လား

Published on September 8, 2011 by တိုင်းကျော် · 1 Comment

အခုဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စကို မီဒီယာပေါ်တွေတင်မက လွှတ်တော်ထဲမှာပါ ဆွေးနွေးလာကြတာ တွေ့မြင်ရပါတယ်။ ဦးသိန်းစိန် အစိုးရကလည်း အရင် စစ်အစိုးရနဲ့ မတူ ငြိမ်းချမ်းရေးစကားကို တွင်တွင်ကျယ်ကျယ် ပြောလာတာ ကြားနေရပါတယ်။ ဒီအတွက် လက်ရှိ အစိုးရအဖွဲ့အနေနဲ့ တိုင်းပြည်ငြိမ်းချမ်းရေးကို

တကယ် လိုလားမလိုလား ခုတပတ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လက်ရှိ အစိုးရအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တကယ် လိုလားမလိုလား သမ္မတဦးသိန်းစိန် ပြောသွားတဲ့ နောက်ဆုံးမိန့်ခွန်းကိုကြည့်ရင် သိနိုင်ပါတယ်။ အဲဒီ မိန့်ခွန်းမှာ သမ္မတဦးသိန်းစိန်က စီးပွားရေး လူမှုရေး ပြဿနာတွေကို ညင်ညင်သာသာ ပြောဆိုသွားပေမယ့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကေအိုင်အေ အဖွဲ့ကိုတော့ ဝေဖန်ပစ်တင် ပြောဆိုသွားတာ တွေ့နိုင်ပါတယ်။ အစိုးရစစ်တပ်တွေဟာ ပုံမှန်လုပ်နေကျ ရေအားလျှပ်စစ်စီမံကိန်း လုံခြုံရေးအတွက် စီမံကိန်းနယ်မြေထဲ ဝင်ကြောင်း၊ ဒါကို ကေအိုင်အေတွေက အဝင်မခံဘဲ ပစ်ခတ်တိုက်ခိုက်လို့ တိုက်ပွဲတွေ ဖြစ်လာရကြောင်း၊ ဒါတင်မက ကေအိုင်အေဟာ တံတားတွေချိုး၊ မိုင်းတွေထောင်၊ ယာဉ်တန်းတွေကို ခြုံခိုတိုက်တာတွေ လုပ်ကြောင်း၊ အစိုးရစစ်တပ်ကတော့ အလွန်သည်းခံကြောင်း စသဖြင့် အစိုးရတပ်က မှန်ပြီး ကေအိုင်အေတပ်တွေက မှားကြောင်း၊ အကြမ်းဖက်သမားတွေ ဖြစ်ကြောင်း ပြောဆိုသွားခဲ့ပါတယ်။ အဲဒီ စကားတွေ မှန်မမှန် သိပ်မဝေးလှတဲ့ ကာလအပိုင်းအခြားကို ပြန်ကြည့်ဖို့ လိုလာပါတယ်။

ကေအိုင်အေ ကချင်ပြည်လွတ်မြောက်ရေးတပ်ဖွဲ့ဟာ ၁၉၉၄ ခုနှစ်မှာ စစ်အစိုးရတပ်တွေနဲ့ အပစ်အခတ်ရပ်စဲတာ လုပ်ခဲ့ပါတယ်။ စစ်အစိုးရနဲ့ သဘောတူညီချက်အရ ကေအိုင်အေဟာ လက်နက်ကိုင်ပြီး ဆက်တိုက်နေတဲ့ အဖွဲ့တွေ အပါအဝင် မြို့ပေါ်က တရားဝင်ပါတီဖြစ်တဲ့ အန်အယ်လ်ဒီလို ပါတီတွေနဲ့ မဆက်သွယ်၊ မဆက်ဆံပါဘူးဆိုတဲ့ ကတိကိုတော့ ပေးခဲ့ရပါတယ်။ အဲဒီလိုနဲ့ ကေအိုင်အေဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ လက်နက်ကိုင်တပ်ဖွဲ့တဖွဲ့ ဖြစ်လာခဲ့ပါတယ်။ ဒီလိုနဲ့ စစ်အစိုးရဟာ သူ့ဘာသာသာသူ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို တက်ဖို့ ကေအိုင်အေကို ဖိအားပေးပါတယ်။ ကေအိုင်အေကလည်း စစ်အစိုးရအလိုကျ အမျိုးသားညီလာခံကို တက်ခဲ့ပါတယ်။ ဒါပေမယ့် ညီလာခံမှာ ကေအိုင်အေကတင်ပြသမျှ ဘာတခုမှ ဖြစ်မလာခဲ့ပါဘူး။ ဒီနောက်တော့ စစ်အစိုးရဟာ သူတို့စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုတာကို အတည်ပြုဖို့ ဆန္ဒခံယူပွဲ လုပ်ပါတယ်။ ကေအိုင်အေဟာ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံပေမယ့် စစ်အစိုးရကလုပ်တဲ့ ဆန္ဒခံယူပွဲကို နှောင့်ယှက်ဟန့်တားတာမျိုး လုံးဝ မလုပ်ခဲ့ပါဘူး။

နောက်ပိုင်း စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ညှိုးထိုးပြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်း ဖွဲ့စည်းဖို့ ကြိုးစားလာတဲ့အခါမှာ ကေအိုင်အေနဲ့ ဆက်ဆံရေးတင်းမာခဲ့တာ ဖြစ်ပါတယ်။ ဒါတောင် အဲဒီအချိန်က ကေအိုင်အေဟာ စစ်အစိုးရက ညွှန်ကြားတဲ့၊ တနည်းပြောရရင် စစ်အစိုးရ တိုက်ရိုက်ကွပ်ကဲမှုအောက်ကို ရောက်သွားမယ့် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေး မပြောင်းရေးကိစ္စ ကချင်လူထုလူတန်းစား အသီးသီးနဲ့ တိုင်ပင်ဆွေးနွေးပြီးမှ သူတို့ဖြစ်လိုတဲ့ အခြေအနေတွေကို တင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီလို နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စ မတင်မကျဖြစ်နေစဉ်မှာပဲ စစ်အစိုးရဟာ သူ့တို့အသွင်ပြောင်းပြီး အာဏာဆက်လက်ဆုပ်ကိုင်ဖို့ ရွေးကောက်ပွဲဆိုတာ လုပ်လာပါတယ်။

ဒီနေရာမှာလည်း ကေအိုင်အေ၊ ကေအိုင်အိုအဖွဲ့ဟာ စစ်အစိုးရရဲ့ ရွေးကောက်ပွဲကို မဆန့်ကျင်ပါဘူး။ မဆန့်ကျင်ရုံမက ကေအိုင်အို ဒု-ဥက္ကဋ္ဌ ဒေါက်တာတူးဂျာကိုယ်တိုင် အဖွဲ့ထဲက နုတ်ထွက်ပြီး ပါတီထောင်၊ ရွေးကောက်ပွဲဝင်ဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် စစ်အစိုးရဟာ ဒေါက်တာတူးဂျာဦးဆောင်တဲ့ပါတီကို မှတ်ပုံတင်ခွင့် မပြုခဲ့ရုံမက ဒေါက်တာတူးဂျာနဲ့ ကချင်နိုင်ငံရေးသမားတွေကို တသီးပုဂ္ဂလကိုယ်စား လှယ်တွေအဖြစ်တောင် ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့် မပြုခဲ့ပါဘူး။ စစ်အစိုးရဟာ ကေအိုင်အေဘက်က လိုက်လျောသလောက် သူ့ဘက်က ဘာတခုမှ လိုက်လျောတာ မရှိဘဲ ငြိမ်းချမ်းရေး၊ ပြေလည်ရေး လမ်းစအားလုံးကို ပိတ်ဆို့ထားခဲ့တာ ဖြစ်ပါတယ်။

ဒီလိုနဲ့ မသမာတဲ့နည်းပေါင်းစုံ သုံးပြီး အနိုင်ယူ တက်လာတဲ့ ဦးသိန်းစိန်အစိုးရ လက်ထက် စစ်တပ်ဟာလည်း စစ်အစိုးရလက်ထက်က မအောင်မမြင်ဖြစ်ခဲ့တဲ့ နယ်ခြားစောင့်တပ် ဖွဲ့စည်းရေးအတွက် ကေအိုင်အေကို ဆက်ဖိအားပေးလာပြန်ပါ တယ်။ ဒီတကြိမ်မှာတော့ မြို့ပေါ်မှာရှိတဲ့ ကေအိုင်အေ ဆက်ဆံရေးရုံးတွေကိုတောင် ဆက်ဖွင့်ခွင့်မပေးတော့ပါဘူး။ မြို့ပေါ်မှာ ကျောင်းတက်နေတဲ့ ကေအိုင်အေသားသမီး ကျောင်းသားကျောင်းသူတွေကိုလည်း ပညာဆက်လက်သင်ကြားခွင့် မပေးတော့ပါဘူး။ အခြားတဘက်မှာလည်း ကေအိုင်အေတပ်သားတွေကို ဖမ်းဆီးတာ၊ နယ်မြေကန့်သတ်တာ၊ ပြဿနာဖြစ်မယ်မှန်း သိသိကြီးနဲ့ ကေအိုင်အေထိန်းချုပ်နယ်မြေထဲ ဝင်ဖို့ကြိုးစားတာတွေ လုပ်လာပါတယ်။ အကျိုးဆက်အဖြစ် တိုက်ပွဲတွေဖြစ် ဒေသမတည်မငြိမ်ဖြစ်၊ ဒုက္ခသည်တွေ ပေါ်ပေါက်လာတာပဲ ဖြစ်ပါတယ်။

တကယ်တော့ ဒီလိုအခြေအနေမျိုးတွေဟာ ကချင်ပြည်နယ် တခုတည်းမှာသာ ဖြစ်နေတာ မဟုတ်ပါဘူး။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်း အပါအဝင် ဒေသအတော်များများမှာ ဖြစ်နေတာပါ။ ဒီလို ဖြစ်ပျက်နေတာတွေကို သမ္မတ မိန့်ခွန်းမှာ တဘက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို အပစ်ပုံချနေရုံမက သမ္မတရဲ့ သတင်းပြန်ကြားရေးအဖွဲ့ကလည်း သတင်းစာရှင်းပွဲလုပ်ပြီး အပြစ်ပုံချလိုက်ပါသေးတယ်။ ဒါတင်မက အစိုးရကထိန်းချုပ်ထားတဲ့ နေ့စဉ်သတင်းစာတွေကနေ တနေ့တမျိုး မရိုးရအောင် ရေးသားလိုက်ပါသေးတယ်။ အခုနောက်ဆုံး ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်း ထိန်းချုပ်ထားတဲ့ သတင်းစာတွေက နေ ကေအိုင်အေထဲမှာ အကွဲအပြဲတွေ ဖြစ်နေပါတယ်။ အစည်းအဝေးမှာ သဘောထားကွဲပြီး သေနတ်တွေနဲ့ ပစ်ကြခတ်ကြလို့ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်တယ်ဆိုပြီး မဟုတ်မမှန် လုပ်ကြံစွပ်စွဲတာမျိုးကို အောက်တန်းကျကျ လုပ်လာပါတယ်။

တကယ်ဆိုရင်တော့ ဦးသိန်းစိန်အစိုးရအဖွဲ့အနေနဲ့သာ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတယ်ဆိုရင် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီး တောတွင်းလက်နက်ကိုင်အဖွဲ့တွေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်သလို ဖိတ်ခေါ်နိုင်ပါတယ်။ တဖွဲ့ချင်းစီနဲ့ ဆွေးနွေးနိုင်သလို တပ်ပေါင်းစုနဲ့လည်း ဆွေးနွေးနိုင်ပါတယ်။ ဒါပေမယ့် လက်ရှိ ဦးသိန်းစိန်အစိုးရ လုပ်ကိုင်နေပုံတွေမှာ အဲဒီအချက်တွေ မတွေ့မမြင်ကြရပါဘူး။

စစ်တပ်ကို ကျောထောက်နောက်ခံပြုထားတဲ့ ဦးသိန်းစိန်အစိုးရအဖွဲ့အနေနဲ့ ပြည်တွင်းစစ် သက်ဆိုးရှည်မှသာ စစ်တပ်ရဲ့အခန်းကဏ္ဍ ပိုပြီးအရေးပါမယ်လို့ ထင်မြင်ယူဆပြီး အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နေတာသာ တွေ့မြင်ရပါကြောင်း တင်ပြလိုက်ရပါတယ်။

အမေရိကန်အထူးကိုယ်စားလှယ်ခရီးစဉ် ဘာထူးခြားသလဲ – မေးမြန်းဆွေးနွေးချက်
Published on September 8, 2011 by နေသွင် · No Comments

အမေရိကန်အစိုးရရဲ့ မြန်မာပြည်ဆိုင်ရာ အထူးကိုယ်စားလှယ် ဒဲရက်ခ် မစ်ချဲလ် (Derek Mitchell) ဟာ မြန်မာပြည်ကို ပထမဆုံး ခရီးစဉ်အနေနဲ့ နေပြည်တော်ကို မနက်ဖြန် သွားရောက်ဖို့ ရှိပါတယ်။ ဒီခရီးစဉ်မှာ အစိုးရဘက်ကရော၊ အတိုက်အခံနဲ့ လူ့အခွင့်အရေး အဖွဲ့တွေကိုပါ တွေ့ဆုံဖို့ရှိပါတယ်။

ဦးနေသန်မောင်

ဒီခရီးစဉ်ဟာ ဘယ်လောက် ထူးခြားမှုရှိလဲ၊ နှစ်နိုင်ငံအစိုးရတွေ အတွက် ဘယ်လောက် အရေးပါသလဲ ဆိုတာတွေကို  အမေရိကန်ပြည်ထောင်စုမှာ နေထိုင်ပြီး အမေရိကန်-မြန်မာ ဆက်ဆံရေးအကြောင်း ဆောင်းပါးတွေ ရေးသားနေတဲ့ ဦးနေသန်မောင်ကို မေးမြန်းထားပါတယ်။

အမေရိကန်သမ္မတက တိုက်ရိုက်ခန့်တဲ့ မြန်မာပြည်ဆိုင်ရာကိုယ်စားလှယ် မြန်မာပြည်ကို ပထမဆုံးသွားတဲ့ ဒီခရီးစဉ်က ဘယ်လောက်ထူးခြားတယ်လို့ ပြောလို့ရမလဲ။

"ဒဲရက်ခ် မစ်ချဲလ်ရဲ့ အခု မြန်မာပြည်ဆိုင်ရာ အမေရိကားရဲ့ အထူးကိုယ်စားလှယ် အဖြစ် ပထမဆုံးခရီးစဉ် ဖြစ်တယ်ဆိုတော့ ဒီခရီးစဉ်က သူတို့အကြီးအကျယ် ပေါ်လစီပြောင်းတာနဲ့ ပတ်သက်ပြီး မြန်မာအပေါ် သဘောထား အကြီးအကျယ် အပြောင်းအလဲရှိတယ်လို့ ထင်တယ်။"

အကြီးအကျယ် ပြောင်းလဲတယ် ဆိုတာက ...။

"၂၃ နှစ်လုံး ထားရှိခဲ့တဲ့ အမေရိကန်ရဲ့ ပေါ်လစီက  ပြစ်ဒဏ်ခတ် အရေးယူရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ မြှင့်တင်ဖို့ ပြစ်ဒဏ်ခတ် ပိတ်ဆို့တာမျိုး လုပ်တယ်။ ဆိုတော့ stick (ဒဏ်) ပဲ ပေးတယ်၊ carrot (ဆု) မပေးဘူး။ (ဆုမပေးဘဲ ဒဏ်ပဲပေးတယ်) သမ္မတအိုဘားမား တက်လာပြီးနောက်မှာ သူတို့ နည်းလမ်းနှစ်မျိုးနဲ့ မူအပြောင်းအလဲ လုပ်တယ် ပြစ်ဒဏ်ခတ်ပိတ်ဆို့တာမျိုး လုပ်သလို ထဲထဲဝင်ဝင် စေ့စပ်ညှိနှိုင်းတာမျိုးတွေလည်း လုပ်လာပါတယ်။ ဒါပေမယ့်လည်း အခြေအနေတွေက ထူးခြားမလာတဲ့အတွက် အခု ဒဲရက်ခ် မစ်ချဲလ်ကို ခန့်အပ်ပြီးတော့ တိုက်ရိုက်စကားပြောပြီး မြန်မာနိုင်ငံနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွေမှာ ပူးပေါင်းပြီး လုပ်ဆောင်သွားမယ်လို့ ထင်တယ်။ တကယ်လို့ ဒဲရက်ခ် မစ်ချဲလ် ပြန်သွားပြီးရင် အမေရိကန်အစိုးရအနေနဲ့ သူတို့ရဲ့ လက်ရှိ မြန်မာနိုင်ငံအပေါ် ကျင့်သုံးနေတဲ့ မူဝါဒတွေကို ပြောင်းလဲဖို့ စဉ်းစားနိုင်တဲ့ သဘောထားတွေ ဖြစ်လာနိုင်ပါတယ်။"

မြန်မာအစိုးရနဲ့ အမေရိကန်အစိုးရက သမိုင်းကြောင်းအရလည်း အဆင်မပြေမှုတွေ ရှိခဲ့တယ်၊ အခုသမ္မတအစိုးရသစ် တတ်လာတယ်၊ အမေရိကန်ဘက်ကလည်း အစိုးရသစ်တက်လာပြီးနောက်ပိုင်း အခြေအနေတွေက ပြောင်းလဲလာတာတွေ ရှိတယ်။ နှစ်ဘက်အကျိုးစီးပွားအကြား ဘယ်နေရာတွေမှာ သူတို့ကို ပျော့ပျောင်းသွားအောင် ဖန်တီးပေးလိုက်တယ်လို့ ယူဆတာလဲ။

"အမေရိကန်အစိုးရက မြန်မာပြည်ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး တလျှောက်လုံး ဖိအားပေးလာတယ်။ ဒီလိုမျိုး တကယ်လည်း ပြောင်းလဲသွားတာမျိုး သူတို့မြင်ချင်တယ်။ ဒါပေမယ့် မြန်မာနိုင်ငံကို ၂၃ နှစ်လုံး အုပ်ချုပ်လာတဲ့ အစိုးရကလည်း သိပ်ခေါင်းမာတယ်။ အပြောင်းအလဲ မလုပ်ချင်ဘူး ဆိုတာ သူတို့တွေ့တယ်။ ဒါကြောင့် အမေရိကန် အစိုးရက ဘယ်လိုမှ အပြောင်းအလဲကို လုပ်လို့မရဘူး။ သူတို့က အရင်မူဝါဒအဟောင်းနဲ့ပဲ ဆက်သွားနေရတယ်။ ဦးသိန်းစိန်အစိုးရသစ် တက်လာမှ မူဝါဒပြောင်းလဲတယ်လို့ ကျနော်မယူဆဘူး။

"ကျနော် ယူဆတာက တရုတ်နိုင်ငံ ကြီးထွားလာမှု၊ နောက်ပြီး အမေရိကန် ပိတ်ဆို့ထားခြင်းဟာ တရုတ်ရင်ခွင်ထဲကို မြန်မာနိုင်ငံကို ထိုးထည့်ပေးနေတယ်ဆိုတဲ့ သုံးသပ်ချက်တွေ အများကြီး ပေါ်လာတယ်။ အဲဒီအချိန်မှာ သူပြန်ကြည့်တော့ မြန်မာပြည်ဟာ တရုတ်နဲ့ အိန္ဒိယအကြား၊ အာဆီယံနိုင်ငံတွေကြားမှာ မဟာဗျူဟာကျတဲ့ စီမံကိန်းတခု ဖြစ်လာနေတယ်ဆိုတာ သူတို့နားလည်သွားတယ်။ ဒါကြောင့် ဆီနိတ်တာ ဂျင်ဝက်ဘ် မြန်မာနိုင်ငံကို လာရောက်သွားတုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစကားပြောချိန်မှာ မြန်မာပြည်နဲ့ပတ်သက်တာတွေ ပြောရမယ့်အစား တရုတ်နဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရက စိုးရိမ်မှုကြီးမားနေတယ်ဆိုတာ ပြောသွားတယ်။ ဒါကြောင့် အမေရိကန်အစိုးရက  မြန်မာနိုင်ငံနဲ့ ထဲထဲဝင်ဝင် ပတ်သက်ဖို့ မူဝါဒပြောင်းလဲမှုဟာ တရုတ်နိုင်ငံရဲ့ အင်အားကြီးမားလာမှု၊ စိန်ခေါ်မှုကို အမေရိကန်က အလေးအနက်ထားပြီး မြန်မာပြည်မှာ အစိုးရသစ် ပြောင်းတာ မပြောင်းတာထက် စာရင် တရုတ်ရင်ခွင်ထဲကို ထိုးသွင်းတဲ့အဖြစ်မျိုး လုပ်လို့ရှိရင် သူတို့ရဲ့ မဟာဗျူဟာစီမံကိန်း ကပြောင်းကပြန် ဖြစ်သွားနိုင်တယ်လို့ စိုးရိမ်တဲ့အတွက် သူတို့ ပေါ်လစီကို ပြောင်းလဲတာ ဖြစ်ပါတယ်။"

မြန်မာအစိုးရကရော ဘယ်လိုအချက်တွေကြောင့် အမေရိကန်နဲ့နီးကပ်တဲ့ သဘောထားတွေ လုပ်လာတယ်လို့ ပြောလို့ရမလဲ။

"စစ်အစိုးရရော ဦးသိန်းစိန်အစိုးရပါ အမေရိကန်နဲ့ မိတ်ဆွေဖြစ်ချင်တယ်။ ဒါပေမယ့် တဖက်မှာလည်း စွပ်စွဲကြတာက မြန်မာနိုင်ငံဟာ တရုတ်အစိုးရနဲ့ ဆက်ဆံမှုနီးကပ်တယ်၊ နိုင်ငံတကာစင်မြင့်ထက်မှာ တရုတ်ရဲ့အကာကွယ်ပေးမှုတွေ ရရှိထားတယ်။ မြန်မာနိုင်ငံဘက်ကကြည့်ရင်လည်း အင်အားကြီးနိုင်ငံတခုတည်းကို မှီခိုနေရတာ မလုံခြုံပါဘူး။ မြန်မာနိုင်ငံဟာ မကြာခဏ ကျူးကျော်မှုခံရတယ်၊ စီးပွားရေးအရ ကျွန်ပြုခံရတယ်။ ဒီလိုပြဿနာတွေကြောင့် တရုတ်ကိုသာမက အိန္ဒိယ၊ အမေရိကန်နိုင်ငံတွေသာမက အာဆီယံကိုလည်း မမှီခိုချင်ဘူး။ ဖြစ်နိုင်ရင် အင်အားစု အားလုံးနဲ့ တန်းတူဆက်ဆံရေးရချင်တယ်၊ အမေရိကန် အနောက်အင်အားစုကလွဲလို့ မြန်မာနိုင်ငံက အာဆီယံ၊ တရုတ်၊အိန္ဒိယနိုင်ငံတွေနဲ့   ဆက်ဆံမှုကောင်းတယ်၊

တကယ်လို့ တရုတ်ကအင်အားကြီးထွားမှု အားကောင်းလာရင် အိန္ဒိယ၊ အာဆီယံတို့လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် စူပါပါဝါနိုင်ငံတနိုင်ငံဖြစ်တဲ့ အမေရိကန်နဲ့  ဆက်ဆံမှုကောင်းမွန်မှသာ အိန္ဒိယ တရုတ်နဲ့ အာဆီယံတို့ကြားမှာ မြန်မာနိုင်ငံကျူးကျော်ခံရမှု အဓိက သူတို့စိုးရိမ်တဲ့ အချုပ်အခြာအာဏာပေါ့။ ဒီကိစ္စတွေကို စဉ်းစားပြီး အမေရိကန်အစိုးရနဲ့ နွေးထွေးတဲ့ ဆက်ဆံရေး တည်ဆောက်ချင်တာဖြစ်ပါတယ်။”

အမေရိကန်က တောက်လျှောက်ပြောနေတာ နိုင်ငံရေး အကျဉ်းသားတွေ လွှတ်မြောက်ရေးဆိုတဲ့ အချက်တချက်ရယ်၊ ပြီးတော့ အန်အယ်လ်ဒီ တရားဝင်ခွင့် ပြုရေးဆိုတဲ့ အချက်တချက် ရှိတာပေါ့။ အစိုးရဘက်က ပြောနေတာက ပိတ်ဆို့အရေးယူ ဒဏ်ခတ်မှု ကိစ္စပေါ့။ ဒီနှစ်ခု ကြားထဲမှာ ဘယ်လို compromise (စေ့စပ်ညှိနှိုင်း) လုပ်လို့ ဖြစ်လာနိုင်မလဲ။

“စီးပွားရေး ပိတ်ဆို့အရေးယူ ဒဏ်ခတ်မှု ကလည်း အလုပ်မဖြစ်ဘူး၊ ဆိုးကျိုး ဖြစ်တယ်ဆိုတာ အမေရိကန် အစိုးရကိုယ်တိုင်က ဝန်ခံထားပါတယ်။ သူတို့လည်း သိတယ်။  ဒါကြောင့် လက်တွေ့အားဖြင့် မြန်မာအစိုးရအပေါ် ပိတ်ဆို့အရေးယူထားတာကို ဖြုတ်ချပေးဖို့ ဆိုတာ ရလဒ်ကောင်းတခုခု ထွက်မလာဘဲနဲ့ သူတို့ မလုပ်ချင်ပါဘူး၊ သူတို့ ပြောနေတဲ့အချက်က မြန်မာပြည်ထဲမှာ ထောင်ချဖမ်းဆီးခံထားရတဲ့ နိုင်ငံရေး အကျဉ်းသား ၂၀၀၀ ကျော် လုံးဝ လွှတ်မြောက်ရေး၊ လုံးဝ လွှတ်ပေးရေး ကိစ္စပါ၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း တွေ့ဆုံဆွေးနွေးရေး တောက်လျှောက်ဖြစ်စဉ်မှာ ဒီကိစ္စကို အရေးအကြီးဆုံး အချက်အဖြစ် ပါနေပါတယ်။ အမေရိကန် အစိုးရရဲ့ လိုလားချက်လည်း ပြည့်ဝသွားစေအောင်၊ ပြည်တွင်းမှာရှိတဲ့ ဒီမိုကရေစီအရေး လှုပ်ရှားမှု ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ လှုပ်ရှားမှုတွေက တောင်းဆိုနေတဲ့ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးနိုင်အောင် မြန်မာအစိုးရအနေနဲ့ ဒီကိစ္စကို လုပ်ကို လုပ်ပေးရပါမယ်၊ အဲဒီလို လုပ်ပေးမှသာလျှင် နှစ်ဦးနှစ်ဘက် ဒါမှမဟုတ် ဘက်ပေါင်းစုံက လိုလားနေတဲ့ အချက် ပြည့်သွားမှာ ဖြစ်ပါတယ်။ အဲဒါကိုမှ မလုပ်ပေးဘဲ တင်းခံနေမယ် ဆိုရင်တော့ အမေရိကန်က မြန်မာနိုင်ငံရေးမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ဖို့က အဟန့်အတားတွေ ရှိနေဦးမှာပဲ။”

http://burmese.dvb.no

တုပ်ကွေးဖြစ်ပွားနေသည့် ကိုယ်ထူကိုယ်ထကျောင်းမှ ကလေးငယ် ၄၀ကျော် ဆေးဝါးလိုအပ်နေ
Submitted by admin on Thursday, 8 September 2011--
တုပ်ကွေးဖြစ်ပွားနေသည့် ကိုယ်ထူကိုယ်ထကျောင်းမှ ကလေးငယ် ၄၀ကျော် ဆေးဝါးလိုအပ်နေ
စက်တင်ဘာလ ၈ရက်။ နန်းသူလေ (ကေအိုင်စီ)

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့နယ်အတွင်းရှိ စီဖိုးခီးကျေးရွာ၌ တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့် ကိုယ်ထူကိုယ်ထ မူလ တန်းကျောင်းမှ ကလေးငယ်ပေါင်း ၄၀ကျော်အတွက် ဆေးဝါးလိုအပ်လျက်ရှိသည်။

တုပ်ကွေးရောဂါ ကူးစက်ခံရသူများမှာ ထိုကျောင်း၏ ဘော်ဒါဆောင်နှင့် ရွာတွင်းမှ ကလေးငယ်များဖြစ်ကြပြီး ယခုလဆန်းပိုင်း မှစ၍ နာစေးခြင်း၊ ချောင်းဆိုးခြင်းများ စတင်ဖြစ်ပွားခဲ့ကာ ယခုအချိန်တွင် ကျောင်းသူကျောင်းသားများသာမက စီဖိုးခီးကျေးရွာ အတွင်းရှိ ကလေးလူကြီးများပါမကျန် နီးစပ်ရာ ကျေးရွာများအထိ ကူးစက်ပြန့်ပွားလျက်ရှိသည်ဟု ရွာခံများ၏ ပြောပြချက်အရ သိရသည်။

စီဖိုးခီးကျောင်းအုပ် စောမူးကပေါ်က “ရွာမှာကော ဒီနားက ရွာတွေမှာပါ ဘာဆေးပေးခန်းမှမရှိဘူး။ အရင်ကတော့ ပါရာစီတ မော့ဆေးပဲ ဝယ်သောက်နေကြတယ်။ အခုတော့ ပါရာလည်း ကုန်ပြီ။ ဘာဆေးမှလည်း မရှိတော့ဘူး။ ကလေးတွေကော လူကြီးတွေကော တနေ့ထက်တနေ့ ပိုပြီး အဖြစ်များလာတယ်။”ဟု ပြောသည်။

လတ်တလော အခြေအနေတွင် စာသင်ကျောင်းကို ပိတ်ထားခြင်း မရှိသော်လည်း ဖျားနာပြီး တုပ်ကွေးဖြစ်ပွားသူ ကလေးများ မှာ ကျောင်းတက်နိုင်ခြင်း မရှိဟုလည်း ဆရာစောမူးကပေါ်က ပြောသည်။ “ကျောင်းတက်နိုင်တဲ့ ကလေးတွေကတော့ တက် နေကြတယ်။ တချို့ကျတော့လည်း ကျောင်းမတက်နိုင်ကြဘူး။”ဟု ဆိုသည်။

တုပ်ကွေးရောဂါ ဖြစ်ပွားနေသူများသည် ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ နာစေးခြင်း၊ လည်ချောင်းနာခြင်း စသည့်လက္ခဏာများ ပြသည်ဟုလည်း ၎င်းက ဆက်ပြောသည်။

စီဖိုးခီးရွာနှင့် အနီးတဝိုက် နယ်မြေများသည် ၂၀၀၉ခုနှစ်က ကေအဲန်ယူ တပ်မဟာ(၇)ကို နအဖနှင့် ဒီကေဘီအေ တပ်ဖွဲ့ဝင် များ ထိုးစစ်ဆင်ချိန်က လှုပ်ရှားခဲ့သည့် ဒေသများဖြစ်ပြီး ယခုအချိန်ထိ ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှု မလုပ် ဆောင်ရသေးပေ။

ယခုဖြစ်ပွားသည့် တုပ်ကွေးမှာ ရာသီအလိုက်ဖြစ်လေ့ရှိသည့် ရောဂါသာဖြစ်ပြီး ရောဂါကူးစက်မှု မများစေရန် ပညာပေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန၏ ဒုတာဝန်ခံ ဆရာစောအဲကလူက ယခုလို ပြော သည်။

Photo-KIC (ပိုင်ကျုံမြို့နယ်အတွင်းရှိ နယ်စပ်ဒေသတစ်နေရာ)

“ဒီရာသီကလည်း မိုးဆက်တိုက်ရွာနေတော့ လူကြီးလူငယ် ဖျားနာကြတာပဲ။ ဒီရောဂါက အသက်အန္တရာယ် ဖြစ်လောက်တဲ့အ ထိ မရှိပါဘူး။ အဲဒီနယ်မြေမှာ

ရှိနေတဲ့ ကျနော်တို့ရဲ့ဆေးမှုးနဲ့ ဆက်သွယ်ပြီး ဆေးဝါးတွေ ပို့ဆောင်ပေးသွားဖို့ ကျနော်တို့ စီစဉ် နေပါတယ်။”ဟု ဆိုသည်။

စီဖိုးခီးရွာ စာသင်ကျောင်းကို ၂၀၀၁ခုနှစ်၊ မေလ ၂၅ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စီဖိုးခီး အပါအဝင် အနီးဝန်းကျင်ရှိ ဝါးမီက လား၊ ဝဲ့ကျော်ကလိုး၊ ပန္နဲပူ၊ ပိုပေ့ါလေး၊ ဝဲ့ပူကလိုးနှင့် ပတာ စသည့်ရွာ ၇ရွာမှ ကျောင်းသူကျောင်းသားပေါင်း ၈၀ကျော် ပညာသင်ကြားနေကြသည်။

နို့ဖိုးဒုက္ခသည်စခန်းတွင် လူဦးရေစာရင်း ကောက်ခံခဲ့
Submitted by admin on Thursday, 8 September 2011--
နို့ဖိုးဒုက္ခသည်စခန်းတွင် လူဦးရေစာရင်း ကောက်ခံခဲ့
စက်တင်ဘာလ ၈ရက်။ စောဖိုးမူး (ကေအိုင်စီ)

ထိုင်း-မြန်မာနယ်စပ်ရှိ နို့ဖိုးဒုက္ခသည်စခန်းတွင် တာ့ခ်ခရိုင် အကြီးအကဲများ၏ ညွှန်ကြားမှုကြောင့် ယခုလ ၂ရက်နေ့က ဒုက္ခ သည် လူဦးရေစာရင်း ကောက်ခံခဲ့သည်ဟု စခန်းတာဝန်ရှိသူများက ပြောသည်။

ထိုသို့ လူဦးရေ ကောက်ခံရာတွင် တာ့ခ်ခရိုင်အကြီးအကဲက စခန်းရှိ ထိုင်းအုပ်ချုပ်ရေးအဖွဲ့မှတဆင့် ညွှန်ကြားမှုကြောင့် စခန်း ရှိ ဒုက္ခသည်များထဲတွင် တတိယနိုင်ငံသွားရောက်မည့်သူများ၊ မြန်မာပြည်ပြန်မည့်သူများ၊ မပြန်မည့်သူများ စသည်ဖြင့် ကောက်ခံခဲ့ခြင်းဖြစ်သည်ဟု နို့ဖိုးစခန်း၏ အတွင်းရေးမှူး စောသူးလေဒို့စိုးက ပြောသည်။

၎င်းက “ပြီးခဲ့တဲ့ သောကြာနေ့က ကောက်ခိုင်းတယ်။ သူတို့(ထိုင်းအာဏာပိုင်)ခိုင်းတဲ့အတိုင်း ကျနော်လိုက်လုပ်တာပဲ။ သူတို့ မှာ ဘာအစီအစဉ်ရှိလဲတော့ ကျနော်တို့လည်း မသိဘူး။ ဒီအစီအစဉ်တွေ အားလုံးဟာ ထိုင်းအာဏာပိုင်အပေါ်မှာပဲ မူတည် တယ်။”ဟု ကေအိုင်စီကို ပြောသည်။

အလားတူ ယခင်လကလည်း တာ့ခ်ခရိုင်ဥက္ကဌ၏ ညွှန်ကြားမှုကြောင့် ဖုတ်ဖရမြို့နယ်ရှိ အုန်းဖျန်ဒုက္ခသည်စခန်းတွင်လည်း ယခုကဲ့သို့ လူဦးရေစာရင်း ကောက်ခံခဲ့သည်။

ယခုလို လူဦးရေစာရင်း ကောက်ခံခြင်းနှင့် ပတ်သက်၍ ဒုက္ခသည်တချို့က တတိယနိုင်ငံသွားရမည်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ကြသလို တချို့ကမူ လူဦးရေစာရင်း ကောက်ခံရသည့် ရည်ရွယ်ချက်အတိအကျ မသိရသောကြောင့် စိုးရိမ်ကြသူများလည်း ရှိ နေကြောင်း ရပ်ကွက်(၇)တွင် နေထိုင်သူတဦးက ပြောသည်။

၎င်းက “တချို့ကတော့ တတိယနိုင်ငံသွားရမယ်ဆိုပြီး ဝမ်းသာကြတာပေ့ါ။ တချို့က ပြန်ပို့ခံရမှာကို စိုးရိမ်ကြတယ်။ ပြီးခဲ့တဲ့လ ကလည်း အုန်းဖျန်စခန်းမှာလည်း လူဦးရေစာရင်းကောက်ခံပေမယ့် ဘာမှထူးခြားမှု မရှိဘူးဆိုတော့ ဘာမှမထူးဘူးလို့ပဲ ကျနော်ထင်တယ်။”ဟု ပြောသည်။

ထိုသို့ လူဦးရေစာရင်း ကောက်ခံခြင်းနှင့် ပတ်သက်၍ ကရင်ဒုက္ခသည်များကော်မတီ (ကေအာရ်စီ)ဥက္ကဌ စောရောဘတ်ထွေး က “ဒါကတော့ လုပ်သင့်လား မလုပ်သင့်လားဆိုတာက ကျနော်တို့ မပြောတတ်ဘူးပေ့ါလေ။ မြန်မာပြည်ပြန်မယ့်ကိစ္စကိုတော့ ငြိမ်းချမ်းမှု မရှိသေးတဲ့အပေါ်မှာ လောလောဆယ် ပြန်လို့မရသေးဘူး။”ဟု ပြောသည်။

ထိုင်းနိုင်ငံ တာ့ခ်ခရိုင် အုန်းဖန်မြို့နယ်ရှိ နို့ဖိုးဒုက္ခသည်စခန်းမှာ ၁၉၉၇ခုနှစ် မတ်လတွင် စတင် ဖြစ်တည်လာခဲ့ခြင်းဖြစ်ပြီး ယခု အချိန်တွင် လူဦးရေ ၁၇,၀၀၀ကျော်ရှိသည်ဟု ကရင်ဒုက္ခသည်များကော်မတီ (KRC)၏ မှတ်တမ်းအရ သိရသည်။

Photo-KIC (နို့ဖိုးဒုက္ခသည်စခန်းမှ ဒုက္ခသည်များ လူဦးရေ စစ်ဆေးခဲ့စဉ်က)

ထိုင်း-မြန်မာနယ်စပ်တွင် လူဦးရေ တစ်သိန်းလေးသောင်းကျော်ရှိသည့် ကရင်ဒုက္ခသည်စခန်း (၇)ခုရှိသော်လည်း ယခုကဲ့သို့ ထိုင်းအာဏာပိုင်များ၏ လူဦးရေကောက်ခံခြင်း အစီအစဉ်ကို တာ့ခ်ခရိုင်အတွင်းရှိ နို့ဖိုးနှင့် အုန်းဖျန်ဒုက္ခသည်စခန်း ၂ခုသာ လုပ်ဆောင်လျှက်ရှိသည်။

အစိုးရတပ် ဂိတ်စခန်း ၃ခုကို DKBA တပြိုင်တည်း ဝင်တိုက်
Submitted by admin on Thursday, 8 September 2011--
အစိုးရတပ် ဂိတ်စခန်း ၃ခုကို DKBA တပြိုင်တည်း ဝင်တိုက်
စက်တင်ဘာလ ၈ရက်။ စောခါးစူး (ကေအိုင်စီ)

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အနီး မြန်မာအစိုးရစစ်တပ်၏ ကားလမ်းဂိတ်စခန်း ၃ခုကို တိုးတက်သောဗုဒ္ဓဘာသာ ကရင်အ မျိုးသားတပ်မတော်-DKBA က ယမန်နေ့ ညနေ ၁နာရီကျော်အချိန်တွင် ပြောက်ကျားစနစ်ဖြင့် တပြိုင်နက်တည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

အစိုးရစစ်တပ် တပ်မ(၁၂)လက်အောက်ခံ ခြေလျင်တပ်ရင်း ခလရ(၃၅၅) အခြေစိုက်လျှက်ရှိသည့် ကော့ကရိတ်မြို့နှင့် တစ်မိုင် ကျော်အကွာရှိ ရန်ကုတ်၊ အောက်ဘိုတဲနှင့် သစ်ခြောက်ပင် အစိုးရဂိတ်စခန်းများကို ကလို့ထူးဘောဌာနချုပ် လက်အောက်ခံ ကလို့ထူးဝါး စစ်ဖျူဟာတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ကလို့ထူးဘောဗျူဟာမှ ဗိုလ်မှူးစောဆန်းအောင်က "ကျနော်တို့ DKBA မရှိတော့ဘူးလို့ အစိုးရ သတင်းစာမှာ ဖော်ပြခဲ့တဲ့အ ပေါ် အစိုးရတပ်တွေကို ကျနော်တို့ ဒီလိုတိုက်ပွဲမျိုး ဆင်လာတာ ဖြစ်ပါတယ်။"ဟု ပြောသည်။

အဆိုပါ တိုက်ပွဲများအတွင်း နှစ်ဦးနှစ်ဘက် ၁နာရီခန့် အပြန်အလှန် တိုက်ခိုက်ခဲ့ကြပြီး DKBA က ၎င်းတို့ဘက်တွင် ထိခိုက်ဒဏ် ရာရမှု မရှိသလို အစိုးရတပ်ဘက်တွင် ထိခိုက်မှု ရှိမရှိကိုမူ မသိရှိရကြောင်း ၎င်းက ဆက်ပြောသည်။

လွန်ခဲ့သည့် ရက်ပိုင်းအတွင်း DKBA ကလို့ထူးဘောစစ်ဗျူဟာကို စနစ်တကျ ပြန်လည်ဖွဲ့စည်းလိုက်ပြီဟု DKBA ဘက်မှ ပြော ဆိုခဲ့ပြီးနောက် ယခုတိုက်ပွဲမှာ ပထမဆုံးအကြိမ် ဖြစ်ပွားသည့် တိုက်ပွဲလည်း ဖြစ်သည်။

ဗိုလ်မှူးကြီးစောကျော်သက် ဦးဆောင်သည့် ကလို့ထူးဝါး စစ်ဗျူဟာ ဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဂိတ်စခန်း ၃ခုမှာ စခန်းတခု လျင် မြန်မာစစ်တပ်အင်အား ၂၀ နှင့် ၃၀ အကြားတွင် ရှိသည်ဟု DKBA က ပြောသည်။

DKBA ကို ပြန်လည်ဖွဲ့ပြီးသည့်နောက် စက်တင်ဘာလ ၆ရက်နေ့က ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူရှိ ကရင်နယ် ခြားစောင့်(BGF) တပ်ဖွဲ့ဝင် ၂၀ကျော်သည် ထိုဒေသတဝိုက် လှုပ်ရှားနေသည့် ဗိုလ်မှူးစောဘိ ဦးစီးသော DKBA တပ်ဖွဲ့များထံ သို့ လာရောက်ပူးပေါင်းခဲ့သည်။
ထိုသို့ လာရောက်ပူးပေါင်းသည့် BGF တပ်ဖွဲ့ဝင်များမှာ ဗိုလ်မှူးစိုးနိုင် ဦးစီးသည့် (၁၀၁၁)တပ်ရင်းနှင့် ဗိုလ်မှူးမောင်ချစ် ဦးစီး သည့် (၁၀၁၄)တပ်ရင်းမှ လက်အောက်ခံ တပ်ဖွဲ့ဝင်များဖြစ်သည်။

ဗိုလ်မှူးကြီးစောကျော်သက် (ယာဘက်)နှင့် သူ၏တပ်မှူး

စက်တင်ဘာလ ၂ရက်နေ့က ဘားအံမြို့အခြေစိုက် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ KSDDP က DKBA ကို အသိအမှတ် မပြုတော့ကြောင်း အစိုးရပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။ ထိုထုတ်ပြန်ချက်ကို DKBA က ငြင်းဆိုခဲ့ပြီး ၎င်း တို့အဖွဲ့ရှိသေးကြောင်း ပြသသည့်အနေဖြင့် BGF နှင့် အစိုးရတပ်အခြေစိုက်ရာ နေရာကို မကြာသေးခင်က ဝင်ရောက်တိုက် ခိုက်ခဲ့ဖူးသည်။

http://www.kicnews.org

၆ ရက်အတွင်း မြန်မာအစိုးရ စစ်သား ၂၅ ဦးကျော် ကျ

Print
Email

Details
Category: သတင်း
Published on Thursday, 08 September 2011 07:00
Written by KNG
Hits: 1364

kia soldier 0908

လိုင်ဇာဌါနချုပ် အနီးတွင် မြင်တွေ့ရသော KIA စစ်သားများ။

၆ ရက်အတွင်း၊ ယခုလ စက်တင်ဘာ ၁ ရက်မှ ၆ ရက်ထိ ကချင်ပြည်နယ်တွင် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA)နှင့် ဖြစ်သော စစ်ပွဲများတွင် မြန်မာအစိုးရ စစ်သား ၂၅ ဦးကျော် ကျဆုံးခဲ့ကြောင်း KIA အရာရှိများ ပြောသည်။

အထူးသဖြင့် ဧရာဝတီမြစ်အရှေ့ပိုင်း စစ်မျက်နှာ အင်မောက် (မိုးမောက်)မြို့နယ်၊ ဒေါ့ဖုန်းယန် မြို့နယ်ခွဲနှင့် ဗိုင်းမော်မြို့နယ်များတွင် အစိုးရစစ်သားများ

ကျဆုံးခဲ့သည်ဟု KIA တပ်မဟာ (၃) အရာရှိတစ်ဦးပြောသည်။

ထို့အပြင် မြန်မာစစ်သား တစ်ဒါဇင် နီးပါးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အထက် KIA အရာရှိမှ ထပ်ဆိုသည်။

KIA ဘက်မှ သေဆုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း အရာရှိများ ပြောသည်။

ဗိုလ်ချုပ်ကြီးဟောင်း သမ္မတဦးသိန်းစိန် ဦးဆောင်သော မြန်မာအစိုးရအဖွဲ့သစက သြဂုတ် ၁၂ ရက် ပထမဆုံး နေပြည်တော် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့စဉ် KIA အား "သောင်းကျန်းသူ အကြမ်းဖက်သမားအဖြစ်" ခေါ်ဆို ရှုတ်ချခဲ့သည်။

ယင်းနောက် နှစ်ဘက်ကိုယ်စားလှယ်များကြား ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနေခြင်း ရပ်တန့်သွားခဲ့သည်။
http://kachinnews.com

စာသင်ခန်းအတွင်း စည်းကမ်းသေဝပ်မှု ရရှိစေရန် စစ်သားဟောင်းများကို ကျောင်းဆရာခန့်အပ်မည်
Thursday, 08 September 2011 10:38 administrator
E-mail Print PDF

စည်းကမ်းသေဝပ်သော ပတ်ဝန်းကျင် ရှိနေစေရန်အတွက် ဗြိတိန်စာသင်ကျောင်းများတွင် လုပ်ပိုင်ခွင့်များကို ပိုမိုရရှိတော့မည်။ ကျောင်းသားများနှင့် ဆက်ဆံရာတွင် ဆရာများအနေဖြင့် ကာယအင်အားကို အသုံးပြုခွင့်ပေးမည်ဟု ဆိုပါသည်။

ကာယအင်အားကို ကျောင်းများတွင် အသုံးပြုခွင့် စည်းကမ်းမှာ စာသင်ခန်းများအတွင်း "လူကြီးများ၏ အခွင့်အာဏာကို ပြည်လည်တည်ဆောက်ရန်" ကြိုးပမ်းမှုဖြစ်သည်ဟူ၏။

ဆိုးသွမ်းကျောင်းသားကို ဘယ်လိုထိန်းသလဲ

ဆိုးသွမ်းကျောင်းသားကို ဘယ်လိုထိန်းသလဲ

ကျောင်းသားများ၏ လက်ကိုင်ဖုန်းများထဲရှိ မက်ဆေ့ချ်စာသားများကို ဆရာများက ဖတ်ရှုခွင့်ရရှိမည်ဖြစ်ပြီး ရုန့်ရင်းသော မက်ဆေ့ချ်များ၊ ဓါတ်ပုံများနှင့် ဗွီဒီယိုတို့ကို ဖျက်ခွင့်လည်းရှိနေသည်။ "သင့်တင့်သော အင်အား" အသုံးပြုခွင့်ကို တရားဥပဒေနှင့် လုပ်ဆောင်နိုင်ရန်လည်း ထားရှိသည်။ ဥပမာအားဖြင့် စည်းကမ်းဖေါက်ဖျက်သော ကျောင်းသားကို စာသင်ခန်းက ထုတ်ပယ်ခြင်းမျိုး။

ကျောင်းပြင်ပတွင်လည်း အပြုအမူ လွဲမှားစွာ ပြုမူလုပ်ဆောင်ကြသော ကျောင်းသားများကို စည်းကမ်းအရ အရေးယူရန် ကျောင်းအုပ်များအား လုပ်ဆောင်ခွင့် ပေးထားသည်။ ဆရာဆရာမများနှင့် ကျောင်းဝန်ထမ်းများ အပေါ်တွင် လွဲမှားစွာ စွပ်စွဲ ပြောဆိုသော ကျောင်းသားများကို ကျောင်းထုတ် ပစ်ခွင့်ကိုလည်း ပေးထားသည်။

ပညာရေး ဝန်ကြီး မိုက်ကယ်ဂို့က ယခု လက်ရှိနည်းပဒေများမှာ ဆရာများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို တားမြစ်ထားကြောင်း ပြောပြခဲ့သည်။

ကလေးများအပေါ်တွင် "အခွင့်အာဏာပိုင်သော ယောကျ်ားဟန်ပန်" ပုံရိပ် ရှိနေစေရန် အမျိုးသား ကျောင်းဆရာများကို ပိုမို လေ့ကျင့် မွေးထုတ်ဖို့ လိုအပ်ကြောင်း ဝန်ကြီး ဂို့က ဆို၏။

အကြောင်းပြချက် မလိုအပ်ဘဲ ဆိုးသွမ်း ကျောင်းသားများကို "ကျောင်းတွင်း ဖမ်းဆီး ထိန်းသိမ်းခွင့်" no-notice detention အကြောင်းလည်း ဝန်ကြီးက တင်ပြထားပြီးဖြစ်သည်။ ပိတ်ပင်ထားသော ပစ္စည်းများ ရှာဖွေခွင့်အတွက်လည်း ဆရာများအား အာဏာပိုမို ပေးအပ်ထားသည်။ စော်ကားသည်ဟု စွပ်စွဲ ပြောဆိုခံရသော ဆရာများကိုလည်း နာမည် မဖေါ်ဘဲ ထားရမည်။

ပညာရေး အတွင်းဝန်က အစိုးရ အနေဖြင့် လာမည့် နွေဦးရာသီတွင် စစ်သားဟောင်းများကို စာသင်ကြားရေး တာဝန်များ ထမ်းဆောင်ကြရန် တိုက်တွန်းသည့် အစီအစဉ်တစ်ရပ်ကိုလည်း စတင်မည်ဟု ဆိုသည်။ "ယောကျ်ား ပုံရိပ်" များ လွှမ်းမိုးနေစေရန်အတွက် အဓိက စီမံချက်လည်းဖြစ်သည်။

တောင်ပိုင်း လန်ဒန်မြို့ရှိ ဒူရန်းအကယ်ဒမီကျောင်းတွင် မိန့်ခွန်းပြောကြားရာဝယ် မျှော်လင့်ချက် နိမ့်နိမ့် ထားရှိသည့် ယဉ်ကျေးမှု စံနှုန်းတို့ကို အရှိန်အဟုန်ဖြင့် ပြုပြင်ပြောင်းလဲရန် အတွက် ဖြစ်ကြောင်း ဂို့က တိုက်တွန်းခဲ့သည်။

"သူတို့လေးတွေ (ကလေးများ) ဟာ ဝိဉာဉ် ပျောက်ဆုံးနေကြပြီ။ ကျနော်တို့ ကျောင်းပညာရေးဟာ ကျဆုံးနေပြီ။ လူသစ်တွေ ရှာဖွေနေကြတဲ့ လူဆိုးဂိုဏ်းတွေ၊

အောက်တန်းစားတွေကြောင့် ဒီလို ဖြစ်ရတာပါ။ ငယ်ရွယ်တဲ့ ပြစ်မှု ကျူးလွန်သူတွေ ထောင်ကျခံရတဲ့အခါ ထောင်တိုက်ခန်းတွေမှာ လူဆိုးဂိုဏ်းတွေနဲ့ တွေ့ကြရတယ်လေ။"

"ကျနော် ရှင်းရှင်းလင်းလင်း ထပ်ပြောမယ်။ မိဘတွေက ဒီလိုမျိုး ထပ်ပြီးတော့  ကြားရတဲ့အခါ - ဆောရီးပါ။ ကျမတို့ ကျောင်းက ဆရာဆရာမများဟာ ကလေးတွေကို လက်ဖျားနဲ့တောင် မထိရဘူး -ဆိုတာမျိုး၊ အဲဒီကျောင်းဟာ အကြီးအကျယ် လွဲမှားနေပြီ ဖြစ်တယ်။ လုံးဝကို ကျောင်းဟာ လွဲနေပြီ။ ကစားနည်း စည်းမျဉ်း ပြောင်းသွားပါပြီ။" ဝန်ကြီး ဂို့က ထပ်လောင်းပြောပြခဲ့သည်။

"စာသင်ကြားနေတာကို အလေးမထားကြတော့ဘူး၊ လူနည်းစုလေး လောက်ကနေ အလုည့်အပြောင်း လုပ်ရုံနဲ့တင် ဒီလို ဖြစ်ရတာ။ အဲဒီ ကျောင်းသား နည်းနည်းပါးပါးကို မှတ်လောက်သားလောက် ပညာပေးရတော့မယ်။ စာသင်ကျောင်းနဲ့ စာသင်ခန်းထဲမှာ ဘယ်သူက ဘော့စ်လဲ။" ဝန်ကြီး ပြောပြခဲ့သည်။

မောကွန်နိုင်ငံတကာ ပညာရေးသတင်း

Source: indo-india news agency/ IANS

Britain prepares to discipline school children

စင်္ကာပူတွင် အမေရိကန် အင်္ဂလိပ်ဘာသာစကား ကို သင်ကြားရန် လီကွမ်ယုတိုက်တွန်း
Thursday, 08 September 2011 08:54 လှရွှေ
E-mail Print PDF

စင်္ကာပူနိုင်ငံအနေဖြင့် အင်္ဂလိပ်စာ သင်ကြားရေးနှင့် ပတ်သက်၍ စိန်ခေါ်မှု တခုမှာ ဗြိတိသျှ အင်္ဂလိပ်စာနှင့် အမေရိကန်သုံး အင်္ဂလိပ်စာတို့တွင် မည်သည့် အင်္ဂလိပ်စာ သင်ကြားရမည်ကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက ပြောဆိုလိုက်သည်။

လက်ရှိတွင် ဗြိတိသျှ အင်္ဂလိပ်စာကို အသုံးပြုနေသော စင်္ကာပူနိုင်ငံသားများအနေဖြင့် အင်္ဂလိပ် ဘာသာ စကားကို ကောင်းမွန်စွာ တတ်မြောက်ရန်နှင့် ကလေးများအား အဆင့်မြင့်မြင့် သင်ကြားနိုင်ရေးအတွက် ကူညီရန် တိုက်တွန်း ပြောဆိုခဲ့ပြီး အမေရိကန် အင်္ဂလိပ်စာ ထိတွေ့မှု ပိုမိုရှိလာမည် ဟုပြောဆိုခဲ့သည်။

တိုမေးဒိုးလား၊ တာမာတိုးလား

တိုမေးဒိုးလား၊ တာမာတိုးလား

"အမေရိကန် မီဒီယာတွေလွှမ်းမိုးမှု ကျနော်တို့ ပြည်သူတွေအပေါ် များလာတယ်၊ ကျောင်းသားနဲ့ ဆရာများအနေဖြင့် အမေရိကန် အသုံးအနှုန်းကို ပိုမိုကြားလာရမယ်၊ အမေရိကန်စကားကို သဘောကျတဲ့သူတွေ အဓိက အင်အားစုဖြစ်လာပြီး သူတို့ရဲ့ စီးပွားရေးအပေါ်မှာလည်း ဩဇာလွှမ်းမိုးမှု" ရှိမည်ဖြစ်ကြောင်း အေးရှားသတင်းဌာနနှင့် တွေ့ဆုံစဉ်ပြောဆိုခဲ့သည်။

"ကျနော်တို့တွေဟာ အမေရိကန် ဘာသာစကားနဲ့ ထိတွေ့မှု ပိုမိုများလာလိမ့်မယ်၊ အဲဒီလို ထိ တွေ့မှုက အမေရိကန် အင်္ဂလိပ်ဘာသာစကားကို လက်ခံလာပြီး ကျောင်းသားတွေကိုလည်း အမေရိကန်စကားကို ပြောဆိုရန် သင်ကြားပေးရမည် ဖြစ်ကြောင်း" ပြောဆိုခဲ့သည်။

စင်ပူနိုင်ငံအတွင်း အဆင့်မြင့် အင်္ဂလိပ်ဘာသာစကား သုံးစွဲရေးနှင့်ပတ်သက်ပြီး အင်္ဂလိပ်ဘာသာ စကားကျွမ်းကျင်မှု အရေးပါပုံကိုလည်း မှတ်ချက်ပေး ပြောဆိုခဲ့သည်။ ကလေးများ အနေဖြင့် မူကြိုမှ စတင်ကာ အင်္ဂလိပ်စကားနှင့် ထိတွေ့မှု ရှိစေရန်လိုအပ်ပြီး ကျွမ်းကျင် လိမ်မာစွာ ပြောဆိုနိုင်သော ဆရာများဖြင့် သင်ကြားရမည်ဖြစ်ပြီး ဆရာများအနေဖြင့် ကလေးများ၏ စံပြ ဖြစ်သင့်ကြောင်းပြောဆိုခဲ့သည်။

"ကျနော်တို့ ကျောင်းတွေကို ဘာသာစကား ကြွယ်ဝတဲ့ ပတ်ဝန်းကျင် ဖြစ်အောင် ပံ့ပိုး ပေးရမယ်၊ ကလေးများ အနေဖြင့် စာဖတ်တဲ့ အကျင့်စရိုက် ပြုစုပျိုးထောင်ရေးနဲ့ စာအုပ်ကောင်းတွေကို ဖတ်ပြီး ပျော်ရွှင်နိုင်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးရမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ စင်္ကာပူ၏ပညာရေး စနစ်တွင် အင်္ဂလိပ်စာ အခြေခံ အုတ်မြစ်ကို ချထားပြီးဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာစကားကို ပြောဆိုသည့်အတွက် စင်္ကာပူ၏ စီးပွားရေး ကို အထောက်အကူ ပြုခဲ့ကြောင်း ထောက်ပြခဲ့သည်။

စင်္ကာပူသမ္မတနိုင်ငံ အနေဖြင့် အင်္ဂလိပ်ဘာသာ စကားအား ရုံးသုံး ဘာသာစကားအဖြစ် မရွေးချယ်ခဲ့ပါက နိုင်ငံအနေဖြင့် ခေတ်နောက်ကျ ကျန်ခဲ့မှာဖြစ်ကြောင်း၊ အင်္ဂလိပ် ဘာသာစကား၏ အရေးပါမှုကို ပြောဆိုခဲ့သည်။ အင်္ဂလိပ်ဘာသာစကားကို ရုံးသုံးစကားအဖြစ် ရွေးချယ်ခဲ့သည့် အတွက် လူမျိုးကွဲများ အနေဖြင့် နေ့စဉ်ဘဝ ဆက်ဆံမှု အဆင်ပြေ ချောမွေ့ စေပြီး၊ မိခင်ဘာသာ စကားကိုလည်း သင်ကြားရန် ခွင့်ပြုထားကြောင်း ပြောဆိုခဲ့သည်။ အရှေ့တောင် အာရှတွင် အင်္ဂလိပ်ဘာသာစကားကို ရုံးသုံး ဘာသာအဖြစ် ပြဋ္ဌာန်းထားသော တခုတည်းသော နိုင်ငံဖြစ်ကြောင်းလည်း ထည့်သွင်း ပြောဆိုခဲ့သည်။

အင်္ဂလိပ်ဘာသာစကားကို အသုံးပြုသည့်အတွက် လူငယ်များ အနေဖြင့် ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံတွင် အခွင့်အလမ်းကောင်းများကို ရရှိစေပြီး၊ ကုန်သွယ်ရေးနှင့် စီးပွား ရေးရာကိစ္စများတွင် အင်္ဂလိပ်ဘာသာ စကားဖြင့်ပြောဆိုပြီး၊ မလေး၊ တမီးလ်၊ တရုတ်စကား များကိုလည်း ဒုတိယ ဘာသာစကား အဖြစ်ပြောဆိုသည်။ စင်္ကာပူနိုင်ငံသည် အင်္ဂလိပ် ဘာသာစကားကို ရုံးသုံးဘာသာစကား အဖြစ်ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံခြား တိုင်းပြည် များမှခေတ် ပညာတတ်များကို ဆွဲဆောင်မှု ရှိစေကာ အလုပ်အကိုင်နှင့် နေထိုင်ရေးတို့တွင် လွယ်ကူ ချောမွေ့စေသည်။

"ယနေ့ကမ္ဘာကြီးကထူးချွန်တဲ့ ကျွမ်းကျင်လုပ်သားတွေကို အပြိုင်ရှာဖွေနေကြတယ်၊ အထူး သဖြင့် အင်္ဂလိပ်လိုပြောနိုင်တဲ့ မန်နေဂျာ၊ ကျွမ်းကျင်တဲ့ စီမံခန့်ခွဲရေး လုပ်သားတွေကို စင်္ကာပူ နိုင်ငံအနေဖြင့် ဆွဲဆောင်နိုင်တာတခုက အင်္ဂလိပ်ဘာသာစကားကို သုံးတဲ့ အတွက်ဖြစ်ပါ တယ်" ဟုပြောဆိုခဲ့သည်။

စင်္ကာပူနိုင်ငံသည် အာရှလူငယ်များအတွက် ပညာဆည်းပူးသည့် နေရာအဖြစ် ရေပန်းစား လျက်ရှိပြီး၊ အာရှနိုင်ငံများမှ လူငယ်များ ပညာ သင်ကြားလျက် ရှိသည့်အတွက် စင်္ကာပူ ကျွန်းနိုင်ငံသည်လည်း အသက်ဝင် လှုပ်ရှားလျက်ရှိကြောင်း ဝန်ကြီးချုပ်ဟောင်း လီကွန်ယုမှ ပြောဆိုခဲ့သည်။

လှရွှေ

မောက္ခနိုင်ငံတကာပညာရေးသတင်း

Source: Singapore scene

http://www.maukkha.org/

## စစ်ထောက်လှမ်းရေးဟောင်းများ ထောင်မှပြန်လွှတ်

Thursday, 08 September 2011 17:13 သျှမ်းသံတော်ဆင့်

မန္တလေးနှင့်လားရှိုးအကျဉ်းထောင်များတွင် လာဘ်စား မှုဖြင့် ပစ်ဒဏ်ကျခံနေရသော ယခင် ဗိုလ်ချုပ်ခင်ညွန့် ဦးဆောင် သည့်စစ်ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း များကိုလွှန်ခဲ့သည့်လကုန်ပိုင်း က ထောင်များမှ ပန်ြလွှတ်ပေးခဲ့ကောငြ်း ၎င်းစစ် ထောက်လှမ်းရေးနှင့် နီးစပ်သူတစ်ဦးက သျှမ်းသံ တော်ဆင့်သို့ ပေြာသည်။

ဗိုလခုပခညေနု

ယခင် လားရှိုးမိ့ြုအခြေစိုက် အမှတ် ၂ စစ်ထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကီြး သက်တင်စိန် ၊ ဒုတပ် ရင်းမှူး မင်းစံကညြ် ၊ အမှတ် ၉ တပ်ဖွဲ့မှ ရင်းမှူး ဒုဗိုလ်မှူးကီြး ထိုက်ရွှေမောင် ၊ ကွတ်ခိုင်တပ်ဖွဲ့မှူး ဆန်းနိုင်ထွန်းတို့ ၅ ဦးသည် မန္တလေးထောင်မှ လွတ်လာပီြး သိန္နီတပ်ဆွယ်မှူး တပ်ကပြ်ကီြး စိုင်းအောင်မင်ြ ၊ တန့်ယန်းဆွယ်မှူး တပ်ကပြ်ကီြး ဝင်းနိုင်နှင့် လားရှိုး ဆွယ်မှူး တပ်ကပြ်ကီြး ခင်မောင်ကီြးတို့ ၃ ဦးသည် လားရှိုးထောင် မှ လွတ်လာကောငြ်း သိရသည်။

၂၀၀၄ ခုနှစ်အတွင်း စစ်ထောက်လှမ်းရေးအဖွဲ့ကို ဖျက်သိမ်းခံရစဉ်က ၎င်းတို့အား  လာဘ်စားမှုဖင်ြ ထောင်ဒဏ် ၇ နှစ်စီချမှတ်ခဲ့ခငြ်းဖစြ်ပီြး ယခုထောင်ထွက်လာချိန်တွင် အနီးကပ်စောင့်ကည်ြခံနေရကောငြ်း အဆိုပါနီးစပ်သူက ဆိုသည်။

## ကျိုင်းတုံ တွေ့ဆုံဆွေးနွေးပွဲ အလားအလာ ကောင်း ဟု မိုင်းလားတပ်ဖွဲ့ မျှော်လင့်

Thursday, 08 September 2011 17:02 မွေခေါ်ဝ်

အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်ပေါင်းစု သျှမ်းပြည်အရှေ့ပိုင်း NDAA - ESS မိုင်းလား တပ်ဖွဲ့ ကိုယ်စားလှယ် များနှင့်ပြည်တွင်းငြိမ်းချမ်း ရေး ဖော်ဆောင်ရေး ကော်မတီ ဉက္ကဋ္ဌတို့ ကျိုင်းတုံ ၌တွေ့ဆုံ ဆွေးနွေးရာ အစိုးရဖက်မှ နှစ်ဖက်ပစ်ခတ် မှုမရှိစေရေး အပါအဝင် အချက် ၅ ချက် ညှိနှိုင်းခဲ့ ကောငြ်း သိရှိရပါသည်။

“ဦးသိန်းဇော်က မိုင်းလားတပ်ဖွဲ့ကို အချက် ၅ ချက် နဲ့ပြောဆိုဆွေးနွေးတယ်။ မိုင်းလားဘက်ကတော့ သူတို့ ထိန်းချုပ် နယ်မြေမှာ လာပြီးလှုပ်ရှားနေတဲ့ အစိုးရစစ်တပ်တွေ ပြန်ပြီးဆုတ်ခွာဖို့ အဲဒီတချက်ဘဲ တောင်းဆို တယ်” ဟု ကျိုင်းတုံ အာဏာပိုင်နှင့် နီးစပ်သူတစ်ဦးက ပြောပါသည်။

ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဥက္ကဋ္ဌ ဦးသိန်းဇော်မှ မိုင်းလားတပ်ဖွဲ့ထံ ညှိနှိုင်း ဆွေးနွေးသည့် အချက်၅ ချက်မှာ-

၁. နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုမရှိရန်။
၂. နှစ်ဖက်ဆက်ဆံရေးရုံးများ နဂိုမူလအတိုင်း ပြန်လည်ဖွင့်လှစ်ရန်။
၃. မိမိနယ်မြေအား နဂိုအတိုင်း ဆက်လက်ထိန်းချုပ်သွားရန်။
၄. အစိုးရဖက်မှ မိုင်းလားနယ်မြေထဲသို့ ဝင်ရောက်သည်ဖြစ်စေ၊ မိုင်းလားဖက်မှ အစိုးရနယ်မြေထဲသို့ ဝင်ရောက် သည်ဖြစ်စေ လက်နက်ယူဆောင်လာပါက ကြိုတင်အကြောင်းကြားရန်။
၅. နှစ်ဖက်စလုံး ဆက်ဆံရေးကော်မတီများ အမြန်ဆုံးဖွဲ့စည်းထူထောင်ရန် - တို့ဖြစ်သည်။

ယမန်နေ့ စက်တင်ဘာ ၅ ရက် နံနက် ၉:၀၀ မှ ၁၁:၃၀ နာရီထိ ကျိုင်းတုံဟော်တယ်၌ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်ခိုင်ဖြိုးပါတီ အထွေထွေ အတွင်းရေးမှူး ဦးအောင်သောင်း ခေါင်းဆောင်သော အစိုးရသစ်ကိုယ်စားလှယ်အဖွဲ့နှင့် မိုင်းလားတပ်ဖွဲ့မှ ဒုဥက္ကဋ္ဌ စဝ်ဆန်းပေ၊ အတွင်းရေးမှူး စဝ်ဆိုင်လား၊ စဝ်ဆိုင်ခမ်းနော်၊ စဝ်ခမ်းမော်တို့နှင့်အတူ စစ်သည် ၁၀ ယောက်ကျော် ပါဝင်သည့် ကိုယ်စားလှယ်တို့ တွေ့ဆုံနွေးဆွေးခဲ့ကြသည်ဟုဆို၏။

လွန်ခဲ့သည့် သဂြုတ်စ် ၂၈ ရက် အစိုးရသစ်မှ မိုင်းလားတပ်ဖွဲ့ NDAA တပ်မဟာ ၃၆၉ ဌာနချုပ်ရှိရာ ဆီလူးသို့ ငြိမ်းချမ်းရေးကမ်းလှမ်းစာ ပေးပို့ခဲ့သည့်အတွက် ယခုကဲ့သို့ ကျိုင်းတုံမြို့၌ တွေ့ဆုံရခြင်းဖြစ်သည်။

“ဦးသိန်းဇော်က ဒီအချက် ၅ ချက်ကို ချက်ချင်းအကောင်အထည်ဖော်ဖို့၊ နှစ်ဖက်သဘောထားမတိုက်ဆိုင်တာ မရှင်းလင်း တာတွေကို ကော်မတီဖွဲ့ပြီးမှ ကဏ္ဍအလိုက် တဆင့်ပြီးတဆင့် ဆွေးနွေးသွားမယ်လို့ပြောတယ်။ မိုင်းလားဖက်ကတော့ ဌာနချုပ်နဲ့ပြန်ပြီး ဆွေးနွေးအုံးမယ်လို့ ပြောတယ်” ဟု ၎င်းကဆက်လက်ပြောပါသည်။

မြန်မာအစိုးရတပ်များ မိုင်းလားနယ်မြေအတွင်းမှ ဆုတ်ခွာပေးရန် မိုင်းလားတပ်ဖွဲ့၏ တောင်းဆိုချက်ကိုမူ ဦးသိန်းဇော် က နေပြည်တော်သို့ တင်ပြမည်ဖြစ်ကြောင်း ဖေကြားသည်ဟုဆို၏။

“ကျနော်တို့ဖက်ကတော့ လက်ခံပါတယ်။ သူတို့ပြောတဲ့အချက်တွေကလဲ ကောင်းတဲ့လက္ခဏာတွေချည်းမို့ ဘာမှမငြင်းပါ ဘူး။ ရှေးဆက်အလားအလာကောင်းမဲ့ပုံဘဲ။ ကျိုင်းတုံ-မိုင်းလားကားလမ်းကို ပြန်ဖွင့်လှစ် အသုံးပြုခွင့်ရှိလာနိုင်သလို အစိုးရ ဝန်ထမ်းတွေလဲ မိုင်းလားကိုပြန်လာမဲ့ပုံဘဲ” ဟု မိုင်းလားအရာရှိများနှင့် နီးစပ်သည့် ပုဂ္ဂိုလ်တစ်ဦးက ပြောပါသည်။

ဦးသိန်းဇော် ပြောဆိုဆွေးနွေးသွားသည့် အချက် ၅ ချက်နှင့် ပတ်သက်၍ မိုင်းလားတပ်ဖွဲ့က ယနေ့ အစည်း အဝေးတစ်ရပ် ပြုလုပ်နေကြောင်း သိရှိရပါသည်။

မိုင်းလားတပ်ဖွဲ့သည် ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်နှင့် အထူးရင်းနှီးသည့် မဟာမိတ်ဖြစ်ပြီး နယ်ခြားစောင့် တပ် အသွင်ပြောင်းရန် စစ်အစိုးရက ၂၀၀၉ နှစ်ဦးမှ စတင်အကောင်အထည်ဖော်လာသည့် နောက်ပိုင်း စစ်ရေးအရ နှစ်ဖက်အထူးတင်းမာခဲ့၏။ ၂၀၁၀ စက်တင်ဘာ ၁ ရက် နောက်ဆုံးအသွင်ပြောင်းရန်(လက်နက်ချရန်) စစ်အုပ်စုရာဇသံ ပေးပြီးနောက်ပိုင်း နိုင်ငံရေးအရ ယခုတွေ့ဆုံဆွေးနွေးမှုသည် ပထမဆုံး အကြိမ်ဖြစ်သည်။

## ဝ တပ်ဖွဲ့ နှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖေါ်ဆောင်ရေး ကော်မတီဥက္ကဌတို့ ကျိုင်းတုံ၌ တွေ့ဆုံ

Wednesday, 07 September 2011 18:51 သျှမ်းသံတော်ဆင့်

ယနေ့ မနက်ပိုင်း၌ ဝ ပြည်သွေးစည်းညီညွတ်ရေး ကော်မတီ ကိုယ်စားလှယ်နှင့် မြန်မာအစိုးရသစ်၏ တိုင်းရင်း သား အရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖေါ်ဆောင် ရေးကော်မတီဥက္ကဌ အဖွဲ့တို့ သျှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံမြို့၌တွေ့ဆုံကြောင်းသိရှိရပါ သည်။

“ကျနော်တို့လူက မနေ့က မိုင်းလားမှာအိပ်တယ်။ ဒီနေ့ ဦးသိန်းဇော် နဲ့ အောင်သောင်းတို့ အဖွဲ့ကို ကျိုင်းတုံ မှာ တွေ့တယ်” - ဟု ဝ အရာရှိကြီးတဦးက သျှမ်းသံတော်ဆင့် သို့ ပြောပြပါသည်။

စက်တင်ဘာ ၇ ရက်နေ့ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP ကိုယ်စားလှယ် ဦးပေါက်ယိုလျှံ (ဝ ဥက္ကဌ ပေါက်ယိုချန်၏ ညီအရင်း)၊ ပြည်ပဆက်ရေးဌာနကြီးမှူး ကျောက်ကော်အန်း၊ ဗဟိုရုံးအုပ် လီကျူးလျဲ့ ခေါ် ဦးအောင်မငြိမ်း တို့က မြန်မာအစိုးရသစ်ကိုယ်စားလှယ် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖေါ်ဆောင် ရေး ကော်မတီဥက္ကဌ ဦးသိန်းဇော်၊ ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းအရေးမှူး ဦးအောင်သောင်း တို့ကျိုင်းတုံ ၌ တွေ့ဆုံဆွေးနွေးကြသည်ဟု ဆို၏။

“ငြိမ်းချမ်းရေးဆွေးနွေးဖို့ အစိုးရ ကနေ စာတစောင် ကမ်းလှမ်းလာတယ်လေ။ အဲဒါကြောင့် အဲဒီကိစ္စနဲ့ပတ်သက် ပြီး ကျိုင်းတုံမှာ သွားတွေ့ကတြာ။ အသေးစိတ်တော့မသိရသေးဘူး။ ဒီည မိုင်းလားကို လာအိပ် မယ်။ မနက်ဖြန်မှ ကျနော်တို့ကိုယ်စားလှယ်တွေ ပန်ဆန်းကို ပြန်ရောက်မယ်”

ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရသစ်က သျှမ်းပြည်အစိုးရ မိုင်းယန်းမြို့နယ်အုပ်ချုပ်ရေးမှူးမှ တဆင့်မိုင်းပေါက် အခေါစြိုက် တပ်မဟာ ၄၆၈ ထံ ဩဂုတ်စ် ၂၈ ရက်နေ့က စာတစောင်ကမ်းလှမ်းခဲ့ပါသည်။

ကျိုင်းတုံ၌ အစိုးရ ကိုယ်စားလှယ်နှင့်ငြိမ်းချမ်းရေးဆွေးနွေးနေစဉ် ဝ ပြည်နယ်မြို့တော် ပန်ဆန်း၌ အနယ်နယ် အရပ်ရပ်မှလာသည့် ဝလူထု ထောင်ဂဏန်းက ဝ ရိုးရာကောက်သစ်စားပွဲကျင်းပနေကြောင်း လည်း သိရပါသည်။

http://www.mongloi.org/burmese/news/